

မြန်မာ့လွတ်လပ်ရေးဗိသုကာ

# ဗိုလ်ချုပ်အောင်ဆန်း

[နှစ် ၁၀၀ ပြည့်အထိမ်းအမှတ်စုစည်းမှု]



# ပြည်သူတို့၏ လွတ်လပ်ရေး

- ဗိုလ်ချုပ်အောင်ဆန်းက
စိတ်ကူးယဉ်သမားမဟုတ်
Political Scientist
'နိုင်ငံရေးသိပ္ပံပညာရှင်'

- မြန်မာပြည်၏လွတ်လပ်ရေးကို
နိုင်ငံရေးသိပ္ပံအမြင်များဖြင့်
တည်ဆောက်သွားခဲ့သည့်
မြန်မာပြည်၏ လွတ်လပ်ရေးဗိသုကာ

- ငြိမ်းချမ်းရေးဆိုတာကလည်း
စိတ်ကူးယဉ်သည့် အလုပ်မဟုတ်
တစ်ဦးက တစ်ဦးကို
အနိုင်ရယူလိုခြင်းလည်းမဟုတ်

- သင်္ချာပုစ္ဆာတစ်ပုဒ်ကို
အဖြေထုတ်ကြရတာလို
ပြဿနာတစ်ခုကို
အဖြေရကြဖို့
အားထုတ်ကြရခြင်းသာ

- အကြွင်းမှာ သုညဖြစ်၍

ရလဒ်မှာ အောင်ပွဲသာဖြစ်ရမည့်

ငှင်းမှာ

တစ်ပြည်လုံး၏

စည်းလုံးညီညွတ်ရေးလည်းဖြစ်၍

ငှင်းမှာ

ဗိုလ်ချုပ်အောင်ဆန်းဖြစ်ချင်သည့်

ပြည်သူတို့၏ လွတ်လပ်ရေးလည်းဖြစ်သည်။ ။

မောင်ဒီ

***



ငါတို့ ဗိုလ်ချုပ် ဘာလုပ်ရမယ်ပြောလဲ

အစိမ်းရောင်ကြက်တူရွေးက မိန့်ခွန်းချွေတယ်

အသွင်ပြောင်း ယဉ်ကျေးချင်ယောင်ဆောင်

လမ်းဘေးခွေးလေခွေးလွင့် ကန်ထုတ်ခံရသလို

အသည်းပေါက်အထိနာ ရိုင်းစိုင်းခဲ့

ရိုင်းတယ် ငါတို့ဟာ လူရိုင်း

ချိုးဖြူရှင်အုံသားစားပြီး

ငြိမ်းချမ်းရေးစကားပြောတယ်

လူနဲ့လူချင်း နှိပ်စက်ခြင်းကင်းရမယ်ဆိုပြီး

ဓါး ဓါးချင်း လှံ လှံချင်း စိန်ခေါ်တယ်

စိန်ခေါ်မှုကိုကြောက်တဲ့စိတ်ကြောင့် မျိုးဆက်သေခဲ့ရတယ်

စစ်တပ်က ငါတို့ကိုပစ်သတ်ရမယ့် ကြေးစားလား

နေပြည်တော်ကြီးတည်ဆောက်

အဖတ်ဆယ်မရ သဲထဲရေသွန်

ကုန်ကုန်ပြောရရင်

လိင်အလုပ်သမတဲ့

ရွာကကောင်မတွေ ခမ်းနားသွားပုံ (ဖာနိုင်ငံ)

(လူရိုင်းကား ကြမ်း၏ ခက်ထန်၏

သို့သော် ဖြူဖြောင့်၏ တည်ကြည်၏ လွတ်လပ်၏

ကျန်းမာ၏ သန်စွမ်း၏

လွတ်လပ်စွာ ခေါင်းဆောင်နေနိုင်မည်ဆိုလျှင်

မလွတ်လပ်သော လူယဉ်ကျေးများထက်

ကျွန်တော် အဆတစ်ရာ ကြိုက်သည် နှစ်သက်သည်)

ငါတို့ခန္ဓာကိုယ်ထဲ

ဗိုလ်ချုပ်အောင်ဆန်းသွေးက

လည်ပတ်စီးဆင်း စကားပြောတယ်

ပါးစပ်က ကျယ်လောင်စွာအော်နေရုံနဲ့ ဒီပွဲမပြီးဘူး

အနီးဆုံးရန်သူရှာတိုက်ကြ

တော်လှန်ရေး မိတ္တူကူးကြ

လူအုပ်ကြီး တရွေ့ရွေ့။ ။

ကောက်နွယ်ကနောင်

***


လမ်း။ ။

***



# စိတ်ခြယ်ပန်းများဖြင့်

၁၉၄၇
အတွင်းဝန်ရုံးများထဲက
သူရဲဘောကြောင်လှတဲ့
တော်မီဂန်းစက်သေနတ်သံတွေအောက်မှာ
သူ အသက်ပျောက်ခဲ့ရပြီ။

ရန်သူရဲ့အဖမ်းကို ဘယ်တော့မှမခံဘူးဆိုတဲ့
သူ့ရဲ့နည်းဗျူဟာ
အနုနည်းနဲ့မရရင်
အကြမ်းနည်းနဲ့ချမယ်ဆိုတဲ့
သူ့ရဲ့မဟာဗျူဟာ
နယ်ချဲ့တိုက်ပွဲ
ဖက်ဆစ်တိုက်ပွဲ
အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲ
တိုက်ပွဲစဉ်တစ်လျှောက်
ရဲဝံ့ပြောင်မြောက်စွာ ဖြတ်သန်းလာတဲ့သူဟာ
ပန်းတိုင်ရောက်ခါနီးမှ
သွေးထက်မိုက်တဲ့ တိရစ္ဆာန်တွေရဲ့လက်ချက်နဲ့
အသက်စွန့်ခဲ့ရပေပြီ။

အသက်ငယ်ငယ်နဲ့
သူ ကျဆုံးခဲ့ရတာ

တိုင်းပြည်အတွက်
ကံမကောင်း အကြောင်းမလှမှုတစ်ခုပေပဲလား။

မြင့်မြတ်တဲ့ 'ဗိုလ်အောင်ဆန်း' ရယ်
ဟောသည် မိုးကောင်းကင်အခုံးကြီးအောက်မှာ
သင့်အမည်နာမဟာ
အမြဲစီးဆင်းနေရစ်မယ့် ဧရာဝတီဖြစ်ပါတယ်။

သင့်အမည်နာမဟာ
အမိမြေဆီလွှာကတောင်
သရဖူဆောင်းပေးထားရတဲ့
ရိုးမလည်းဖြစ်ပါတယ်။

သင့်ရဲ့
မြင့်မြတ်တဲ့ဝိညာဉ်ဟာ
ဧရာဝတီလို အမြဲထာဝရစီးဆင်းပြီး
ရိုးမလို အမြဲထာဝရရပ်တည်နေမှာပဲဖြစ်ပါတယ်။

'ဂန္ဒီကြီး'
'အန်ကယ်ဟို'
'ဒေါက်တာရီဇော်'
'မော်'

အာရှတိုက်ရဲ့အကျော်အမော်များနည်းတူ
ကျွန်တော်တို့တိုင်းပြည်ရဲ့ အမှောင်တွင်းထဲက
'အောင်ဆန်း' ဆိုတဲ့ အလင်းရောင်ထွန်းလင်းခဲ့လို့
ကျွန်တော်အရမ်းဂုဏ်ယူမိပါတယ်။

ငါ့တိုင်းပြည်ကိုပြန်ပေး
ငါ့သယံဇာတကိုပြန်ပေး
ငါ့လေထုကိုပြန်ပေး
ငါ့ကလေးတွေကိုပြန်ပေး
ငါ့အိပ်မက်တွေကိုပြန်ပေး
သူ့ရဲ့ကြွေးကြော်သံဟာ
ယူနီယံဂျက်အလံကိုဖောက်ထွင်း
နေဝန်းနီအလံကိုဆွဲဖြဲပြီး
နွေဦးကွင်းပြင်ထဲကထွက်လာရဲ့။

၁၉ ဇူလိုင်တဲ့
အားလုံးထိုင်ပြီး ငိုကြွေးခဲ့ရပြီ။
ဆောင်းမနက်ခင်းစောစောမှာ
ဝေဆာလန်းဆန်းနေသော စိန်ခြယ်ပန်းများဖြင့်
သင့်အမည်နာမအား
ကျွန်ုပ်ရှိခိုးပူဇော်ပါတယ်။

မကြောက်တရားရဲ့သင်္ကေတ
သင့်အမည်နာမအား

စိန်ခြယ်ပန်းများဖြင့်
ကျွန်ုပ်ရှိခိုးပူဇော်ပါတယ်။
အများသူငါကောင်းစားရေးအတွက်
ကိုယ်ကျိုးမငဲ့ကွက်ခဲ့သော
သင့်အမည်နာမအား
စိန်ခြယ်ပန်းများဖြင့်
ကျွန်ုပ်ရှိခိုးပူဇော်ပါတယ်။

လူသားဟုခေါ်ဆိုရန်ပင်မထိုက်တန်
သင့်ရဲ့ကောင်းမြတ်မှုပြည့်လျှံနေသော
အမည်နာမအတွက်
စိန်ခြယ်ပန်းများဖြင့်
ကျွန်ုပ်ရှိခိုးပူဇော်ပါတယ်။

အမိနိုင်ငံတော်ရဲ့
သံခြေချင်းကိုရိုက်ဖြုတ်ပေးခဲ့သော
သင့်အမည်နာမအား
စိန်ခြယ်ပန်းများဖြင့်
ကျွန်ုပ်ရှိခိုးပူဇော်ပါတယ်။

လင်းယုန်ငှက်တွေဝဲနေတဲ့
ဟောသည်ဆောင်းလမ်းမှာ
ဗိုလ်အောင်ဆန်းတဲ့
စိန်ခြယ်ပန်းများဖြင့်

ကျွန်ုပ်ရှိခိုးပူဇော်လိုက်ပါရဲ့။ ။

မိုဃ်းဇော်



***



# လက်ဆောင်

သို့

ဗမာပြည်

မင်းအတွက်

ငါ့အသက်နဲ့ ဝယ်ထားတဲ့လွတ်လပ်ရေး

လက်ဆောင်ပေးလိုက်သည်။

အဲဒီနေ့ကစ

ငါတို့ပြက္ခဒိန်မှာ

သွေးနာမည်နဲ့ ပန်းတစ်ပွင့်

ရဲရဲတောက်ပွင့်နေပါတော့သည်။ ။

ကိုရွှေး

***

# လမ်းတွေ



လမ်းတွေ

တစ်ဆစ်ပြီးတစ်ဆစ်ချိုးတဲ့
တစ်ဆစ်ချိုးလမ်းတွေ။

ဒီလမ်းမှာ သူ့ကို ဒီနာမည်နဲ့တွေ့တယ်
ဟိုလမ်းရောက်တော့ ဟိုလူ့နာမည်နဲ့
ဒီလမ်းက တော်တော်ဖြောင့်တယ်
ဟိုလမ်းက ပိုပြီးဖြောင့်တယ်
အသေအပျောက်လည်း ပိုများတယ်။

တချို့လမ်းများ ပျောက်နေဆဲ
ကမ္ဘာကြီးစကတည်းက
ကမ္ဘာကြီးပျောက်ကွယ်သွားမှ
ရလာမယ့်အခွင့်အရေးတွေလို
လမ်းတွေလည်းရှိသေးတယ်
လူတွေလည်းရှိသေးတယ်
ဟိုလူလည်းရောက်လာပြန်တယ်။

လမ်းတစ်လမ်းဟာ
တောင်တစ်တောင်ကို ဖောက်ဝင်နေချိန်မှာ
လမ်းတစ်လမ်းဟာ
လူအုပ်ကြီးပေါ် ဖြတ်လျှောက်နေတယ်။

လမ်းပေါ်မှာ
တချို့ လမ်းညွှန်ဆိုင်းဘုတ်တွေ မီးပုံရှို့သွားတယ်

တချို့ သတိပေးတားမြစ်ချက်တွေ ထပ်ရေးသွားတယ်
တချို့ လမ်းတွေ လမ်းတွေလို့ အော်ခေါ်သွားကြတယ်
တချို့ စက်ဝိုင်းထဲ လှည့်ပတ်ပြေးနေပုံရရဲ့။ ။

မိုးဝေး

***

## အာဇာနည်မျိုး သေရိုးမရှိ



ဗိုလ်ချုပ်ဆိုတာ

ပိုက်ဆံလုပ်တဲ့စက်ထဲကထွက်လာတဲ့

တစ်ကျပ်တန်အစိမ်းတစ်ရွက်မဟုတ်ဘူး။

မြင်းပေါ်မှာ ခံ့ညားစွာထိုင်နေတဲ့ ရဲစွမ်းသတ္တိ

မြန်မာ့သမိုင်းရဲ့မော်ကွန်း

ဗမာပြည်ကျောင်းသားသမဂ္ဂကပွင့်တဲ့တော်ဝင်ပန်း

နိုင်ငံတကာခေါင်းဆောင်တွေ

ခေါင်းထောင်ကြည့်ရတဲ့ဥဒေါင်းမာန်

ရဲရင့်ပြတ်သားတဲ့ဉာဏ်ပညာရှင်

ရောဝတီလိုကျေးဇူးကြီးမားတဲ့ ကိုအောင်ဆန်း

ပဉ္စမနိုင်ငံတော်ကို တည်ထောင်ခဲ့သူဖြစ်တယ်။

အာရှတိုက်ရဲ့သူရဲကောင်းတို့အမြနတ

အာဇာနည်တို့ရှေ့ဆောင်

သူဟာ တပ်မတော်ကိုမွေးဖွားခဲ့

သူဟာ ဒီမိုကရေစီကိုမျိုးစေ့ချခဲ့သူ။

သူဟာ ကိုအောင်ဆန်းမျိုးဆက်အဖြစ်

ဒေါ်အောင်ဆန်းစုကြည်ကို မွေးဖွားပေးခဲ့သူ။

စိတ်ထားမြတ်သူ ရိုးသားသူ ဗိုလ်ချုပ်ဟာ

တဲ့တိုးအိုးပေါက် ပြောတတ်တဲ့အရိုင်း

အဲဒီအရိုင်းကပဲ

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက်

ဖယ်ဒရယ်မူတွေချ

ပင်လုံညီလာခံနဲ့ စည်းရုံးပေါင်းစည်းနိုင်ခဲ့သူပေါ့။

လွတ်လပ်လမ်းကို ဆင်းရဲကြမ်းတမ်းစွာဒုက္ခခံရင်း

ဒီမိုကရေစီဆိုတဲ့စကား

ပထမဦးဆုံးပြောခဲ့တဲ့ တို့ဗိုလ်ချုပ်

လွှတ်တော်ထဲဝင်တာတောင်

ယူနီဖောင်းချွတ်ပြီး ဦးအောင်ဆန်းနဲ့ဝင်ခဲ့တဲ့တို့ဗိုလ်ချုပ်

သူဌေးသားဘဝက ဆင်းရဲစွာတိုက်ပွဲဝင်ခဲ့တာ

သူကျဆုံးတော့ ကျန်ရှိတဲ့ပစ္စည်း

လက်ငါးချောင်းပင်မပြည့်

မျိုးဆက်တစ်ခုလုံး ကျွန်ဖြစ်မခံချင်တဲ့ဆန္ဒ

နိုင်ငံရေးကို နိုင်ငံရေးလိုကြိုးပမ်းလုပ်ဆောင်ရင်း

နပိုလျံယ်ရွယ်စဉ်မှာပဲ မိန့်ခွန်းတွေသွေးစွန်းခဲ့ပါတယ်။

အာဇာနည်မျိုးသေရိုးမရှိခဲ့ပါ

ဦးဖာ ဒေါ်စုသား နတ်မောက်ဖွားကိုအောင်ဆန်းဟာ

မြန်မာပြည်အတွက် ဗိုလ်မင်းရောင်သွေးလက်ဆင့်ကမ်းခဲ့တယ်

ပြီးတော့

သူ့သွေးမျိုးဆက်အနှစ်တီစုကို လက်ဆင့်ကမ်းခဲ့တယ်

ဒီမိုကရေစီလမ်းမှာ

ခွပ်ဒေါင်းပျိုအိုသည်ထိ တိုက်ယူမယ့်အမှန်တရား

ဗိုလ်ချုပ်ဆန္ဒနဲ့ကြယ်

အမေစုနာမည်နဲ့ မြန်မာပြည်မှာပွင့်ပေးခဲ့တယ်။

၁၉၄၇ ပြောင်းကြွတမလွန်

လူသေပေမဲ့ နာမည်မသေသေးတဲ့ တို့ဗိုလ်ချုပ်

ဖေဖော်ဝါရီ ၁၃၊ ၁၉၁၅ နတ်မောက်ဖွားဆိုတဲ့

သူ့စတင်ခြင်းကနေ နောက်ဆုံးထွက်သက်အထိသတိရကြတယ်

သူဟာ လူသေပေမဲ့ နာမည်မသေ ။

အာဏာရှင်တွေ ဘယ်လိုဖိနှိပ် ဖိနှိပ်

အာဏာရှင်တွေ ဘယ်လိုအဆက်ဖြတ် အဆက်ဖြတ်

အာဏာရှင်တွေ ဘယ်လိုဖုံးကွယ် ဖုံးကွယ်

ရိုးသားဖြောင့်မတ်မှုက ဂုဏ်သတင်းထိန်လင်းဆဲ

သူဟာလူတကာနဲ့မတူအောင် ထူးချွန်တဲ့သူရဲကောင်းပါ။

ဆွမ်းဆန်ထဲကကြွက်ချေးတွေကို ဖယ်လိုက်ရင်

ဗိုလ်ချုပ်ရဲ့သွေး ရှေ့ဆောင်ပေးတဲ့ဒီမိုကရေစီလမ်း

လူထုဆန္ဒနဲ့ အခွင့်အရေးတွေအတွက်

စိတ်ကြည် ကိုယ်ကြည်

ရဲရဲပွင့်တဲ့ နှင်းဆီနီက

လူထုအသံ ခွပ်ဒေါင်းအလံဖြင့်

ပြည့်တော်ဝင်ခဲ့ပြီ

မိုလ်ချုပ်လမ်းစဉ် ပီပြင်ကြည့်ရပါစေသား။ ။

တိုးနှောင်မိုး

***




သူ့ကိုမြင်တာနဲ့ မိုလ်ချုပ်ကို

သတိရတယ်။ ။

မောင်ဇီလာ

***




ကဗျာတစ်ပုဒ်လိုစကားလုံးတွေက

သူ့အတွေးထဲတရွရွခုန်တက်နေခဲ့

သူ့စိတ်ကူးထဲတလွန့်လွန့်ပွက်ထနေခဲ့

ဘာနဲ့မှမြှုဆွယ်မရဘူး လွတ်လပ်ရေး

လွတ်လပ်ရေး ဒါပဲတွေးတယ်

သူ့အိပ်မက်ကပြည်သူ ပြည်သူကသူ့အိပ်မက်

ပန်းတိုင်မရောက်ခင် တက်ထောင်သူကိုမုန်းတယ်

ဒီလိုပဲ

'' အမေ မဟုတ်တာတွေပြောရော့မယ်

ဟုတ်တာပြောမှဥစ္စာပေါတယ် လိမ်ပြောတာမကောင်းဘူး'' ဆိုခဲ့သူ

ရှင်သန်စွာစွပ်ကြောင်းတစ်လျှောက်

နိုင်ငံရေး၊ စာပေနဲ့ ချာဂျင်ဖြည့် ဗိုအားမြှင့်ခဲ့

သူ့အမြဲတောင့်တခဲ့ မောင်းနှင်လိုခဲ့တာက

စာရေးဆရာဘဝနဲ့ စိမ်းမြဗိုလ်တွေး

ဟောဒီမှော်ဆရာရဲ့လမ်းရိုးကလေးအတိုင်း

စိုက်ပျိုးရေးကမ်းခြေအရောက်မှာ

သူ့လှေကလေးကျောက်ချခိုနားမယ်။

ဒီလောက်ပါပဲ။ ။

ရွှေဒါးမောင်လေးရည်

***



ခင်ဗျားတို့ ဒီအခွင့်အရေးတွေရတော့မယ် ယူကြမလား

ခင်ဗျားတို့ အကျင့်ဆိုးတွေ၊ အကျင့်ဟောင်းတွေ၊ စောက်ကျင့်တွေကို ပြင်ဖို့လိုပြီ

ခင်ဗျားတို့လည်ပင်း ခင်ဗျားတို့ကြိုးတပ်ချင်ရင်ဖြင့်

ခင်ဗျားတို့ လက်နက်အားကိုး မလုပ်စေချင်ဘူး

ခင်ဗျားတို့ စဉ်းစားကြည့်ပါ အချောင်သမားတွေ၊ စားဖားကြီးတွေ၊ သာရာစီးတွေ

ခင်ဗျားတို့က သာပြောကြပါ တိုင်းပြည်ကိုလိမ်ညာနေတဲ့လူတွေ၊ အကျင့်ပျက်တွေ

ခင်ဗျားတို့ မကျေနပ်ဘူးဆိုလဲ ခင်ဗျားတို့ကိုယ်တိုင်ပိုသိလာမှာပဲ

ခင်ဗျားတို့လည်း နေပူပူမှာ သိပ်ကြာကြာနေနိုင်မှာမဟုတ်ဘူး

ခင်ဗျားတို့သိမှာပဲ ဝန်ကြီးဆိုတဲ့ဂုဏ်ဟာ

လူထုခေါင်းဆောင်ဆိုတဲ့ခြေဖျားကပ်နေတဲ့မြေမှုန့်

ခင်ဗျားတို့ ဒီလောက်ဆိုးနေတဲ့လူတွေကို

ဘာလို့ဒီလောက်ကြာကြာထားသလဲဆို

ခင်ဗျားတို့ ရိပ်မိအောင်တည့်တည့်ပြောမယ် ငုံးကလေးများလို

တစ်နေ့အမြီးပေါက်နီးနီးနဲ့

ခင်ဗျားတို့က သိပ်ပြီးစည်းစိမ်ရှိမယ်ထင်တယ် ခင်ဗျားတို့ထက်မိုက်တာမရှိဘူး

ခင်ဗျားတို့ကို တိုင်းသူပြည်သားတွေကရွေးမယ်ဆိုလည်း

ခင်ဗျားတို့ကို စေတနာပါသည်ဖြစ်စေ မပါသည်ဖြစ်စေ

တိုင်းပြည်သစ္စာဖောက်တွေပဲ

ခင်ဗျားတို့ တင်လိုက်တဲ့စစ်ကဲတွေပဲ ခင်ဗျားတို့ထိုက်ခင်ဗျားတို့ကံပဲ

ခင်ဗျားတို့ပေါ်မူတည်တယ် ခင်ဗျားတို့ကျွန်သက်ရှည်မှာပဲ

ခင်ဗျားတို့ ခေတ်ကြီးတစ်ခေတ် လုံးလုံးလျားလျားပြောင်းနေတာမသိဘူး

ခင်ဗျားတို့ လူထုဘဝနဲ့မနေခဲ့လို့ လူထုအမြင်ကိုမမြင်နိုင်ဘူး

ခင်ဗျားတို့ကိုမေးမယ် ပြည်ပျက်၊အိုးပျက်၊ အိမ်ပျက်၊
စာရိတ္တပျက်သထက်ပျက်အောင်

လုပ်ခြင်းအားဖြင့်

ခင်ဗျားတို့ကြည့်ပါ ဘယ်လိုလူစားလဲဆိုတာ ခင်ဗျားတို့သိပြီးနောက်

ခင်ဗျားတို့ ဆဲချင်လည်းဆဲနိုင်တယ် ဖော်လံဖား

ခင်ဗျားတို့ကိုမေးချင်တယ် တိုင်းပြည်လူထုကိုတော်လှန်တာပဲ

ခင်ဗျားတို့ အုပ်စိုးတဲ့လူတွေအတွက်
နှိပ်ကွပ်အုပ်ချုပ်ပါဆိုတဲ့အချက်သာဖြစ်နေတယ်

ခင်ဗျားတို့ စိတ်ကူးထဲမှာစပ်ပြီး မာတိကာစဉ်ကြည့်ပါ

ခင်ဗျားတို့ ရာဇဝင်မှာ အရေးခံရမယ့် လူစားမျိုးတွေလား

ခင်ဗျားတို့ ရာဇဝင်မှာ အဆဲခံရမယ့် လူစားမျိုးတွေလား

ခင်ဗျားတို့ကိုယ်တိုင်သိလိမ့်မယ် ခင်ဗျားတို့စိတ်ထဲမှာ

ခင်ဗျားတို့ အခွင့်အရေးတွေပိုရတာလည်းရှိမယ်

ခင်ဗျားတို့ ဟိုလူ့မြင်တဲ့အခါမျက်နှာချိုသွေးရ၊ ဒီလူ့မြင်တဲ့အခါမျက်နှာချိုသွေးရနဲ့

ခင်ဗျားတို့ ဖာသည်လိုနိုင်ငံမျိုးဖြစ်နေမှာပဲ

ခင်ဗျားတို့ တွေ့မှာပဲ မိအေးနှစ်ခါနာဖြစ်တဲ့ ဗမာနိုင်ငံလိုနိုင်ငံမရှိသေးဘူး

ခင်ဗျားတို့ ကျပ်တယ် ကျပ်တယ် ဘာအံ့သြစရာရှိလဲ

ခင်ဗျားတို့က မုံးပေါလအောာစားနေတုန်းပဲ

ခင်ဗျားတို့ မဖြစ်ဘူးဆိုတာ တစ်ထစ်ချရဲရဲကြီးပြောရဲတယ်

ခင်ဗျားတို့အပေါ်သစ္စာရှိရှိ ခင်ဗျားတို့အတွက် ခင်ဗျားတို့ကိုယ်တိုင် မြင်တယ်မဟုတ်လား

ခင်ဗျားတို့ကို အကျယ်ချဲ့ပြီး ရှည်ရှည်မပြောချင်ဘူး

ခင်ဗျားတို့ရင်ထဲမှာ သူ့နာမည်ဟာ နှစ်ပေါင်းတစ်ရာ၊ တစ်ထောင်၊တစ်သောင်း

ခင်ဗျားတို့ အသည်းပေါင်းများစွာထဲက ပြည်သူလူထုရဲ့မမေ့နိုင်တဲ့

သခင်အောင်ဆန်း

ဗိုလ်ချုပ်အောင်ဆန်း

ဒါပဲ။ ။

နေပန်ဦး

***



ကြည်

ပဲပြုတ်နှင့်နံပြားရရင်စားချင်တယ်

ရရင်တဲ့

တင်စီး အမိန့်ပေး ငါဆိုမှငါဆိုတဲ့အသံ

တစ်ခုမှမပါ

အမျိုးသားခေါင်းဆောင်တစ်ယောက်ရဲ့

ငြိုးငြံ့ မြင့်မြတ် သန့်စင် ကိုယ်ချင်းစာတရား

အပြင်ကို ပျံထွက်သွားတဲ့အခါ

ငြိမ်းချမ်းရေး စည်းလုံးညီညွတ်ရေး တောင်ပံတွေတဖျပ်ဖျပ်

အတွင်းစိတ်ရဲ့

ပကတိအလှတရား

စကားတွေပြောကြားသွားခဲ့တာ မြင်ခဲ့ပေါ့။ ။

မောင်ကြည်သာ (တောင်တွင်း)

***




အဲဒီလူ စစ်ဝန်ကြီး

သူ့စစ်သားတွေကို သူ့သားတွေလိုချစ်တယ်

သူ့အိမ်မှာ ခုတင်မရှိ

အိပ်ရာခင်းမရှိ

စောင် ခြင်ထောင်မရှိ

ခေါင်းအုံးမရှိ

အမြင်မတော်သူတွေက ရှာဖွေပေးရသတဲ့

ပထမဦးဆုံး

လူပျိုကာကွယ်ရေးဦးစီးချုပ်။

သူ့ဖူးစာက

ဆေးရုံတက်မှပဲ အလင်းကူးတယ်

ပါရမီဖြည့်ဖက်အတွက်လည်း

သူရဲကောင်းဆန်ခဲ့သူ။

နောက်ကျောကို ဓားနဲ့ထိုးမယ့်လူကိုတောင်

ဦးစောက လူကောင်းပါပြောခဲ့နိုင်တာ

အံ့သြစရာ

ငါ့ဘေးမှာ သေနတ်တွဲလောင်းနဲ့ ရပ်မနေနဲ့ထွန်းလှ

သူ့သတ္တိက မိုးကိုဒူးနဲ့တိုက်မယ့် အသွေးပဲ။

ဦးဘချိုတို့ရဲ့

ချစ်လှစွာသော " ငမိုး "လေ

သူ့သမီးခမည်းပေးဖို့

ရွှေတိုရွှေစလေးတောင် မရှိရှာခဲ့ဘူး။ ။

အောင်မှူးဝေ

***



'အောင်ဆန်း ' ...... .. . ဆိုတဲ့

စကားလုံးတစ်လုံးပဲ ပေးပါ။

ဒါဆို ... . ငါ

'မြန်မာ' ကိုအမိပွဲါယ်ဖွင့်ဆိုလို့ရပြီ။ ။

မောင်ဝင်းဝ

***




ဗိုလ်ချုပ်ရှိလား

ဗိုလ်ချုပ်ရှိပါတယ်

သူ ပုဆိုးလဲတုန်းမို့ပါ။

ဗိုလ်ချုပ်ရှိလား

ဗိုလ်ချုပ်ရှိပါတယ်

သူ တိုက်ပုံအင်္ကျီလဲဝတ်နေတုန်းမို့ပါ။

ဗိုလ်ချုပ်ရှိလား

ဗိုလ်ချုပ်ရှိပါတယ်

သူ မောင့်ကျက်သရေခေါင်းပေါင်းဆောင်းနေတုန်းမို့ပါ။

ဗိုလ်ချုပ်ရှိလား

လက်မှတ်ထိုးပေးဖို့ကိစ္စလား

ဗိုလ်ချုပ်ရှိပါတယ်။

ဗိုလ်ချုပ်ရှိလား

ကုမ္ပဏီရဲ့လုပ်ပိုင်ခွင့်အတွက် အာမခံချက်လား

ဗိုလ်ချုပ်ရှိပါတယ်။

သူ့ကိုယ်သူသမိုင်းတင်ဖို့

စကျင်ကျောက်ပြားပေါ်မှာတောင်

သူ့နာမည်ရေးထိုးပြီးသွားပြီ

ဗိုလ်ချုပ်ရှိပါတယ်။

ဗိုလ်ချုပ်ရှိလား

သူ ဂေါက်ကွင်းဘက်ခဏသွားတယ်

မကြာခင် ပြန်လာပါလိမ့်မယ်။

ဗိုလ်ချုပ်ရှိလား

အလုပ်ပြုနေနဲ့ အလိုဆန္ဒ

စာလုံးပေါင်းမှားသွားလို့ဆိုလား

အဲဒီကိစ္စသွားရှင်းတယ်

မကြာခင် ပြန်လာမှာပါ။

ဟာ

ခင်ဗျား ဘာတွေပြောနေတာတုန်း

ကျုပ်တို့ရဲ့ဗိုလ်ချုပ်လိုဗိုလ်ချုပ်

တပ်မတော်ရဲ့ဖခင် သခင်အောင်ဆန်းစိတ်ဓါတ်နဲ့ဗိုလ်ချုပ်

အမှန်တရားနဲ့ ရိုးသားမှုကိုကိုးကွယ်တဲ့ဗိုလ်ချုပ်

" အို ယောက်ျား ဇာနည်ဘွား"

ပြည်သူ့အတွက်ပြည်သူ့ဘက်ကရပ်တည်မယ့်ဗိုလ်ချုပ်

မရှိတော့ဘူးလား ။ ။

ရာမို

***




အနေရိုးပြီး

အပြောပြတ်ခဲ့တဲ့

အညာသားလူငယ်တစ်ယောက်။

ခြောက်တိုင်းလည်းမကြောက်

မြှောက်တိုင်းလည်းမမြောက်ခဲ့တဲ့

အညာသားလူငယ်တစ်ယောက်။

ရရင်ရ မရရင်ချလို့

ပြောင် ကြွေးကြော်ခဲ့တဲ့

အညာသားလူငယ်တစ်ယောက်။

မကွေးတိုင်း နတ်မောက်မြို့မှာ

ဦးဖာ ဒေါ်စုက မွေးထုတ်ပေးလိုက်တဲ့

အညာသားလူငယ်တစ်ယောက်။

ရေနံချောင်းမြို့မှာ

ခုံဖိနပ်စီးပြီး ကျောင်းတက်ခဲ့တဲ့

အညာသားလူငယ်တစ်ယောက်။

ကျောင်းသားသမဂ္ဂဖွဲ့ဖို့အတွက်

ဆရာတော်ရှင်ဥက္ကဋ္ဌနဲ့ တွေ့ဆုံခဲ့တဲ့

အညာသားလူငယ်တစ်ယောက်။

ထမင်းဖိုးမရှင်းနိုင်လို့

ဆိုင်ရှင်ကို ပါးတစ်ဖက်ထိုးအပ်ခဲ့ဖူးတဲ့

အညာသားလူငယ်တစ်ယောက်။

ပဲပြုတ်နဲ့နံပြားစားဖို့အရေး

မိန်းမရှိရာဆီစာရေးမှာခဲ့ဖူးတဲ့

အညာသားလူငယ်တစ်ယောက်။

ကိုယ်ရေးကိုယ်တာကိစ္စအတွက်

ဌာနပိုင်ကားကိုမသုံးဘဲ ခြေလျင်လမ်းလျှောက်ခဲ့ဖူးတဲ့

အညာသားလူငယ်တစ်ယောက်။

ဂျပန်ပြည်မှာ ရဲဘော်သုံးကျိပ်ဖွဲ့ပြီး

စစ်ပညာသင်ယူခဲ့တဲ့

အညာသားလူငယ်တစ်ယောက်။

ယိုးဒယားမှာ ရဲဘော်သုံးကျိပ်တို့လက်မောင်းသွေးဖောက်ပြီး

မြန်မာပြည်ပြန်ရောက်လာတဲ့

အညာသားလူငယ်တစ်ယောက်။

အင်္ဂလိပ်အခက် ဗမာ့အချက်မှာ

အခွင့်အရေးတစ်ခုကို မိမိရရအသုံးချခဲ့တဲ့

အညာသားလူငယ်တစ်ယောက်။

မြန်မာပြည်ဘုရင်ခံချုပ် ဆာဒေါ်မန်စမစ်နဲ့

အင်္ဂလိပ်လို့မှတ်နေအောင် အပြန်အလှန်ပြောဆိုခဲ့တဲ့

အညာသားလူငယ်တစ်ယောက်။

အင်္ဂလန်သွားဖို့အရေး အိန္ဒိယမှာ နေရှုးပေးလိုက်တဲ့

ကုတ်အင်္ကျီကိုဝတ်ခဲ့ဖူးတဲ့

အညာသားလူငယ်တစ်ယောက်။

လန်ဒန်မှာ အောင်ဆန်း-အက်တလီစာချုပ် ချုပ်ဆိုခဲ့တဲ့

အညာသားလူငယ်တစ်ယောက်။

ရှမ်းပြည်ဒေသ ပင်လုံညီလာခံမှာ

တိုင်းရင်းသားတွေစည်းလုံးညီညွတ်ဖို့ မိန့်ခွန်းပြောခဲ့တဲ့

အညာသားလူငယ်တစ်ယောက်။

ပြည်သူချစ်ပြီး ကမ္ဘာကလေးစားရတဲ့

ခေါင်းဆောင်တစ်ယောက်ကိုမွေးထုတ်ပေးခဲ့တဲ့

အညာသားလူငယ်တစ်ယောက်။

တပ်မတော်ဟာ တပ်မတော်အတွက်မဖြစ်ရဘူး

ပြည်သူ့အတွက်ပဲဖြစ်ရမယ်လို့ ချမှတ်ခဲ့တဲ့

အညာသားလူငယ်တစ်ယောက်။

မိမိရဲဘော်တစ်ယောက်ကို မိမိအိမ်ရဲ့ တောက်တိုမယ်ရတွေကို

စေခိုင်းခြင်းမပြုခဲ့တဲ့

အညာသားလူငယ်တစ်ယောက်။

စည်းကမ်းရှိတဲ့ ဒီမိုကရေစီစနစ်ကို

စည်းကမ်းရှိအောင် လမ်းညွှန်ပေးခဲ့တဲ့

အညာသားလူငယ်တစ်ယောက်။

နယ်တကာလှည့်ပြီး

မိန့်ခွန်းချွေခဲ့တဲ့

အညာသားလူငယ်တစ်ယောက်။

လွတ်လပ်ရေးအတွက် အသက်ပေးဖို့

နည်းနည်းလေးမှ အလျှော့မပေးခဲ့တဲ့

အညာသားလူငယ်တစ်ယောက်။

မွေးနေ့ ၁၃ ရက်အတွက် ကျည် ၁၃ တောင့်ကို

တမလွန်ဆီ အရယူသွားခဲ့တဲ့

အညာသားလူငယ်တစ်ယောက်။

အားရင်အားသလို မအားရင်မအားသလို

ကဗျာတွေ စာတွေ ရေးဖွဲ့ခဲ့တဲ့

အညာသားလူငယ်တစ်ယောက်။

အို ဖခင်

ထိုအရာအားလုံးအတွက်

ကျွန်ုပ်တို့ရင်ဝယ် ဦးညွှတ်လိုက်ပါတယ်။ ။

တပ်ဦးလ

***




တစ်နေ့

အဘွားက သူမသေခင်

သားသမီးတွေကို အမွေခွဲပေးခဲ့မလို့တဲ့။

ကျွန်တော့်အမေရယ်

အမေ့ရဲ့ ညီအစ်ကိုမောင်နှမတွေရယ် ညီမတွေရယ်

အဘွားအိမ်မှာ စုရုံးစုရုံးနဲ့။

သားသမီးတွေ ငယ်စဉ်ကြီးလိုက်

အခွင့်အရေးပေးပြီး အဘွားကမေးတော့တာပဲ။

'ဘယ်သူက ဘာယူမှာလဲ'

'ဘယ်ဝှာက ဘာယူမှာလဲ'

'အလတ်က ဘာ'

'အကြီးက ဘာ' စသည်ဖြင့်ပေါ့

ကျွန်တော့်အမေအလှည့်ရောက်တော့

"သမီးမှာ ပြည့်ပြည့်စုံစုံရှိနေတာပဲ

အမေ့ရဲ့ရှင်သန်မှုကလွဲပြီး ဘာကိုမက်မောရမှာလဲ " လို့

ကျွန်တော့်အမေက ငြင်းတော့

ကျွန်တော်က ပြာပြာသလဲဝင်ပြောလိုက်တယ်။

"ကျွန်တော့်အမေ မယူချင်ပေမဲ့

ကျွန်တော့်အမေရမယ့်အမွေကို ကျွန်တော်ယူမယ်အဘွား" လို့။

ထိုစကားကိုကြားတော့

ကျွန်တော့်အမေက ပါးစပ်အဟောင်းသား

ကျွန်တော့်အဒေါ်တွေက မျက်မှောင်ကြုတ်

ကျွန်တော့်ဦးလေးတွေက အံ့ကြိတ်လို့

ကျွန်တော်နဲ့ ညီအစ်ကိုဝမ်းကွဲတော်သူတွေကတော့

မျက်စိမျက်နှာပျက်လို့

သူ့တို့စိတ်ထဲမှာတော့။

အဘွားက အခြေအနေကိုရိပ်စားမိတော့

ကဲ ကဲ ငါ့မြေးလိုချင်တာပြောလို့ဆိုတော့

ကျွန်တော်က

အဘွားအိမ်ခေါင်းရင်းက နံရံပေါ်လက်ညှိုးထိုးပြလိုက်တယ်

အဘိုးလက်ထက်ကတည်းက ချိတ်ဆွဲထားခဲ့တဲ့

ဗိုလ်ချုပ်အောင်ဆန်းရဲ့ဓါတ်ပုံ။ ။

ပိုင်သစ်နွယ်

***




နွေရဲရဲ

ငှတွေလို တွဲရရွှဲနဲ့.

နုထွေးဥကလေး မဖြုံ့ခဲ့ပုံ။

တဖြုတ်ဖြုတ်

သူ့ရဲ့ကောင်းပုံပြင်တွေ

ရုတ်ခြည်းအားအင်စုစည်း

လွမ်းဆွတ်တသ သတ္တိရှိခြင်း။ ။

ခက်သီ

***




ဗိုလ်ချုပ်အောင်ဆန်းဟာ
သွေးအိုင်ထဲက ပြန်ထလာတယ်။

ဒီလိုမှန်းသိ
ဒီလွတ်လပ်ရေးအကြောင်း ငါမတွေးခဲ့ပါဘူး
ဘိုကေကိုကျကျနနဖြီး အိုင်စီအက်စ်လေဟုန်မှာစီးနေခဲ့မှာပေါ့။

ဒီလိုမှန်းသိ
ငါ ဟိုင်နန်ကျွန်းမှာ ဒုက္ခရစရိယာသွားမကျင့်ခဲ့ပါဘူး
ဘန်ကောက်လုံချည်တရွှမ်းရွှမ်း ပိုးအင်္ကျီတိုက်ပုံအလွမ်းစားနဲ့
ငါ ကောင်မလေးတွေရှေ့ လေကလေးချွန် ဖြတ်လျှောက်နေမှာပေါ့။

ဒီလိုမှန်းသိ
ဒီလိုမှန်းမသိတာတွေ စုစည်းခေါင်းစဉ်တပ်
ဒန်တေရဲ့
ငရဲခန်း ကမ္ဘာကျော်ကဗျာရှည်ကြီးတစ်ပုဒ်
စောင့်ရေးခဲ့မှာပေါ့လို့ ရင်ထုမနာပြောရင်း။

ကျုပ်ပြောခဲ့သားပဲ
အာဏာနိုင်ငံရေးနဲ့ကျုပ် မဖြစ်ပါဘူးလို့
ကျုပ်အခု ဒီအရပ်မှာလက်ပိုက်ပြီးရယ်နေရပြီ၊ ကျုပ်ပြောခဲ့တဲ့အတိုင်း။

ကျုပ်ပြောခဲ့သားပဲ
''ပြနေအောင်လုပ်ခါမှ တော်ကာကျမယ်''
ဒီထက်မှန်တဲ့ ဟောစတမ်းတွေ ဖူးလား
''ဖာသည်နိုင်ငံကြီး ဖြစ်သွားမယ်''
ဒီထက်မှန်တဲ့ ဗျာဒိတ်ရှိဦးမလား
ဒီနှစ်သင်္ကြန်မှာရော
သိကြားမင်း ဘာကိုင်ဆင်းလာမလဲ ကျုပ်ပြောမယ်
''ကျည့်ဆန်နဲ့ မီးတောက်'' ဒါကလွဲပြီး ဘာရှိဦးမှာလဲ

ကျုပ်ပြောခဲ့တာပဲ
ဒါကြောင့် ကျုပ်ကိုတချို့က ဘုရားလို့တောင်ထင်ခဲ့ကြသေး။

ပထမတော့
အဲဒီဓါးပေါ်တင်ခဲ့တဲ့ ကျုပ်လက်ဟာ
ဂျပန်စစ်သေနာပတိကြီး ဗိုလ်မှူးကြီးဆူဇူကီးအတွက်ပဲ
ခုတော့ ဒီဓါးဟာ
အေဗရာဟင်လင်ကွန်းရဲ့ ပုဆိန်ဖျားမှာ
ဇန်ပိုင်းယားတွေ သွေးတွေဖြာဆင်းသွားသလို
ဒီဓါးဟာ
ကျုပ်နဲ့ ကျုပ်တိုင်းပြည်ကို မျှဉ်းမျှဉ်းသတ်နေတဲ့ ဒင်းတို့အတွက်ဖြစ်တော့မယ်။

ငါ့မျက်နှာကိုလည်း အိုးမည်းသုတ်ခဲ့တယ်
အိမ်ကြက်ချင်းကိုလည်း အိုးမည်းသုတ်ခွပ်ခိုင်းခဲ့တယ်
မှောင်နေတဲ့ တိုင်းပြည်ကိုတော့
ကန်းသွားအောင် တစ်ခါတည်း
ခါးကသေနတ်ဆွဲထုတ် တည့်တည့်ပစ်ချလိုက်တော့တယ်။

ဒုတ်ခနဲ ဒုတ်ခနဲ ဒက္ခကျည်ဆန်တွေ ပစ်သွင်းနေတဲ့အသံ
ငါ့ဆီပျံ့သန်းလာနေတယ် ငါကြားတယ် ဟော့ ငါကြားနေရတယ်
မြို့ကြီးတွေမီးလောင် ယမ်းငွေ့တွေဖုံးလွှမ်း လူသေတွေပြာကျ
ငါတွေ့တွေ့နေရတယ် ငါ့သားတို့
အိမ်ထောင်စုဇယားထိပ်က အဖေ့နာမည်ကိုဖြုတ်ရဲခဲ့တဲ့ သူတို့
အဖေမပေါ်ဘဲ မွေးခဲ့သူတွေလို့ အထင်ခံခဲ့ရတာကို ဂုဏ်ယူတဲ့အထိရဲရင့်ခဲ့သူတို့။

ဟော့ ငါ့ကိုရုပ်ရှင်ရိုက်ရင်
အင်္ဂလိပ်ခေတ်နဲ့ မစနဲ့
ဂျပန်ခေတ်နဲ့ မစနဲ့
၈၈၈၈ အရေးတော်ပုံကျောင်းသားကိုအောင်ဆန်းခေတ်နဲ့ပြန်စ

ခုမှ ပြည်သူ့လွတ်လပ်ရေးက စမှာဆိုတော့။

အရှေ့ဘက်တံခါးတွေကိုဖွင့်ပေါက်
တောဝက်တွေ ဝင်ဝင်လာနေတာ ငါတွေ့တယ်၊ အစွယ်တဖွေးဖွေးနဲ့။
အနောက်ဘက်တံခါးတွေကိုဖွင့်ပေါက်
မြေပြိုမြေမျိုသံတွေ တဝုန်းဝုန်း တဖြုန်းဖြုန်း ငါကြားနေရတယ်

ငိုသံယိုသံတွေ တဖွားဖွားနဲ့။
ဒီမှာဟော့ကောင်တွေ
လူထုကိုစည်းရုံးဖို့ နယ်ချဲ့ကိုမောင်းထုတ်ဖို့ တော်လှန်းရေးကိုအသက်သွင်းဖို့
နေပူပူ ရေဆူဆူ လေထူထူမှာ
စက်ဘီးမစီးရဲ လှေမစီးရဲပေမဲ့ ငါဟာရဲရဲတောက်
နယ်တကာလှည့်ပြီး တရားဟောခဲ့တယ်
"နယ်တကာလှည့်ပြီး ငါ ပါးမရိုက်ခဲ့ဘူး"
ငါ့စကားတွေ ရိုင်းချင်ရိုင်းမယ်
ငါ့အမူအရာတွေ ရိုင်းချင်ရိုင်းမယ်
ငါပြောတာတွေကတော့ အမှန်တွေချည်းပဲ
ယုံရင်လိုက်ခဲ့
"ဗမာတစ်ကျပ်ဆို ကရင်လည်းတစ်ကျပ်ပဲ"
အဲဒါကို ငါ နှလုံးသားနဲ့ ခေါ်ခဲ့တယ်
"ဘယ်တော့မှ Bullet နဲ့ မခေါ်ခဲ့ဘူး"
ကိုယ့်မြေကိုယ့်ရေမှာ ကိုယ်သာအရှင် ကိုယ်သခင်ပဲ
ရော့ ဒီကထွက်တဲ့ စိန်နားကပ်ကြီး မင်းပန်
ရော့ ဒီကထွက်တဲ့ ပတ္တမြားလက်စွပ်ကြီး မင်းဝတ်
ရော့ ဒီကထွက်တဲ့ ရွှေဆွဲကြိုးကြီး မင်းဆွဲ
ဒီဧရာဝတီမြစ်ကြီးရဲ့ တငြိမ့်ငြိမ့်အပေါ် စိတ်ချမ်းသာကိုယ်ချမ်းသာရွက်လွှင့်
တစ်ယောက်ကိုတစ်ယောက် ဖူးဖူးမှုတ်
ကော့နေ လှနေ မွှေးနေတဲ့ ဒီကောက်ညှင်းဆန်ထမင်းကို မြိန်ရေယှက်ရေ အတူတူစား
"ထမင်းတစ်နပ်လျှော့စားဖို့
အိပ်မက်ထဲမှာတောင် ယောင်လို့ ငါ ဘယ်တော့မှမပြောခဲ့ဘူး"

ဒီတော်လှန်ရေးအတွက် ငါ့မှာ ဘာတံဆိပ်မှ မရှိခဲ့/ မရခဲ့ဘူး
ဒီလွတ်လပ်ရေးအတွက်
ငါ့မှာ မြေတစ်ကွက် တိုက်တစ်လုံး ကားတစ်စီး
ဘာကိုယ်ရံတော် တပ်စိပ်တစ်စိပ်မှမရှိဘူး
နှင်းတောထဲမှာ ချမ်းနေသူ ငါ့ပြည်သူအတွက်
ငါ့အင်္ကျီနဲ့ နွေးပါစေ ငါ ချွတ်ပေးခဲ့။

မင်းတို့သိပါတယ်
ဒီအင်္ကျီထူထူကြီးကတော့
အမြင့်မတော်လို့ နေရူးကြီး ငါ့ကိုပေးထားခဲ့တာလေ။
ငါ ပြောမိသေးတယ်
လွတ်လပ်ရေးရပြီးရင် ခေါင်းရှောင်လို့မရ ခေါင်းဆောင်လေးများဆက်ဖြစ်ခဲ့ရင်
နတ်မောက်က အမေအိုကြီးကို
ဆင်းရဲသားတွေရဲ့အကြွေးကို လျှော်ပစ်လိုက် ရှိတဲ့လယ်တွေဝေငှပေးပစ်လိုက်
အမယ်အိုကြီး မကြိုက်လည်း ငါက ဂရုမစိုက်ဘူးလို့
''ဒီအတွက် ငါ့မှာ ဗိုက်ကိုလှန်ပြဖို့ရာ သူရဲကောင်းတို့ရဲ့မှတ်တမ်းမှတ်ရာ
ဒဏ်ရာများမရှိ''
(ကျည်ဆန် ၁၃ တောင့်နဲ့ မသေဘဲ ငါ ရှင်ခဲ့ရင်ပေါ့)



၁၉၄၈ လွတ်လပ်ရေးကို
၁၉၄၇ သူ့သွေးနဲ့ ရေးခဲ့တယ်
အင်္ဂလိပ်နဲ့တိုက်
ဂျပန်နဲ့တိုက်
မျိုးဖျက်သစ္စာဖေါက်လောက်ကောင်တွေနဲ့တိုက်
သူ့ခေါင်းနဲ့
အနိုင်မခံအရှုံးမပေးကဗျာကိုရွတ်ပြီး ၃၁ ဘုံနဲ့တိုက်
ငါတို့ရဲ့နိဗ္ဗာန်တံခါးကိုဖွင့်ပေးခဲ့တယ်။

ဒါပေမဲ့
ဆာစတက်ဖို့ကလစ်ပ်ရဲ့ အိတ်ကပ်ထဲကဖေါင်တိန်ကို
ဆောင့်ဆွဲယူသလို ပါလာခဲ့တဲ့ လွတ်လပ်ရေး
ကျွန်တော်တို့ နွှေးအောင်မကိုင်ခဲ့ရဘူးဆိုတာ သူ သိခဲ့တာပေါ့။

ဒီလိုနဲ့ သူ ပြန်လာတယ်
ကျွန်တော်တို့ရဲ့ ဗိုလ်ချုပ်အောင်ဆန်း သွေးအိုင်ထဲကထလို့
နောက်တစ်ခါလွတ်လပ်ရေးအတွက်
သမီး အောင်ဆန်းစုကြည်အဖြစ်နဲ့ . . .။ ။

ခရမ်းပြာထက်လူ

***




မိတ်ဆွေတစ်ယောက်က

ဘောလ်ပင်လေးခဏာဆိုတော့

ပေးလိုက်ရတယ်

သူ့အရေးအသားတွေက ၄၃၆ ဆန်တော့

မဟာန်တာနဲ့

ကိုယ့်ဘောလ်ပင်လေး ပြန်တောင်းရတယ်

ဘောလ်ပင်လေးက လုလည်းလု

သယံဇာတကလည်းကောင်းတော့ ပြန်မပေးချင်ဘူး

အင်တင်တင်လုပ်နေတယ်

ဒီတော့

ကျွန်တော်က သူ့အိတ်ထဲစိုက်ထားတဲ့ဘောလ်ပင်လေးကို

ဆတ်ခနဲ နှိုက်ယူလိုက်ရတယ်။

မိုးရာသီကလည်း

မှတ်သုန်ရောက်ဖို့

ဆိုက်ကလုံးကိုတောင် လွမ်းနေရပါလားဆိုတာတွေးမိပြီး

ကျွန်တော်

မိုလ်ချုပ်အောင်ဆန်းကို အလေးပြုလိုက်ပါတယ်။ ။

ပုသိမ်မောင်ရွှေမှူ

***




လူသားဆန်စွာ

ခေတ်ကို တွေးခေါ်မြော်မြင်ပြီး

အများကြီး မပြောဘဲ

အများကြီး လုပ်ခဲ့တယ်

သုခနည်းနည်းနဲ့

ဒုက္ခများများယူခဲ့တယ်

တိုင်းပြည်အတွက်

အပူခံထွန်းရင်း

အသက်ပေးပြီး လင်းခဲ့တဲ့

ဖယောင်းတိုင် ။

ထွန်းလွင်သွယ်(ဆူးဖြူရိုပ်)

***



ကျုပ်တို့ဟာဘယ်လိုလူစားတွေလဲ

ရာဇဝင်ထဲအရေးခံမယ့်လူတွေလား

ရာဇဝင်မှာအဆဲခံရမယ့်လူစားတွေလား။

ဟော့

မင်းတို့ ဘာတွေလျှောက်လုပ်နေကြတာလဲ

ပြောတော့ညီညွတ်ချင်တယ်ပြောပြီး

လုပ်တော့တစ်မျိုးလုပ်နေကြတယ်။

မြန်မာပြည်တွင်းရှိလူမျိုးတွေဟာ

အစက

တစ်အိမ်ထောင်တည်းမှ ပေါက်ဖွားလာတာဖြစ်တယ်။

ကျုပ်တို့သာသနာတော်ကောင်းမွန်ရေးအတွက်

ဆောင်ရွက်စရာတွေ အများကြီးရှိသေးတယ်။

ဘာအစိုးရတက်တက်

ခင်ဗျားတို့မလုပ်လို့ရှိရင် မဖြစ်ဘူးဆိုတာ

ကျွန်တော်ရဲရဲကြီးပြောချင်တယ်။

တိုင်းရင်းသားအချင်းချင်းညီညွတ်ရေး

လူထုညီညွတ်ရေးရှိဖို့ အရေးကြီးတယ်

စားဖားတွေညီညွတ်ရေးကို မလိုချင်ဘူး။

အပ္ပမာဒေနဘိက္ခဝေသမ္ပါဒေထ

ဒေသနာဝမ္မနဲ့အညီ

တိုင်းရင်းသားအပေါင်းတို့ မမေ့လျော့ကြကုန်လင့်

အသိတရားနဲ့ပြည့်စုံကြကုန်။

. . . . . . ...

. . . . . .

" မောင်ဖာ

မင့်သားဟာ

ဆူဆူပူပူနဲ့ အကျိုးပေးမယ့်သားပဲ" တဲ့

၁၉၁၅ ဖေဖော်ဝါရီ ၁၃ရက်

၁၂၇၆ တပေါင်းလဆန်းတစ်ရက် စနေနေ့

နတ်အပေါင်းစောင့်ရှောက်တဲ့ နတ်မောက်မြို့ကလေးမှာ

ကြည်ရဲ့မောင်၊ ဗိုလ်မင်းရောင်ရဲ့သွေး၊ ဦးဖာ ဒေါ်စုရဲ့သားထွေး

ဒါမှမဟုတ်

ငါတို့ကိုလွတ်လပ်ရေးယူပေးမယ့်ကဗျာတစ်ပုဒ်

သားကောင်းမိခင်က မွေးထုတ်ခဲ့တယ်

သမီးကောင်းဖခင်ကို မွေးထုတ်ခဲ့တယ်

မေ့မပစ်နဲ့ လျော့မပစ်နဲ့

လျှော့မပစ်နဲ့ ဖျော့မပစ်နဲ့

ဖျောက်မပစ်ကြနဲ့ ရာဇဝင်အစစ်ကြီး။ ။

***



လာပြီ နောက်တစ်ယောက်

အနော်ရထာပြီးတော့ နောက်တစ်ယောက်

ဦးအောင်ဇေယျပြီးတော့ နောက်တစ်ယောက်

ကမ္ဘာကြီးကို ရွှေ့ပစ်မယ့် နောက်တစ်ယောက်

ကိုယ်ယောင်ဖျောက်ပြီး လာတယ်

နတ်မောက်ကနေ တက်လာတယ်။

လာပြီ နောက်တစ်ယောက်

ခေါင်းမဖြီးဘဲထားတယ်၊ တွေဝေတယ်

အသားညိုတယ်၊ အသားမရှိဘူး

စာဖတ်တယ်၊ ဦးနှောက်ခြောက်တယ်၊ ကျောင်းထုတ်ခံရတယ်

ရိုးသားလွန်းတော့ အရိုးပဲမြင်ရတယ်

သူ့လွတ်လပ်ရေးဆာလောင်မှုက

ထိတာနဲ့ ပြာကျသွားတော့မယ့်အတိုင်း။

လာပြီ နောက်တစ်ယောက်

ရပ်ဖျက်တယ်၊ ဂျပန်ကိုခေါ်လာတယ်

အင်္ဂလိပ်ကိုမောင်းထုတ်တယ်၊ ဂျပန်ကိုပြန်တိုက်တယ်

ငြိမ်းချမ်းရေးဟာ အသက်ထရှင်တယ်

အအိပ်နည်းတယ်၊ အစားနည်းတယ်၊ ပျော်ရွှင်မှုနည်းတယ်

သုံးဆယ့်နှစ်နှစ်ထိ သူ မပျော်ရွှင်ခဲ့သမျှ

သူပျော်ရွှင်ရမယ့်အချိန် သူ မရှိတော့ဘူး။

လာပြီ နောက်တစ်ယောက်

စီးကျနေတယ်

ပျားအုံထဲကပျားရည်တွေစီးကျနေသလို သူ့ရိုးသားမှုဟာ

စီးကျနေတယ်

နေရူးရဲ့ကုတ်အင်္ကျီထဲက စီးကျနေတယ်

အမှောင်မှာလရောင်တွေစီးကျနေသလို သူ့အနာဟာ

စီးကျနေတယ်

အက်တလီရဲ့စာချုပ်ဆီက စီးကျနေတယ်

ပင်လုံညီလာခံကနေ စီးကျနေတယ်

လူငယ်ဆိုပေမဲ့ တစ်ခုခုနဲ့ လေးလံနေတဲ့သူ့ဆီက

တစ်ခုခုဟာ စီးကျနေတယ်

သူ့စီးကျမှုကြောင့် နောက်လူတို့လွတ်မြောက်ခြင်းပင်လယ်ဆီ

သူမရှိတော့ပေမဲ့ ခုထိသူ့အကြောင်းဟာ စီးကျနေတယ်။

သူဟာ သူမချစ်တဲ့သူတွေကို စူးတဲ့ ဆူးတစ်ချောင်းပါ

သူဟာ သူမုန်းတဲ့သူတွေကို ပေါက်ကွဲတဲ့ ဗုံးတစ်လုံးပါ

တကယ်တော့ သူဟာ ချစ်တတ်တဲ့သူပါ

သူဟာ မမုန်းတတ်တဲ့သူပါ။

ထောင့်ကိုးရာလေးဆယ့်ခုနစ် ဇူလိုင်ဆယ့်ကိုး

အရိုးပဲရှိတဲ့ သူ့အလောင်း သူ့အမေက ကြည့်ပြီးငေါက်တယ်

"နင့်ကို နတ်မောက်ပြန်လာခဲ့ဖို့ ပြောထားရဲ့သားနဲ့"

ငဲ့ကြည့်တော့ ကြွေသွားတဲ့ခရေပွင့်လေးဟာလည်း မွှေးတာပါပဲ

သတ်လို့မသေတဲ့ သမိုင်းဟာလည်း သူ့အကြောင်းရေးထားတာပါပဲ

အဲဒီနောက် သူ နတ်မောက် ပြန်မသွားနိုင်ခဲ့ဘူး။

လာပြီ နောက်တစ်ယောက်။ ။

ဆောင်းဝေ (နတ်မောက်)



***



ဟိုချိမင်းဟာ

ဗီယက်နမ်ပြည်ပေါ်က ကြယ်နီကြီး

ရှာမှရှားတဲ့ ကဗျာဆရာ လူထုခေါင်းဆောင်။

မော်စီတုန်းဟာ

တရုတ်ပြည်ပေါ်က ကြယ်နီကြီး

ရှာမှရှားတဲ့ ကဗျာဆရာ လူထုခေါင်းဆောင်။

ဗိုလ်ချုပ်အောင်ဆန်းဟာ

မြန်မာပြည်ပေါ်က ကြယ်နီကြီး

ရှာမှရှားတဲ့ စာရေးဆရာ လူထုခေါင်းဆောင်။

မျိုးရိုးက ကြီးမြတ်

နတ်မောက်ဆိုတဲ့အရပ်မှာမွေးလို့

ငယ်နာမည်ထိန်လင်းလို့ခေါ်ခဲ့

ကျောင်းသားခေါင်းဆောင်ဖြစ်တော့ အသက် ၂၀

ဆံပင်စုတ်ဖွားဖွား

ပင်နီလက်တိုအရောင်မွဲမွဲ

ကြေးနီရောင်ဘန်ကောက်လုံချည်နှင့်

အမြီးပါးလေယာဉ်ပျံတံဆိပ်ဖိနပ်စီးပြီး ကျောင်းတက်တဲ့

တက္ကသိုလ်ကျောင်းသားဘဝ။

သူ့လူငယ်ဘဝမှာ

စာအုပ်ရယ်၊ နိုင်ငံရေးရယ်၊

လွတ်လပ်ရေးရယ်နဲ့ သီချင်းတွေဆိုရင်း

''အိုးဝေ'' ဆိုတာ သူ့ရင်ထဲကကျလာတဲ့နာမည်။

ဖြိုတီသျှုလေဘာပါတီခေါင်းဆောင် ''ဆာစတက်ဖို့ကရစ်ပ်''ရဲ့

အိတ်ကပ်ထဲကဖောင်တိန်ကို

ဆတ်ခနဲ ဖျတ်ခနဲ ဆွဲယူလိုက်တဲ့

ပြကွက် ပြောကွက် သမိုင်းစာမျက်နှာတင်ခဲ့။

ကိုအောင်ဆန်း

သခင်အောင်ဆန်း

ဗိုလ်ချုပ်အောင်ဆန်း

ဘဝတွေ သယ်ဆောင်ဖြတ်သန်း

စာရေးဆရာ ကိုအောင်ဆန်း

လူထုခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း

ကမ္ဘာကြီးကိုလွှမ်းလို့

ရှာမှရှားတယ်။ ။

မောင်တည်အေး

***



အနားပေးလို့ရရင်

ဗိုလ်ချုပ်ရာထူးကို အနားပေးလိုက်မယ်

ခင်ဗျားတို့ ကျုပ်တို့အတွက်

ဗိုလ်ချုပ်ဆိုတာ

နောက်ထပ် တစ်ယောက်မှမရှိဘူး။ ။

***



ခေါင်းစဉ်ကိုဖတ်လိုက်တာနဲ့

တွေးစရာတွေက တစ်ပုံကြီး

ရယ်စရာတွေက အများသား

အံ့သြစရာတွေက မနည်းမနော

ကဗျာခေါင်းစဉ်က "အောင်ဆန်း" တဲ့

ကျွန်တော်တို့ ဖတ်မဝတဲ့ ကဗျာရှည်တစ်ပုဒ်။ ။

စိုးခိုင်ညွန့်

***

ဗိုလ်ချုပ်နှစ်တစ်ရာပြည့်အထိမ်းအမှတ်

ကာတွန်းအစုံ


တံဆိပ်ထက်...
ဒီဂရီက... ပိုအရေးကြီးတယ်ကွ...




ဒီဖက်က...
ဟိုဖက်က...
အာဇာနည်
အာဏာရှင်


ဟုတ်ပါ့ဗျာ


ဗိုလ်ချုပ်ဓာတ်ပုံကို.. ငွေစက္ကူ
တွေအပေါ်မှာ.. ရိုက်နှိပ်ဖို့လည်း
ကန့်ကွက်.. ရုံးတွေမှာချိတ်ဖို့
အတွက်လည်း ဆိုင်းငံ့ခိုင်းတော့..
နိုင်ငံထဲက ဗိုလ်ချုပ်ကြီးပုံရိပ်ကို
တောင်.. မျက်ခြင်းမှာစိုးရိမ်ရတယ်.


YES SIR


အားလုံး အားထားနိုင်တဲ့ခေါင်းဆောင်
ဆိုတာ.
နိုင်ငံရေး



မိုလိပ်ချုပ်မရှိတော့တာ နာတယ်.....
မိုလိပ်ချုပ်ထားခဲ့တဲ့ တပ်မတော် မရှိ တော့တာ ပိုနာတယ်
2014


ဖျက်ချင်သလောက်ဖျက်
သိမ်းချင်သလောက်သိမ်း
"အောင်ဆန်း" ဆိုတဲ့
ငါ့နှလုံးသားကိုတော့
ဘယ်တော့မှ ဖျက်လို့
သိမ်းလို့ မရဘူးကွ...



"ယောက်ျားတစ်ယောက်ရဲ့ဘဝမှာ ဘာအကြောင်းပြချက်မှမလိုဘဲ လက်တွဲဖြုတ်ခဲ့ရတဲ့မိတ် ဆွေမျိုးလည်းရှိတယ်"

ထိုသို့ပြောခဲ့စဉ် ဘယ်လိုမိတ်ဆွေမျိုးလဲဆိုတာ ဥပမာတစ်ခုခုပေးရန် ကျွန်တော်၏အစ်မသဖွယ် ချစ်ခင်ရသော စာရေးဆရာမတစ်ဦးက အတင်းအကျပ်

တောင်းဆိုခဲ့ဖူးသည်။ ဥပမာတစ်ခုခုကို ရုတ်တရက် ရှာဖွေမတွေ့ခဲ့သော်လည်း ကျွန်တော်၏အဆိုကို မရုပ်သိမ်းဖြစ်ခဲ့ဟုထင်သည်။ နှစ်ပေါင်းများစွာကြာမြင့်သောအခါ ကျွန်တော်သည် ဟိုတစ်မြို့ သည်တစ်ရွာ ကူးသန်း သွားလာ၍ အသက်မွေးခြင်း ပြုရသူတစ်ဦး ဖြစ်နေခဲ့ပါပြီ။ မိတ်ဆွေတိုးလာသည်နှင့်အမျှ ရန်သူလည်း ပွားလာနိုင်သည်ပဲဖြစ်ပါသည်။ ရန်သူ၊ မိတ်ဆွေ မကွဲပြားသည်လည်း ရှိပါလိမ့်မည်။ ချစ်ခဲ့ရသော မြို့တစ်မြို့သို့ရောက်ခဲ့စဉ်က ဖြစ်သည်။

ကျွန်တော်ရှိရာ လက်ဖက်ရည်ဆိုင်လေးထဲသို့ ယခင်က တွေ့မြင်ခဲ့ဖူးသော်လည်း အကျွမ်းတဝင်မရှိခဲ့သောသူတစ်ဦး လာတွေ့သည်။ သူ့စာအုပ်ကလေးမှာ အမှာစာရေးပေးပါဟုဆိုသည်။ ကျွန်တော်က လွယ်လင့်တကူ ခေါင်းညိတ်လိုက်သည်။

နောင်သောအခါ အခြားသူတို့ တားမြစ်နေသည့်ကြားမှပင် သူနှင့် တော်တော်တွဲဖြစ်သည်။ ပေါင်းဖွဲ့ဖြစ်ခဲ့သည်။

သူက ကျွန်တော့်ထက် ငယ်သည်။ ထင်ပေါ်လိုမှု၊ အထင် ကြီးခံလိုမှု၊ ပလွှားလိုမှုတို့ကို ငယ်သူတစ်ယောက်၏ မရင့်ကျက် သေးသော အပြုအမူအဖြစ် စာနာပေးနိုင်ပါသည်။ မိတ်ဆွေ ဆက်ဆံရေးတွင်မူ ရိုးသားမှုမချွတ်ယွင်းသင့်ကြောင်း သူ့ကို မကြာမကြာ သတိပေးဖြစ်ခဲ့သည်။ သူ့မှာ အရည်အချင်းကောင်း လေးတချို့ရှိသည်ကိုလည်း အသိအမှတ်ပြုရပါသည်။

အကြောင်းကြုံကြိုက်တိုက်ဆိုင်ခဲ့သည်များရှိ၍ ကောင်းမွန် သော စိတ်စေတနာဖြင့် အကြိမ်ကြိမ် ထက်သန်လိုက်လှဲစွာ ကူညီစောင့်ရှောက်ခဲ့သည်။ သူ့အပေါ် နားမလည်သော၊ မျက်စိ စပါးမွေးစူးနေသော သူတို့နှင့် တတ်နိုင်သမျှ ဆက်စပ်ပေးခဲ့သည်။ ကျွန်တော်တို့ ဝေးကွာသွားစဉ်မှာလည်း သူ၏အခင်းကိစ္စများနှင့် စပ်လျဉ်း၍ ကူညီပေးခဲ့ကြောင်း မိတ်ဆွေများက လှမ်းပြောတော့ ကျေနပ်ခဲ့သည်။ သူ့အကျိုးစီးပွားတစ်ခုခုကို ပျက်စီးအောင်၊ ယုတ်လျော့အောင် ကျွန်တော် မပြုလုပ်မိခဲ့ဖူးထင်သည်။ သို့သော် ကမ္ဘာလောကသည် ဆန်ပေးတိုင်း ဆေးရတတ် သည်

မဟုတ်ပါချေ။

ကိုကြောင်းမဲ့ တိုက်ခိုက်ရေးသားခဲ့သော သူ၏ Facebook စာမျက်နှာကို မိတ်ဆွေတစ်ဦးက Screen Shot လုပ်၍ ပို့လိုက်ရာ ဖတ်ကြည့်ပြီး အံ့သြရသည်။ ထိရောက်သည့် အရေးယူမှု၊ တုံ့ပြန်မှု တစ်ခုခုပြုရန် ခဲယဉ်းလှသည်မဟုတ်သော်လည်း မိမိ၏ စိတ်ခံစားမှုကို ပြန်စိစစ်ရာ ဒေါသထက် နာကျင်မှုက ပိုထင်ရှား နေသည်ကို တွေ့ရသဖြင့် တစ်ကြိမ် လျစ်လျူရှုရန် ဆုံးဖြတ်ခဲ့သည်။ မိမိ မရည်ရွယ်ခဲ့စေကာမူ သူ့အကျိုး ထိခိုက်စေခဲ့သည့် အပြုအမူတစ်ခုခုရှိ ကောင်းရှိခဲ့နိုင်သည်ဟု တွေးမိသည်။

"မြွေဆိပ်လိုမိတ်ဆွေ" ဆိုသည်က ဘဝမှာ အခါခပ်သိမ်းကြုံဆုံဖို့ အခွင့် အရေးမရနိုင်ဟု တွေးလိုက်မိတာ လည်းပါသည်။



***

မြွေဆိပ်လိုမိတ်ဆွေရှိမည်ဆိုလျှင် ရိုးသားတဲ့ရန်သူဆို သည်လည်း အသေအချာ ရှိရပေလိမ့်မည်။

''ရန်သူနှင့်အတူအိပ်စက်ခြင်း''ဟူသော အက်ဆေးတစ်ပုဒ် ကို ဖတ်မိခဲ့စဉ်က

ကျွန်တော့်ရင်ထဲသို့ တွန်းတွန်းထိုးထိုး ဝင်ရောက်လာသော စကားလုံးတချို့ရှိသည်။ ရိုးသားတဲ့ရန်သူ။ ရိုးသားသောရန်သူရှိသလော။ ချစ်စရာကောင်းသည့် ရန်သူရှိသလော။ ရန်သူကိုချစ်၍ရနိုင်သလော။ ရန်သူနှင့်အတူ ပေါင်းဖွဲ့၍ အိပ်စက်ပျော်နိုင်ပါသလော။

ဘဝခရီးတစ်လျှောက်တွင် ကျွန်တော်တို့သည် မလွဲမသွေ ကြုံဆုံရမည့် လူနှစ်စားရှိသည်။

ချစ်သူစစ်စစ်နဲ့ ရန်သူစစ်စစ်။ ကွယ်လွန်သူ ကဗျာဆရာ မောင်ချောနွယ်ကတော့ အဲသလို ဆိုခဲ့ဖူးသည်။ ရန်သူနှင့် မိတ်ဆွေ၊ အဲသည်နှစ်ခု။ မိတ်ဆွေဆိုသည်မှာ တစ်ဦးတစ်ယောက် ၏ ဘဝခရီးအတွက် လိုအပ်ချက်တစ်ခုဖြစ်သည်ဆိုခြင်းကို အငြင်းမပွားတန်ရာသော်လည်း ရန်သူသည် ဘဝအတွက် လိုအပ်ချက်တစ်ခုဖြစ်မဖြစ် အငြင်းပွားဖွယ်ရှိမည်ထင်သည်။ အငြင်းပွားဖွယ်ရာရှိနိုင်သည်။

Anna Cummin ပြောဖူးသောစကားကို ကျွန်တော် သဘောကျသည်။ "ကျွန်မမှာ မိတ်ဆွေသုံးဦးရှိတယ်။ ချစ်သူ၊ မုန်းသူ၊ အလေးဂရုမထားသူတို့ပဲ ဖြစ်ပါတယ်။ ကျွန်မကို ချစ်သူတွေက ယဉ်ကျေးသိမ်မွေ့အောင် သင်ပေးတယ်။ မုန်းသူ တွေက သတိထားတတ်အောင် သင်ပေးတယ်။ အလေးမထားသူ တွေကတော့ ကိုယ့်ကိုယ်ကိုယ်တန်ဖိုးထားတတ်အောင်သင် ပေးတယ်"တဲ့။

"နိုင်ငံရေးဆိုတာ ရန်သူကို မိတ်ဆွေဖြစ်အောင်လုပ်တာ"

ဟူ၍ ဆရာဒဂုန်တာရာ မကွယ်လွန်မီ တဖွဖွ ပြောခဲ့သည်။ ထိုအချက်နှင့်စပ်လျဉ်း၍ အငြင်းပွားမှုမရှိခဲ့သော်လည်း "မုန်းသူ မရှိ ချစ်သူသာရှိ"ဟု ဆိုခဲ့ခြင်းနှင့် စပ်လျဉ်း၍မူ အငြင်းပွားသူ များ ရှိခဲ့သည်။ ငြင်းခုံ၊ ဝေဖန်၊ စောဒကတက်သံများ ညံ့ညံ့ ကျယ်ခဲ့သည်။ ဆရာ၏အဘိဓမ္မာကို ကျားကုပ်ကျားခဲခုခံသူ များလည်းရှိသည်။

မိတ်ဆွေစာရေးဆရာမတစ်ဦး၏ ခင်ပွန်းသည်သည် သူ တစ်ပါးကို ကယိကထခံ၍ ကူညီတတ်သည်။ သို့သော် သူက မိတ်ဆွေများကို သည်းသည်းထန်ထန် နောက်ပြောင်တတ်သူ ဖြစ်သည်။

အခါမရွေး၊ နေရာမရွေး၊ အခြေအနေမရွေး ထွက်ပေါက် မပေး ရုပ်တည်ကြီးတင်းတင်းခဲခဲနှင့် နောက်တတ်ပြောင်တတ် သောကြောင့် နောက်ပြောင်မှန်းပင် သိနားလည်ပါသော်လည်း သူ၏နောက်ပြောင်မှုမှာ မရှုပ်ပျရယ်မောဖွယ်ရာမကောင်းလှ။ မကြာမကြာ သူ့ခများ မိတ်ပျက်ရသည်။ အငြင်းပွားရ အချင်း များရသည်။ စာရေးဆရာမောင်ညိုပြာက သူ့အပေါ် ညှင်ညှင် သာသာ မှတ်ချက်ပြုသောစကားမှာ ဆရာဒဂုန်တာရာကို တိုက် ရိုက်အားဖြင့် ဆန့်ကျင်သကဲ့သို့ရှိသည်။

''ချစ်သူမရှိ မုန်းသူသာရှိ ဦး(+++) ဆိုတာ ချစ်သူကို မုန်းသူဖြစ်အောင်လုပ်တာ'' တဲ့လေ။ သူကိုယ်တိုင်ပြုံး၍ ပြန် ပြောပြခဲ့ခြင်းဖြစ်သည်။

***

ကျွန်တော်သည် . . .

ရန်သူနှင့် မိတ်ဆွေတို့၏ ခြားနားသောသဘောကို တွေး တောဆင်ခြင်ကြည့်မိသည်။

ချစ်သောသူများပင်ဖြစ်စေကာမူ တစ်ယောက်ကိုတစ် ယောက် အကျိုးမလိုလားတော့ဘူးဆိုလျှင်၊ တစ်ဦး၏ ပျက်စီးရာ ပျက်စီးကြောင်းကို တစ်ဦးက ပြုလုပ်နေမည် ဆိုလျှင်၊ပျက်စီးစေလို ဆုံးရှုံးစေလို ထိခိုက်နစ်နာစေလိုသော သဘောဆန္ဒရှိမည်ဆိုလျှင် ထိုသူသည် ရန်သူဖြစ်နိုင်ပါသည်။

မုန်းသောသူများပင်ဖြစ်စေကာမူ တစ်ယောက်ကိုတစ် ယောက် အကျိုးလိုလားမှုရှိမည်ဆိုလျှင်၊ တစ်ဦး၏အကျိုးရှိရာ ရှိကြောင်းကို တစ်ဦးက ပြုလုပ်မည်ဆိုလျှင်၊ ပွားစည်းစေလို အောင်မြင်စေလို ခိုင်မြဲစေလို မထိခိုက်မနစ်နာစေလိုသော သဘောဆန္ဒရှိမည်ဆိုလျှင် ထိုသူသည် မိတ်ဆွေဖြစ်နိုင်ပါသည်။ ''အင်းဝကမျက်ရည်တစ်ပေါက်''ဆိုသော ကဗျာတစ်ပုဒ် ကျွန်တော် ရေးဖူးသည်။

အကြီးအကျယ် လွဲချော်မှားယွင်းနေသော ကဗျာတစ်ပုဒ် ကို လွန်ခဲ့သော ၁၅ နှစ်ခန့်က ချယ်ရီမဂ္ဂဇင်းတွင် အဖွင့်ကဗျာ အဖြစ် ပုံနှိပ်ဖော်ပြခဲ့သည်။ ရာဇာဓိရာဇ်အရေးတော်ပုံကျမ်းကို ဖတ်ပြီးသောအခါ ကြွင်းကျန်ရစ်သောခံစားမှုကို ကဗျာဖွဲ့ လိုက်ခြင်းဖြစ်သည်။

အင်းဝနှင့် ဟံသာဝတီတို့ အကြိမ်ကြိမ်ဆင်နွှဲခဲ့သော စစ်ပွဲ များအတွင်း လူယောကျ်ား၊ မိန်းမ၊ ကလေး၊ ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ စစ်သည်သူရဲကောင်းများစွာ ကျဆုံးကြေပြုန်းခဲ့သည်။ အင်းဝသည် ဟံသာဝတီကို မသိမ်းပိုက်နိုင်သကဲ့သို့ ဟံသာဝတီ ကလည်း အင်းဝကို မသိမ်းပိုက်နိုင်ခဲ့။ အရှုံးအနိုင်လည်း မပေါ် ခဲ့ချေ။ ထို့နောက် အင်းဝဘုရင်မင်းခေါင် နတ်ရွာစံခဲ့သည်။ ထို သတင်းသည် မင်းခေါင်၏ရန်သူ ဟံသာဝတီဘုရင်အတွက် ဝမ်းမြောက်ဖွယ်ဟူ၍ ယိုးမှားစရာရှိသည်။ သို့သော် သူ့ရှင် ရာဇာဓိရာဇ်အဖို့ရာ ဘုရင်မင်းခေါင် နတ်ရွာလားသည့် သတင်း သည် ကြေကွဲဖွယ်ရာ သတင်းတစ်ပုဒ်ပဲဖြစ်နေသည်။ ရန်သူ ဘုရင်၏ နာရေးကို ကြားသောအခါ ဟံသာဝတီဘုရင် သူ့ရှင်ရာဇာဓိရာဇ်သည် ဝမ်းနည်းယူကျုံးမရဖြစ်ခဲ့သည်။ ရှိုက်ကြီးတငင်ငိုကြွေး ခဲ့သည်။

ယောကျ်ားကောင်းတို့သည်သာ ရန်သူ၏ကျဆုံးမှုကို ဝမ်း နည်းစရာ၊ နှမြောတသကြေကွဲစရာအဖြစ် ခံစားနိုင်သည့် ကြီး မြတ်သောနှလုံးသား ရှိကြသည်။ ရာဇာဓိရာဇ်အရေးတော်ပုံ ကျမ်းက ကျွန်တော့်ရင်ထဲသို့ ကြွင်းကျန်စေခဲ့သော ခံစားမှုမှာ ထိုအချက်ပဲဖြစ်သည်။ ထိုအချက်ကို ကဗျာဖွဲ့ခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် မည်သို့မည်ပုံ လွဲချော်ခဲ့လေသလဲမသိ။ ကျွန်တော့် ကဗျာထဲမှာ ဘုရင်မင်းခေါင် ကွယ်လွန်ရမည့်အစား ရာဇာဓိရာဇ် ကွယ်လွန်ခဲ့သည်။ ရာဇာဓိရာဇ်က ငိုကြွေးရမည့်အစား မင်းခေါင်က ငိုကြွေးခဲ့သည်။ ''ဟံသာဝတီကမျက်ရည် တစ်ပေါက်'' ဖြစ်ရမည့်အစား''အင်းဝကမျက်ရည်တစ်ပေါက်'' ဖြစ်ခဲ့သည်။

တော်တော့်ကို လွဲချော်မှားယွင်းသွားခဲ့ခြင်းဖြစ်သည်။ သို့သော် ထိုအမှားကိုသိပြီးနောက်တွင်လည်း ကျွန်တော် ပြန်မပြင်ခဲ့ချေ။ အဘယ်ကြောင့်ဆိုသော် ရာဇာဓိရာဇ်က စော စွာ နတ်ရွာလားခဲ့ပါလျှင်လည်း ဘုရင်မင်းခေါင်က သည်းစွာ

ငိုကြွေးမည်ဟု ယုံသောကြောင့်ဖြစ်သည်။ အင်းဝကမျက်ရည် ပဲဖြစ်ဖြစ်၊ ဟံသာဝတီကမျက်ရည်ပဲဖြစ်ဖြစ် ကျွန်တော့်ကဗျာ၏ ဆိုလိုရင်းအချက်ကို မထိခိုက်စေခဲ့သောကြောင့်ဖြစ်သည်။ ရန်သူကို မိတ်ဆွေဖြစ်အောင် အောင်အောင်မြင်မြင် လုပ် ပြသွားနိုင်ခဲ့သူတစ်ဦးရှိသည်။

တစ်ချိန်သောအခါက မြစ်ဝကျွန်းပေါ်ဒေသတွင် တစ်မြေ တည်းနေ တစ်ရေတည်းသောက်တို့သည် ရန်သူကြီးများသဖွယ် စစ်ခင်းခဲ့ကြသည်။ မုန်းတီးစရာအကြောင်း လုံလောက်စွာမရှိပါ ဘဲလျက် အချင်းချင်းသတ်ဖြတ်ခဲ့၊ ရွာတွေမီးရှို့ခဲ့ကြသည်။ ကရင်-ဗမာ အဓိကရုဏ်းဟူ၍ ကျော်စောခဲ့သည်။ ကျွန်တော် တို့၏ အမိအဖတွေ တစ်ရွာပြီးတစ်ရွာ စစ်ရှောင်ပြေးခဲ့ကြသည်။ အသက် ဖက်နှင့်ထုပ်ခဲ့ကြရသည်။

ကရင်ခေါင်းဆောင် ဗိုလ်စောစံဖိုးသင်က သည်လိုပြန်ပြော သည်။

"ဘီအိုင်အေခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းဟာ ကျွန် တော့်ရန်သူပါ။ ကျွန်တော် အခုပြောချင်တာက ဗိုလ်ချုပ်ဟာ ရန်သူကို မိတ်ဆွေဖြစ်အောင် ဘယ်လိုလုပ်တတ်သလဲဆိုတာ။ အင်မတန်ထူးကဲတဲ့အချက်ပဲဖြစ်ပါတယ်"

၁၉၄၃ ခုနှစ် ဩဂုတ်လ ၁ ရက် မြန်မာပြည်လွတ်လပ် ရေး ကြေညာသောအခါ ဗိုလ်စောစံဖိုးသင်က ရန်ကုန်သို့ ဆင်း လာခဲ့သည်။ သူ့မိတ်ဆွေအချို့က မသွားနဲ့ဟု တားသည်။ သခင်တွေက ခင်ဗျားကို သတ်လိမ့်မယ်ဟုပြောသည်။ သို့သော် သူ သွားခဲ့သည်။ သခင်ဗိုလ်၊ သခင်မောင်ကြီးတို့နှင့် တွေ့ သည်။ ထို့နောက် သခင်သန်းထွန်း၊နောက်ဆုံး ဗိုလ်ချုပ်နှင့် တွေ့သည်။

"ကျွန်တော် သူ့ကိုပြောတယ်။ ကျုပ်ဗိုလ်စောစံဖိုးသင် ပဲ။ ခင်ဗျားရဲ့ ရန်သူဖြစ်တယ်။ သူက ကျွန်တော့်ကို ကြည့်ပြီး ဘယ်လိုပြောလိုက်သလဲဆိုတော့ "A brave enemy is a good friend"

ရဲရင့်တဲ့ရန်သူဟာ မိတ်ဆွေကောင်းပဲဆိုသော စကားတစ် ခွန်းဖြင့် ကရင်ခေါင်းဆောင် ဗိုလ်စောစံဖိုးသင်သည် ဗိုလ်ချုပ်နှင့် မိတ်ဆွေရင်းချာ ဖြစ်သွားခဲ့သည်။

ယုံကြည်မှုတည်ဆောက်နိုင် ခဲ့သည်။ ဗိုလ်ချုပ်၏အစိုးရအဖွဲ့တွင် ဝန်ကြီးပင်ဖြစ်ခဲ့လေသေးရာ ၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက် အာဇာနည်ကြီးများ လုပ်ကြံခံ ခဲ့ရစဉ်က ဝန်ကြီးဦးစောစံဖိုးသင်သည် မအူပင်တွင် သဘော် ပျက်နေခဲ့သောကြောင့် အာဇာနည်ဖြစ်ခွင့်မရခဲ့ဟူ၍ နောင်အခါ ပြန်ပြောခဲ့သည်။

ရန်သူကို မိတ်ဆွေဖြစ်အောင်လုပ်နည်းကို ဗိုလ်ချုပ်က စံနမူနာလုပ်ပြသွားခဲ့ပါသည်။

***

ကျွန်တော်တို့သည် တစ်ဦးတစ်ယောက်၏ မိတ်ဆွေဖြစ် နိုင်သကဲ့သို့ တစ်ချိန်တည်းတွင် တစ်ဦးတစ်ယောက်၏ ရန်သူ လည်း ဖြစ်နေနိုင်ပါသည်။ မိတ်ဆွေများ ရန်သူဖြစ်နိုင်သကဲ့သို့ ရန်သူများလည်း မိတ်ဆွေဖြစ်နိုင်ကြသည်ကို အငြင်းမပွားတန် ရာချေ။

ရန်သူပင်ဖြစ်လင့်ကစား ရိုးသားဖြောင့်မှန်ပါက လေးစား ဖွယ်ဖြစ်သည်။ ယောကျာ်းကောင်းတို့သည် ရိုးသား၍ ရဲရင့် သောရန်သူကို လေးစားအသိအမှတ်ပြုနိုင်သည်အထိ စိတ်နှလုံးကြီးမြတ်မှုရှိပြီး ကြီးမြတ်သည့် စိတ်နှလုံးရှိသူများသာ ရန်သူကို လေးစားအသိအမှတ်ပြုနိုင်ကြသည်။

ရန်သူများကို လေးစားအသိအမှတ်ပြုဉာတ်ခြင်း မရှိဘဲနှင့် ကျွန်တော်တို့သည် ငြိမ်းချမ်းရေးအကြောင်းကို ပြောခွင့်မရှိဟု ထင်သည်။ ငြိမ်းချမ်းရေးမဆိုထားနှင့် တစ်ဦးတစ်ယောက်နှင့် လက်ဆွဲနှုတ်ဆက်ဖို့ပင် မဖြစ်နိုင်ဟု ကျွန်တော်ထင်သည်။

မောင်ရင့်မာ (ကျောင်းကုန်း)

***




'ရှိးမတ်ခြင်းကို မည်သည့်ကုသိုလ်ကောင်းမှုမျှလိုက်၍မမီ၊

ကောက်ကျစ်ခြင်းလောက်လည်း မည်သည့် ဒုစရိုက်မှုမဆိုး'

(ဟိန္ဒူစကားပုံ)

လောကကြီးမှာ ဘယ်သူတွေ ဘယ်လောက်ရိုးသား သလဲ။ ကိုယ့်ကိုယ်ကိုယ်ရိုးသားပါတယ်လို့ မှန်ထဲကြည့်ပြီး ပြောရဲတဲ့သူရှိလျှင် လက်ညှိုးထောင်ဟုစိန်ခေါ်ပါက ထောင်ရဲ သူ အတော်ရှားလိမ့်မည်ထင်သည်။

အဘယ့်ကြောင့်ဆိုသော် မရိုးသားသောနည်းဖြင့် အုပ်စိုး သူတွေ ကြီးပွားချမ်းသာသောနိုင်ငံတွင် ရိုးသားစွာ ရှာစားသူတွေ အဖို့ ထမင်းနပ်မှန်ရုံထက် မပိုနိုင်လို့ ဖြစ်ပါသည်။

ဒါကြောင့် စင်ကာပူခေါင်းဆောင်ကြီး လီကွမ်ယုပြောသော စကားတစ်ခွန်းက သွေးထွက်အောင်မှန်သည်ကို တွေ့ရသည်။

''ကမ္ဘာ့အဆင်းရဲဆုံးသောနိုင်ငံများသည် နိုင်ငံနှင့် ပြည်သူတွေ သာ ဆင်းရဲတွင်းနက်သော်လည်း အုပ်ချုပ်သူအစိုးရကတော့ ကမ္ဘာ့လူချမ်းသာစာရင်းဝင်များဖြစ်ကြသည်'' ဟု ဆိုပါသည်။ သို့သော်။

ဆင်းရဲသောပြည်သူနှင့် တစ်သားတည်းနေကာ တစ်သွေး တည်းစီးခဲ့ပြီး သေသည်အထိ တိုင်းပြည်နှင့်လူမျိုးအပေါ် ရိုးသားစွာ သမိုင်းရေးသွားခဲ့သူတစ်ယောက်တော့ ရှိခဲ့ဖူးပါသည်။ လူ့သမိုင်းကောင်းဟူသည် လူတိုင်းရေးလို့ရတာမျိုးမဟုတ်။ ရိုးသားသန့်စင်သူများသာ ကိုယ့်သမိုင်းကိုယ်လှအောင် ရေး တတ်စမြဲဖြစ်၏။

ထိုသူကား အခြားမဟုတ်။

ကျွန်ုပ်တို့၏ နှလုံးသားတွင် ဘယ်လက်နက်ဖြင့် ဖျက်ဖျက်၊ ဘယ်အာဏာနှင့် ဖျက်ဖျက် ဘယ်တော့မှမပျက်သည့် ရိုးသား သော အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းပင်ဖြစ်ပါ သည်။

***

သို့ဆိုလျှင်။

သူ ဘယ်လောက်ရိုးသားခဲ့သလဲ။

သူ ဘယ်လိုရိုးသားခဲ့သလဲ။

ငယ်စဉ်ကတည်းက တောက်ချင်တဲ့မီးခဲတရဲရဲဟု ဆို စကားရှိပါသည်။ ဗိုလ်ချုပ်သည် နိုင်ငံရေးလုပ်မှ ရိုးသားတာ မဟုတ်။ ငယ်စဉ်တောင်ကျေးကလေးဘဝကတည်းက ရိုးသားခဲ့ သူဖြစ်၏။ ဗိုလ်ချုပ်ငယ်စဉ်ကလေးဘဝက ဗိုလ်ချုပ်၏အမေ ဒေါ်စုသည် ဈေးသည်ဖြစ်၏။ ဈေးသည်ပီပီ ဈေးသည်တို့၏ ထုံးစံအတိုင်း တစ်ခါတစ်ရံ ဝယ်သူတွေအပေါ် မှသားမပါ လက်ာမချော ပြောရ၏။ အောက်ဈေးနှင့်ဝယ်ထားသော ကုန်ဖြစ်သော်လည်း တက်ရိပ်မြင်လျှင် တက်ဈေးနှင့် ဝယ်ထားရသလိုမျိုး ဈေးပိုပြောရလေ့ရှိ၏။

ဤကဲ့သို့သောအခါမျိုးတွင် အနားတွင်ရှိနေသော မောင် ထိန်လင်း (ဗိုလ်ချုပ်၏ငယ်နာမည်) က ဈေးဝယ်သူတွေပြန်သွား ပြီဆိုသည်နှင့် အမေစုကို ဝေဖန်တော့၏။ ပြန်ပြောတော့၏။ ဝယ်သူတွေအပေါ် အမေ ဈေးပိုပြောတာ၊ လိမ်ပြောတာမျိုးတွေ ကို သူမကြိုက်ကြောင်း ခပ်ဘွင်းဘွင်း ပြန်ပြောလေ့ရှိသည်။ ကလေးရယ်လို့ ဖာသိဖာသာ နေတတ်သူမျိုးမဟုတ်။ ငယ်စဉ် ကတည်းက အရာရာကို သတိရှိသလို မဟုတ်မမှန်တာကိုလည်း လက်မခံသူဖြစ်သည်။ တစ်နည်းအားဖြင့် ငယ်စဉ်ကတည်းက ရိုးသားမှုဇာတိပြခဲ့သူဖြစ်သည်။

ဤရိုးသားသောစိတ်ဓာတ်သည် တကယ်တော့ စာရိတ္တ သတ္တိ၏ အခြေခံရေသောက်မြစ်ပင်ဖြစ်သည်။ ကာယသတ္တိ၊ စိတ္တသတ္တိနှင့် စာရိတ္တသတ္တိဟူသော

သတ္တိသုံးမျိုးတွင် စာရိတ္တ သတ္တိသည် အရေးအကြီးဆုံးနှင့် တန်ဖိုးအကြီးမားဆုံးဖြစ်သည်။ စိတ်ထားနှလုံးသားမရိုးသားဘဲနှင့် စာရိတ္တသတ္တိရှိဖို့ လုံးဝမလွယ် ကူပါပေ။ စာရိတ္တသတ္တိဟူသည် ပစ္စည်းဥစ္စာ၊ ရာထူးအာဏာ အရှိန်အဝါဟူသမျှကို မတရားသောနည်းဖြင့် လုံးဝ ယူလိုသော ဆန္ဒမရှိခြင်းဖြစ်သည်။

မိုလ်ချုပ်၏လူငယ်ဘဝ၊ ကျောင်းသားဘဝတစ်လျှောက်လုံး တွင် ဖြစ်သလိုနေ ဖြစ်သလိုဝတ်နှင့်ပဲ စခန်းသွားခဲ့၏။ ပင်နီ တိုက်ပုံဝတ်၍ ခုံဖိနပ်စီးပြီး ကျောင်းတက်ခဲ့သူဖြစ်၏။ လူငယ် လူပျိုလေးဟူ၍ ရှိုးထုတ်ရကောင်းမှန်းမသိ။ စိတ်ထားရိုး၍ အနေရိုးခြင်းဟု ပြောနိုင်ပါ၏။

တိုင်းပြည်၏ အဓိပတိမဖြစ်ခင် တက္ကသိုလ်သမဂ္ဂကျောင်း သားဘဝတွင် မှန်မည်ထင်တာကို ရဲရဲပြော၏၊ ရဲရဲလုပ်၏။ ထိုသို့ လုပ်ရင်းကိုင်ရင်း ပြောရင်းဆိုရင်း မှားလျှင်လည်း မှားကြောင်းကို ဝန်ခံဖို့ ဝန်မလေးသူဖြစ်၏။ အမှားကို ဝန်ခံရဲသူမျိုးသည် ရိုးသားသောစိတ်နှင့်၊ ရိုးသားသောသတ္တိနှင့် ပြည့်စုံသူတို့သာ လုပ်နိုင်သောအလုပ်ဖြစ်၏ (အမှားလုပ် အမှားပြောပြီး ဝန်မခံရဲဘဲ သူရဲဘောကြောင်သည့် ခေါင်းဆောင် ထဲတွင် မိုလ်ချုပ် မပါဝင်ပါ)။

ပြီးတော့ နိုင်ငံတော်၏ အဓိပတိဖြစ်ချိန်တွင် ကိုယ့်ဇနီး ကိုယ်ပြောတာတောင် "ကြည် ပဲပြုတ်နဲ့ နံပြားရရင်စားချင်တယ်" တဲ့။ ဆိတ်စွပ်နှင့် နံပြားစားချင်တယ်ဟု မပြော။ လေသံတွင်၊ ပြောဟန်တွင် ရိုးသားမှုအပြည့်ပါသည်ဟု ပြောနိုင်၏။

ရုပ်ရှင်ကြည့်တော့လည်း ငါးမူးတန်း၊ ရိုးရိုးတန်း။ ဆိတ် သားကပတ် စားချင်တာတောင် တပည့်ပိုက်ဆံနှင့် စားရသူ ဖြစ်၏။ လွတ်လပ်ရေးအတွက် အင်္ဂလန်သွားတော့လည်း နိုင်ငံတော်အဓိပတိရယ်လို့ လေယာဉ်စင်းလုံးနေနေသာသာ ကိုယ်ပိုင်အနွေးအင်္ကျီပင် ပြည့်စုံအောင်မပါသူ။ အိန္ဒိယဝန်ကြီး ချုပ်နေရူးက ချုပ်ပေးလိုက်လို့ အနွေးအင်္ကျီအဖြစ် တူတူတန်တန် ဝတ်ရသူဖြစ်၏။

စိတ်ရိုးသားတော့ နှလုံးသားရိုးသည်။ နှလုံးသားရိုးတော့ အဝတ်ရိုးသည်၊

အစားရိုးသည်၊ အနေရိုးသည်၊ အပြောရိုးသည်၊ အလုပ်ရိုးသည်။

ဒါကြောင့်မို့ပဲ ထင်သည်။

"နိုင်ငံရေးလုပ်တဲ့အခါ ပညာတတ်ရုံနဲ့ မလုံလောက်ဘူး၊ ရိုးသားဖို့လည်းလိုတယ်"ဟူသော ဗိုလ်ချုပ်ပြောခဲ့ဖူးသော စကားတစ်ခွန်းကို မကြာခဏ သတိရသည်။ သမိုင်းခေတ် အဆက်ဆက်တွင် မရိုးသားဘဲ နိုင်ငံရေးလုပ်စားသူ အတု အယောင်များ ရှိခဲ့ဖူးကြောင်းနှင့် နောင်လည်း ရှိနိုင်ကြောင်းကို ကြိုတင်တွေးဆပြောခဲ့ဟန်တူသည်။

တကယ်တော့ ဗိုလ်ချုပ်အောင်ဆန်းသည် ရိုးသားမှုကို ချစ်သူဖြစ်သလို ရိုးသားမှုနှင့် တစ်သားတည်းဖြစ်အောင် ရိုးသားမှုထဲ စူးစူးရဲရဲ ပျော်ဝင်ခဲ့သူဖြစ်သည်။

***

(၃)

လူ့ဘဝဆိုသည်မှာ အင်မတန် တိုတောင်းလှပါသည်။ ထိုတိုတောင်းလှသော ဘဝထဲမှာမှ ဗိုလ်ချုပ်ခမျာ အသက် ၃၃ နှစ်တောင် ပြည့်အောင် နေမသွားခဲ့ရ။ အကြွေစောလို့ နှမြောရ။ မလွန်ဆန်နိုင်သော သင်္ခါရ။ ကြုံရဆုံရ ဝဲသြဂ။

သို့သော်။

အသက်သေသော်လည်း နာမည်မသေပါ။ ဘဝတိုသော်လည်း သမိုင်းကြောင်းရှည်လျက်ပါ။ သမိုင်းကြောင်းရှည်သမျှ ရာဇဝင်လည်း မွှေးလျက်ပါ။ ဘာကြောင့်လဲ။

အရိုးသားဆုံးနှလုံး၊ အရိုးသားဆုံးအပြုံးနဲ့ အရိုးသားဆုံး သေရဲခဲ့လို့ ဖြစ်ပါသည်။

သူပြောခဲ့သလို သွေးအေးအေးနဲ့ သေရဲဖို့ ၂ နှစ်တောင်

လေ့ကျင့်ခဲ့တယ်ဆိုသည့်အတိုင်း တစ်စက်လေးမျှမဖြုံဘဲ ရဲရဲကြီး သေပြသွားခဲ့သည်မှာ

တိုင်းပြည်နှင့်လူမျိုးအပေါ် သူချစ်သောသတ္တိက တကယ့်ရိုးသားသော အဖြူထည်စစ်စစ်ကြီး

ဖြစ်လို့ဆိုတာ ယုံမှားသံသယမရှိပါ။ ဒါ့ကြောင့် ကဗျာဆရာ ခရမ်းပြာထက်လူက အခုလို

မိုလ်ချုပ်ကို လှပစွာ ကဗျာဖွဲ့ခဲ့တာဖြစ်မည်။

သမိုင်းဆိုတာ

နောက်ကလိုက်ရတဲ့ အစေခံတစ်ယောက်သာဖြစ်ပြီး

အာဇာနည်ဆိုတာ

ရှေ့ကသွားနေတဲ့ သူရဲကောင်းတစ်ယောက်သာဖြစ်တယ်။

---------------------

ကြည့်ချင်ရင်

အာဏာပါဝါမသုံး

ရုပ်ရှင်တစ်ကားကို ဈေးအပေါဆုံးရှေ့တန်းကဝင်ကြည့်ဖို့

ဝန်မလေး

ကျည်ဆန်တွေမထိမှန်ခင်ကတည်းက

သူ့စွပ်ကျယ်က ဆန်ခါပေါက်ဖြစ်နေခဲ့တာလေ

---------------------

ငါတို့တစ်သက်မမေ့ရအောင်

သူဘာများရသွားခဲ့လို့လဲ

'ကျည်ဆန် ၁၃ တောင့်နဲ့ ကြေကွဲစရာစွန့်လွှတ်မှုကြီး'

ဒါပဲမဟုတ်လား။

အာဇာနည်ဆိုတာ/သူရဲကောင်းဆိုတာ

အိပ်ပျော်နေရင်တောင် အိပ်မက်မမက်ဘူး

ဘာဖြစ်လို့လဲဆိုတော့

အိပ်မက်က သူ့ကိုပြန်ပြီးအိပ်မက်မက်နေရမှာမို့လို့ပဲ။

အမှန်ပါပဲ။ အိပ်မက်က သူ့ကိုပြန်ပြီး အိပ်မက်မက်နေရ မယ့်သူဆိုတာ ကျွန်တော်တို့ချစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းပဲဖြစ် ပါသည်။ အာဇာနည်အောင်ဆန်းပဲဖြစ်ပါသည်။ သူရဲကောင်း အောင်ဆန်းပဲဖြစ်ပါသည်။

ဘာကြောင့်လဲ။ တွေးစရာမလိုပါ။ မေးစရာမလိုပါ။ သူ့ရိုး သားမှု အဖြူစစ်စစ်ကြောင့်ပဲဖြစ်သည်။

ဒါ့ကြောင့် တစ်ခွန်းပဲပြောလိုက်ချင်ပါသည်။ သူ့ထက်ရိုးသားသူရှိလျှင်တောင် သူ့လောက်မရိုးသားဘူး ဟုဆိုလျှင် ကျွန်တော့်အလွန် မဖြစ်တန်ရာပါပေ။ ထို့အတူ အိပ်မက်ကပြန်ပြီးမက်ရတဲ့အိပ်မက်ဆိုတာလည်း . . . .။

မြေလတ်မောင်မြင့်သူ

***




အဖေသာဆုံးသွားရော မှတ်မှတ်ရရ အဖေ့အနားမှာ တစ်ခါမှ ကြာကြာမနေခဲ့ရဖူးပေ။ ကျွန်တော် တို့ငယ်စဉ်ကတည်းက အဖေသည် နယ်စုံလျှောက်သွားနေရသူဖြစ်၏။ အိမ်မှာ ထာဝရအတူတူ နီးနီးကပ်ကပ်နေခွင့်ရခဲ့သူများမှာ

မေမေကြီးနှင့်မေမေသာလျှင်ဖြစ်၏။ မေမေ၏အမေ ကျွန်တော် တို့အဘွားကို ကျွန်တော်တို့က အဘွားဟုမခေါ်ဘဲ မေမေကြီးဟုသာခေါ်ခဲ့၏။ မေမေကြီး၏ခင်ပွန်း ကျွန်တော်တို့အဘိုးမှာ ကျွန်တော် စတုတ္ထတန်းကျောင်းသားဘဝမှာပင် ကွယ်လွန်သွားခဲ့၏။ အဘိုးနှင့်လည်း ကြာကြာ မနေလိုက်ရပေ။ အဖေ့ဘက်ကတော်စပ်ရသော အဘိုးနှင့်အဘွားတို့ကလည်း နယ်ဒေသမှာမို့ သူတို့ထံ နွေကျောင်းပိတ်ရက်လောက်မှသာလျှင် တစ်ခါတလေ ကျွန်တော်ရောက်သွားတတ်ပါသည်။ နယ်မှအဘိုးအဘွား အဖေအမေ တို့အားလုံးမှာ ဝါသနာအားဖြင့် တူညီကြတာလေးတစ်ခုရှိ၏။ စာဖတ်ဝါသနာပါကြခြင်းဖြစ်သည်။ ကျွန်တော်တို့ငယ်စဉ်က ပြည်ပနိုင်ငံများမှ သတင်းစာများအပြင် ပြည်တွင်းထုတ် ပုဂ္ဂလိကနေ့စဉ်သတင်းစာတွေကလည်း အရေအတွက်များ လှပေရာ အိမ်မှာ သတင်းစာ တော်တော်စုံစုံ တွေ့ရလေသည်။ အိမ်မှလူကြီးသူမများရော နယ်မှအဘိုးအဘွားတို့ပါ သတင်းစာ များသာမက မဂ္ဂဇင်းစာအုပ်တွေလည်း ဝယ်ဖတ်ကြသည်။

တခြားစာအုပ်မျိုးစုံလည်း ဝယ်ဖတ်ကြသည်။ အဖေလည်း စာဖတ်ဝါသနာပါ၏။ အဖေက နယ်စုံလျှောက်သွားနေတတ် သလို အလုပ်လည်းစုံပါသည်။ ကျောင်းဆရာလည်း လုပ်ဖူး သည်။ စစ်ထဲလည်းဝင်ဖူး၏။ လွတ်လပ်ရေးမရမီကာလအထိ အဖေသည် စစ်ဝန်ကြီးရုံးမှာ တာဝန်ထမ်းဆောင်ခဲ့၏။ ထိုမှ တစ်ဖန် သူ့သူငယ်ချင်းများက ဆောက်လုပ်ရေးကန်ထရိုက် လုပ်ငန်းကုမ္ပဏီတစ်ခုထောင်ရာ အဖေက မန်နေဂျာ တာဝန်ယူခဲ့၏။

ကန်ထရိုက်တာဘဝဖြင့်လည်း နယ်တကာ လျှောက်သွားကာ ဆောက်လုပ်ရေးအလုပ်တွေ လုပ်ရပြန်သည်။ အိမ်မှာနေရလှ ခဏတာမျှသာ။ ဧည့်သည်သွား ဧည့်သည် လာပမာ။ သားသမီးများနှင့်လည်း ကြာကြာ မဆုံရ၊ မတွေ့ရ တတ်သော အဖေ့အား သူ နေထိုင်မကောင်းဖြစ်၍ ဆေးရုံ တက်ရတော့မှပင် ကျွန်တော်တို့ အနီးကပ် ပြုစုခွင့်ရပါ တော့သည်။ ကျွန်တော့်ထက်စာလျှင် ကျွန်တော့်ညီနှစ်ယောက် က ပို၍ အဖေ့ကို အနီးကပ် တွေ့ခွင့်၊ ပြုစုခွင့် ရလိုက်ပါသည်။ အဖေကွယ်လွန်ခါနီးအချိန်တွင် ကျွန်တော်က Oil and Water Tender ခေါ် သင်္ဘောကြီးတစ်စီးတွင် အင်ဂျင်စက်ခန်းအုပ် တာဝန်ကို ထမ်းဆောင်နေရသည်။ ကျွန်တော်နှင့်အတူ လုပ်ဖော်ကိုင်ဖက်ဖြစ်သော ကိုအောင်ခင်က စာမေးပွဲတစ်ခု ဖြေစရာရှိလာ၍ ခွင့်ယူသွားသည်။ သူ့တာဝန်ကိုပါ ကျွန်တော်က

သင်္ဘောတွင် တာဝန်ယူ၍ အချိန်ပြည့် နေပေးရသည်။ ထို့ကြောင့် အဖေဆုံးသည့်နေ့၊ အဖေ့ကိုသင်္ဂြိုဟ်သည့်နေ့၊ အဖေ့ရက်လည်နေ့များတွင် ကျွန်တော် မသွားနိုင်ခဲ့ပေ။ ခွင့်ရက်စေ့၍ သင်္ဘောသို့ ကိုအောင်ခင် ပြန်ရောက်လာသောအခါ "သတင်းစာထဲမှာ အစ်ကို့အဖေနာရေး တွေ့ရပါတယ်။ ဒါပေမဲ့ ကျွန်တော် စာမေးပွဲဖြေရတဲ့ရက်တွေနဲ့ တိုက်ဆိုင်နေလို့ လိုက်မပို့နိုင်ခဲ့ဘူးအစ်ကို"ဟု ဝမ်းနည်းစကားပြောပါသည်။ အဖေ့နာရေးကိစ္စ ကျွန်တော် မသွားနိုင်ခဲ့သည့်အတွက်လည်း သူ စိတ်မကောင်းဖြစ်ရကြောင်းကို တဖွဖွ ပြောရှာပါသည်။ တော်ပါသေး၏။ ထိုနှစ်က သူ စာမေးပွဲအောင်သွားပါသည်။ ကျွန်တော့်ကို ကျေးဇူးတင်ကြောင်းလည်း မကြာမကြာ ပြောတတ်ပါသည်။ သူနှင့်ကျွန်တော် ရေးရေစက်မကုန်ခဲ့ပေ။ တစ်ခါတွင် သူသည် ရန်ကုန်မြို့ရှိ ပုဂ္ဂလိကပိုင်ဟိုတယ် ကြီးတစ်ခုတွင် လုပ်ငန်းခွင်ဝင်ခဲ့သေး၏။ ထိုစဉ်က ကျွန်တော်နှင့် ခင်မင်သော လူငယ်လေးတချို့မှာ အလုပ်အကိုင်အခက်အခဲရှိနေကြရာ ကျွန်တော်က ကိုအောင်ခင်ထံ စာရေးပေးလိုက်၏။ ကျွန်တော်ရေးပေးလိုက်သည့် စာကိုဖတ်ပြီး အဲသည့် လူငယ်လေးတွေကို ဟိုတယ်မှာ သင့်တော်ရာအလုပ်တွေ သူ ခန့်ပေးခဲ့ဖူးပါသည်။ သူ့ကို ကျေးဇူးတင်ပါ၏။ သူနှင့်မတွေ့ရ၊ မဆုံရသည်မှာ ကြာလေပြီ။ အဖေဆုံးခဲ့သည်မှာလည်း နှစ်တွေ ကြာခဲ့လေပြီ။ သို့သော် အဖေ့ကို လွမ်းစရာလေးတွေက ရင်ထဲမှာ ကျန်နေဆဲပါ။ အဖေက ရုပ်ရှင်ကြည့်တာလည်း ဝါသနာပါသည်။ သူ အိမ်မှာရှိသည့်ရက်တချို့တွင် ရုပ်ရှင် ကြည့်တိုင်း ကျွန်တော့်ကို ခေါ်ခေါ်သွားလေ့ရှိပါသည်။ အဖေက 'ဘို'ဆန်တာတော့ မဟုတ်ပါ။ ရုပ်ရှင်ကြည့်လျှင်လည်း နိုင်ငံခြားရုပ်ရှင်တွေ အကြည့်များပါသည်။ စာဖတ်လျှင်လည်း နိုင်ငံခြားစာနယ်ဇင်းများကို အဖတ်များပါသည်။ သူ ဖတ်ရသည့် စာကောင်းပေမွန်လေးများအကြောင်းကိုလည်း ကျွန်တော်တို့လို သားများအား အချိန်ရလျှင်ရသလို ပြန်ပြန်ပြီး ပြောပြ တတ်ပါသည်။ အဖေ အိပ်ရာမဝင်မီညများလည်း ဖြစ်ပါသည်။ အဖေက စကားပြောကောင်းသဖြင့် နားထောင်၍လည်း ကောင်းပါသည်။ မှတ်မှတ်ရရ တစ်ခါတွင် အဖေက ဂျာနယ် တစ်စောင်ကိုဖတ်ပြီး သူနှစ်သက်သည့် ဆောင်းပါး ကလေးအကြောင်း ကျွန်တော့်ကို ပြန်ပြောပြဖူးသည်။ ဗြိတိန်နိုင်ငံမှာ ထုတ်ဝေသည့် ဂျာနယ်တစ်စောင်ဖြစ်၏။ Britishsian Socialist Fellowship Transport မှ သောဂျာနယ်ဖြစ်သည်။ ဂျာနယ်အမည်မှာ East

and West ဖြစ်သည်။ အဲသည်ဂျာနယ်ထဲတွင် အင်္ဂလိပ်စာရေးဆရာ Hute Jickins ဆိုသူ ရေးသားထားသည့် ဆောင်းပါးလေးအကြောင်း ကို အဖေက ကျွန်တော့်ကို ပြောပြခြင်းဖြစ်သည်။ အဖေက ပြောပြတာကို မှတ်မိသမျှ ကျွန်တော် ပြန်ပြောပြရပါလျှင် အဆိုပါဆောင်းပါးရှင်က ကျွန်တော်တို့၏ အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် တွေ့ခဲ့ဖူးပုံကို ရေးထားခြင်းဟု သိရပါ၏။ ဆောင်းပါးရှင်က ဗိုလ်ချုပ်ကို လေးစားသူလည်း ဖြစ်သည်။ ထို့ကြောင့် ဗိုလ်ချုပ်နှင့် လူချင်း မဆုံမီကတည်းကပင် စာတစ်စောင်ရေးပို့ဖူးသည်။ ဖက်ဆစ်ဆန့် ကျင်ရေးပြည်သူ့လွတ်လပ်ရေးအဖွဲ့မှ ဦးဘဂျမ်းကတစ်ဆင့် ထိုစာကို ပေးပို့ခဲ့ခြင်းဖြစ်၏။ ဆောင်းပါးရှင် မစ္စတာဂျစ်ကင်းစ် သည် မြန်မာပြည်သို့ လာစရာကိစ္စတစ်ခုပေါ်လာခဲ့၏။ ရန်ကုန် အသံလွှင့်ဌာနသို့လာခြင်းဖြစ်သည်။ သူသည် ဗြိတိသျှစစ်တပ်မှ လေတပ်အရာရှိတစ်ယောက်လည်းဖြစ်သည်။ ရန်ကုန်အသံလွှင့် ဌာနတွင် အင်္ဂလိပ်ဘာသာကဏ္ဍကို ခေတ္တတာဝန်ယူရန် ရောက်လာခြင်းဖြစ်သည်။ သူက ဗိုလ်ချုပ်အောင်ဆန်းကို တွေ့ဆုံလိုကြောင်းပြောသည်။ ဦးဘဂျမ်းက လိုက်ပို့ပေးခြင်း ဖြစ်သည်။ ဆောင်းပါးရှင် Hute Jickins မှာ လေတပ် အရာရှိဖြစ်သလို ဆိုရှယ်လစ်ဝါဒီတစ်ယောက်မှန်း ဗိုလ်ချုပ် အောင်ဆန်းက သိသွားသည့်အခါ ဗိုလ်ချုပ်က "ခင်ဗျားတို့ ဆိုရှယ်လစ်တွေကိုတော့ မယုံတယုံပဲဗျ" ဟု ပြောကြောင်း လည်းသိရသည်။ ဗိုလ်ချုပ်ကိုသွားတွေ့၊ သွားစကားပြောပြီး နောက်ပိုင်း မစ္စတာဂျစ်ကင်းစ်လည်း ဗြိတိန်နိုင်ငံသို့ ပြန်သွားသည်။ မကြာမီ အောင်ဆန်း- အက်တလီစာချုပ် ချုပ်ဆို လက်မှတ်ရေးထိုးဖို့ကိစ္စအတွက် ဗြိတိန်နိုင်ငံသို့ ဗိုလ်ချုပ်တို့ ရောက်လာကြရာ ဆောင်းပါးရှင်က သွားရောက် တွေ့ဆုံခဲ့ပြန်ကြောင်းသိရသည်။ ယခုကဲ့သို့ လန်ဒန်မြို့သို့ ရောက်နေခိုက်မှာ ဒုတိယအကြိမ် ပြန်လည်တွေ့ဆုံခွင့်ရ၍ ဝမ်းသာမိကြောင်း ဆောင်းပါးရှင်ဂျစ်ကင်းစ်က ဗိုလ်ချုပ်ကို ပြောပြီး ဗြိတိသျှအစိုးရအဖွဲ့ကို ဘယ်လိုမြင်ပါသလဲ ဟုမေးသည်ဆိုပါ၏။ ကျွန်တော့်အဖေက အဲသည် ဆောင်းပါး ထဲမှာ ဗိုလ်ချုပ်အောင်ဆန်းက ဆောင်းပါးရှင်ကို ပြန်ပြောလိုက် သည့် စကားတစ်ခွန်းအကြောင်း ကျွန်တော့်ကို ပြောပြပါသည်။ "ဗြိတိသျှအစိုးရဟာ အခုထက်ထိ Imperialist အစိုးရပဲ ဖြစ်နေသေးတယ်လို့ ဗိုလ်ချုပ်အောင်ဆန်းက ပြောလိုက်တယ် တဲ့" ဟု အဖေက

ပြောပြပါသည်။ နယ်ချဲ့အစိုးရပဲ ဖြစ်နေသေး တယ်ဟု ဗိုလ်ချုပ်က ပြောလိုက်ခြင်းပင်။ အဖေက ''အဲဒီ စကားတစ်ခွန်းက တော်တော်ထိရောက်တယ်''ဟု ပြောနေပါ သည်။

အဖေက ဗိုလ်ချုပ်အောင်ဆန်းကို ရိုသေလေးစားသလို ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ချုပ်ကျော်ဇောကိုလည်း ရိုသေလေးစား သူဖြစ်သည်။ ထိုစဉ်က ကျွန်တော်တို့မိသားစု ရန်ကုန်မြို့ အလုံ စူပါဘင်လမ်းထဲက ခြံကလေးတွင် နေထိုင်ခဲ့ကြသည်။ တစ်ရက်တွင် ကျွန်တော် ကျောင်းပိတ်ထားတုန်းမို့ အဖေ့ကို ''ဖေဖေ ကျွန်တော်သွားကိုက်နေတယ်။ ဖေဖေအိမ်မှာရှိတုန်း သွားဆရာဝန်ကြီးဆီ လိုက်ပို့ပေးပါ''ဟု ပူဆာမိသည်။ ထိုရက် က နယ်သို့မသွားဘဲ အိမ်မှာရှိနေခိုက်မို့ထင်၏။ အဖေက ကျွန် တော့်ကို ချက်ချင်းပင် စမ်းချောင်းရပ်ကွက်သို့ ခေါ်သွားပါသည်။ စမ်းချောင်းရပ်ကွက်ထဲမှာ အဖေ့မိတ်ဆွေ သွားဘက်ဆိုင်ရာ ဆရာဝန်ကြီး၏ ဆေးခန်းရှိသည်။ ကျွန်တော့်သွားများကို ဆရာဝန်ကြီးကြည့်ပြီး ပိုးစားနေသော သွားတစ်ချောင်းကို နုတ် ပေးလိုက်သည်။ ဆေးထည့်ပေးသည်။ သောက်ဆေးလည်း ပေးလိုက်သည်။ အပြန်ကျတော့ အဖေက စမ်းချောင်းရပ်ကွက် ထဲမှာရှိသော အိမ်တစ်အိမ်သို့ဝင်သည်။ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ချုပ်ကျော်ဇော၏နေအိမ်ဖြစ်သည်။ စစ်သားဟောင်းဖြစ် သောအဖေ ဗိုလ်ချုပ်ကို ရိုသေလေးစားစွာ အလေးပြုခဲ့သည့်ပုံရိပ် ကလေးကို ကျွန်တော် ပြန်လည်မြင်ယောင်နေမိပါသည်။ အဖေ ဆုံးသည့်နေ့မှာ ၁၉၈၀ ခုနှစ် မတ်လ ၂၅ ရက်နေ့၊ ပြီးခဲ့သည့် ၂၀၁၄ ခုနှစ်မတ်လ ၂၅ ရက်နေ့က ၃၄ နှစ်တင်းတင်း ပြည့်ခဲ့ လေပြီ။ အဖေကောင်းရာ သုဂတိလားပါစေ။

ဆောင်းဝင်းလတ်

***





သစ်ရွက်သည်
ချစ်တတ်လာလျှင် ပန်းပွင့်ဖြစ်လာ၏။
ပန်းပွင့်သည်
ရိုက်ကျိုးကိုးကွယ်တတ်လာလျှင်

အသီးဖြစ်လာ၏။

အချစ်ဆိုတာဘာလဲဟု ကျွန်တော် တွေးကြည့်နေစဉ် နှလုံးသားထဲ ဖြန်းစားကြီး ခုန်ဝင်လာသော ကဗျာကျော်စာဆို ကြီးတဂိုး၏ 'တေလေငှက်'ထဲက စာသားတချို့ပဲဖြစ်ပါသည်။ အမှန်အတိုင်းဆိုရလျှင် အငိုလွယ် အရယ်လွယ်သော ငယ်ဘဝ ကို ဖြတ်သန်းပြီး အရွယ်ရ အနည်ကျပြီဟုထင်သော ယခု အချိန်ရောက်သည့်တိုင် အချစ်ဆိုတာဘာလဲဟု မေးလာငြားက ကျွန်တော် ရုတ်ခြည်း ရေရာပိုင်ပိုင် ဖြေနိုင်မည်မဟုတ်တာ သေချာပါသည်။

ကဗျာကျော်ပါရှားစာဆိုကြီး အိုမာခရမ်ကတော့ 'ကန္တာရ ထဲက သစ်ရိပ်အောက်မှာ ကဗျာကျမ်းတစ်စောင်၊ ပေါင်မုန့် တစ်လုံး၊ စပျစ်ရည်တစ်အိုးနဲ့ မြတ်နိုးသူတစ်ယောက်သာရှိနေ မယ်ဆိုရင် ကန္တာရဟာလည်း နိဗ္ဗာန်ဘုံကလေးတစ်ခုဖြစ်နေ လိမ့်မယ်'ဟု အတည်ပေါက် ပြောခဲ့သည်။ ကျွန်တော်တို့ဆီက ခေတ်ပေါ်ကဗျာအရေးကောင်းလှသော ဇာတ်မင်းသား ကိုသိန်းဇော် ကတော့

အမှာစာမရှိဘဲ
နှင်းဆီပန်းတွေပွင့်ခဲ့တာ
ကမ္ဘာဦးအစက ယနေ့အထိ . . . တဲ့။

ဟုတ်လိုက်လေ။ အချစ်ဆိုတာလည်း အမှာစာမရှိဘဲ ကမ္ဘာဦးအစကတည်းမှသည် ယနေ့တိုင် ပွင့်လန်းနေတဲ့ နှင်းဆီ တစ်ပွင့်ပဲမဟုတ်လား။

***

ဤသို့ဆိုပါလျှင်

လူရယ်လို့ဖြစ်လာသူမှန်သမျှ ဘဝမှာ တစ်ခါတော့ ရင်ထဲ လေညင်းနဲ့အတူ နှင်းဆီနီနီရဲရဲတစ်ပွင့် ဖူးပွင့်ခဲ့ကြသူတွေချည်း သာ ဖြစ်လိမ့်မည်ထင်ပါသည်။ သို့ဖြင့်

အိုမာခရမ်ရင်ထဲ နှင်းဆီ ပန်းတစ်ပွင့် ဖူးပွင့်ခဲ့၊ ဇာတ်မင်းသား ကဗျာဆရာကိုသိန်းဇော် ရင်ထဲ နှင်းဆီပန်းတစ်ပွင့် ဖူးပွင့်ခဲ့၊ ကျွန်တော်တို့ အိုးဝေခေါင်း ဆောင် ကိုအောင်ဆန်း တစ်ဖြစ်လဲသခင်အောင်ဆန်းရင်ထဲမှာ လည်း နှင်းဆီပန်းတစ်ပွင့် ဖူးပွင့်ခဲ့မှာ သေချာပါသည်။

ကျွန်တော်တို့ အများစု သိရှိနားလည်ထားသည်က ကိုအောင်ဆန်းခေါ် ဗိုလ်အောင်ဆန်း၏ အချစ်ဦး နှင်းဆီပန်း တစ်ပွင့်သည် ဂျပန်ခေတ်ဆေးရုံကြီးပေါ်တွင် တွေ့ရှိခဲ့သည့် ကရဏာရှင်မလေး သူနာပြုဆရာမ မခင်ကြည်။ ကျွန်တော်တို့ ဒီလိုပဲ နားလည်မှတ်သားခဲ့ကြသည်။

"ငွေသော်တာရောင်ခြည် . . . ထိန်လင်းတော့သည် . . . ဘုံကြိုးပြတ်တဲ့မိုးနတ်မဒီ . . . သဒ္ဒါကပိုသည် . . . .ဆရာမကိုပဲ အသည်းစွဲအောင်ချစ်မိပြီ . . ."

ဆိုသော 'ဆရာမ'သီချင်းပင်။ လူအများ နှုတ်ဖျားဝယ် ရေပန်းစား ထင်ရှားခဲ့သည်။ တချို့ဆို အဲဒီသီချင်းကို ဗိုလ်ချုပ် အောင်ဆန်းရေးခဲ့သည်ဟု ထင်မြင်ယူဆသည်အထိ ဖြစ်ခဲ့ရ၏။ တကယ်တော့ ထိုသီချင်းလက်ရာရှင်ကား ကရင်အမျိုး သား ခေါင်းဆောင်ကြီးစောစံဖိုးသင်တို့အဖွဲ့မှ ကရင်ရဲဘော်လေး တစ်ဦးဖြစ်သည်။ ကရင်ပြည်နယ်သို့ ရောက်ရှိလာသော အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် ဇနီးသည် ဒေါ်ခင်ကြည်တို့ကို ချစ်ကြည်စွာ ကြိုဆိုဂုဏ်ပြုလိုသဖြင့် ရေး စပ် ဧည့်ခံ သီဆိုခဲ့တာပဲဖြစ်သည်။ အမှတ်မထင်ဆိုသော်လည်း ခေတ်အဆက်ဆက်ကို ကျော်လွှားဖြတ်သန်းကာ ယနေ့အထိ တိုင် တောက်ပလျက်ရှိတာ အားလုံးအသိ။

ဤသို့ဆိုလျှင် အခြား ဘာများရှိပါသေးသနည်း။ သူနာပြုကရုဏာရှင်မှတစ်ပါး အခြားမရှိ။ ကျွန်တော်တို့အများစု ထင်မှတ်ခဲ့ကြပါသည်။ နှစ်တွေကြာခဲ့ပြီ။ သို့သော် သူနာပြု ဆရာမလေးနှင့် မတွေ့ခင် သူ့ရင်ကို နှင်းဆီပန်းတစ်ပွင့်ဖြင့် လှမ်းပုတ်လှုပ်နှိုးခဲ့သူတစ်ဦး ရှိပါသေးသည်။ နာမည်ကျော် ဝတ္ထုရေးဆရာ မောင်သာရ၏ လွန်ခဲ့သော နှစ်လေးဆယ်ကျော်က ဝတ္ထုရှည်တစ်ပုဒ်၏အမည်လို 'သူ့အရင်ကတစ်ယောက် သူက တစ်ယောက်' ဟု ဆိုရမလောက်ပင်ဖြစ်သည်။ မည်မျှကြမ်းရိုင်းသော တောရဲကျားသစ်တစ်ကောင်ဖြစ်စေကာမူ ချစ်တတ်သော နူးညံ့နုလုံးသားပန်းတစ်ပွင့်နှင့်

ကြုံဆုံခွင့် ရခဲ့လျှင် ယဥ်ကျေးသိမ်မွေ့သွားသည်မှာ ဓမ္မတာ။

စာဆိုကြီးတဂိုးကတော့ သူ၏ ''ဆန်းစသော်တာ'' ကဗျာ ဝယ်

''ကျွန်တော်သည် နေခြည်ကိုလည်း ချစ်ခဲ့ဖူးပါပြီ။ ကောင်းကင်ကိုလည်း ချစ်ခဲ့ဖူးပါပြီ။ မြေကြီးကိုလည်း မက်ခဲ့ဖူးပါပြီ။ သန်းခေါင်ချိန် စီးဆင်းသော မြစ်ရေသံ လွမ်းချင်းကိုလည်း ကြားခဲ့ဖူးပါပြီ။ မိုးကုန်စ နေဝင်ချိန် တိမ်တောက်သည်ကိုလည်း မြင်ခဲ့ဖူးပါပြီ။ သို့သော်လည်း ကလေးဘဝတုန်းကပင် ဆုံဖူးခဲ့သော စံပယ်ဦးတို့ကိုကား သတိရဆဲပင်ဖြစ်ပါ၏''ဟု ဝန်ခံခဲ့သည်။

လူတိုင်းသည် ငယ်ဘဝ သစ်ပင်ရိပ်မှာ အတိတ်တွေရှိခဲ့ဖူး သလို ညောင်ညိုပင်စခန်းမှ လမ်းခွဲခဲ့ရသော ဇာတ်လမ်းတွေ ရှိခဲ့ဖူးကြပါလိမ့်မည်။ ကျွန်တော်ချစ်သော ညီလေးကဗျာဆရာ ခိုင်မြဲကျော်စွာကတော့ 'တံငါ'ဟူသော သူ့ကဗျာတစ်ပုဒ်မှာ 'ငယ်ငယ်တုန်းက ဖမ်းခဲ့တဲ့ ငါးကလေးကို ကျွန်တော်မမေ့ဘူး' ဟု ရေးခဲ့တာ ကျွန်တော့်ရင်ကမ်းစပ်ကို အခုတိုင် ရိုက်ခတ် နေဆဲ။

ဒါဆိုလျှင် ကျွန်တော်တို့ရဲ့ဟီးရိုး၊ ဇာတ်လိုက်ကြီး ကိုအောင်ဆန်းရော တစ်ခါက မြစ်ကမ်းပါးတစ်နေရာမှာ အချစ် ဆိုသော ငါးကလေးတစ်ကောင်ကို ဖမ်းခဲ့ဖူးပါသလား။ တကယ် တော့ သည်ငါးကလေးကို ကာယကံမြောက် ဖမ်းခဲ့သူတော့ မဟုတ်ပေ။ ဘဝတစ်ကွေ့မှာ ကျင်လည်လှုပ်ရှားရင်း ငါးက လေးတစ်ကောင်နှင့် တိုးမိတိုက်မိရင်း သံယောဇဉ်အမျှင် တန်းကာ ငွေ့ငွေ့ကလေး လွမ်းခဲ့ရုံသာရှိပါသည်။

***

အတိတ်ကိုဆောင်သော် ဇာတ်လမ်းက ဤသို့၊ ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား မဟုတ်သလို ဆန်းဆန်းပြားပြားကြီးလည်း မဟုတ်ပါချေ။ တစ်ခါက တစ်ဘဝ မှာပဲဖြစ်ပါသည်။ သခင်အောင်ဆန်း၊ လူငယ်ပီပီ မှုန်မှုန်ဆန်ဆန် ပုန်ကန်စိတ်ကလေးဖြင့်

နယ်ချဲ့ကိုတော်လှန်ဖို့ကိုသာ အာရုံ ဝင်စားနေသောကာလ။ သူ့ခေါင်းထဲ နိုင်ငံရေးမှအပ ဘာမျှမရှိ။ ချစ်တာတို့၊ မေတ္တာတို့၊ သံယောဇဉ်တို့ဆိုတာ တော်လှန်ရေး ခရီးမှာ နှောင့်ယှက်တုံ့နှေးစေသောအရာဟုသာ ထင်မြင်ယူဆပြီး ရေဆန်ခရီးဝယ် အောင်လံမလွှင့်နိုင်သေးသမျှ အိမ်ရာ ထောင်ခြင်းအမှုကို မပြုကြရန် သူကပဲ စောစောကတည်းက အသံလွှင့်ထားခဲ့သည်မဟုတ်လား။

အခုဇာတ်ကားမှာတော့ ဒါရိုက်တာက သခင်တင်မောင် (ကံ့မှုင်း)ဖြစ်သည်။

တစ်နေ့သ၌ သခင်တင်မောင်က အရယ်အပြုံးနည်းပြီး ရှုတည်တည်နေလေ့ရှိသော ကျွန်တော်တို့ဇာတ်လိုက်ကြီးကို ဓာတ်ပုံလေးတစ်ပုံ ထုတ်ပြသည်။ ရုတ်တရက်တော့ သူ ကြောင်သွားသည်။ ပြီးတော့ သတိပြန်ရကာ ဓာတ်ပုံလေးကို ကြည့်ပြီး စာနာစိတ်ဖြင့်

''ကျုပ်တော့ မိန်းမယူဖို့ စိတ်မကူးသေးဘူး။ အခု ခင်ဗျား က ဓာတ်ပုံတွေဘာတွေယူလာတော့ အပျက်အပျက်နဲ့ နှာ ခေါင်းသွေးထွက်သလိုများ ဖြစ်နေတာလားဗျာ''ဟုဆိုသည်။ မှန်ပါသည်။ ဓာတ်ပုံရှင်မိန်းမပျိုကို သူ အားနာနေသည်။ ဓာတ်ပုံရှင်ကား မြစ်ဝကျွန်းပေါ်ရွာကြီးတစ်ရွာက မြေပိုင်ရှင် စက်သူဌေးသမီးကလေး 'မရင်အေး'။ သူကလေးက ရုပ်ရည်ချောသလောက် သဘောမနောကောင်းသည်။ ဒါ့အပြင် စိတ်ရှည်လက်ရှည်ရှိသည့် မိုင်းကောင်းကျောက်ဖိ ကလေး။ အုပ်ထိန်းသူဆိုလို့ အမေတစ်ဦးတည်း ရှိပြန်သည်။ အမွေဆိုင်အနေဖြင့်လည်း မောင်လေးတစ်ယောက်တည်းသာ ရှိပြီး အဲဒီမောင်လေးကလည်း တို့ဗမာအစည်းအရုံးဝင် သခင် တစ်ယောက်။ သခင်အောင်ဆန်းနှင့်လည်း ရင်းနှီးသူ။ သခင် အောင်ဆန်းကိုလည်း ကျောင်းသားဘဝကတည်းက ကြည်ညိုလေးစားခဲ့သူ။ ဒါကြောင့် သခင်တင်မောင်က ကျွန်တော်တို့ ဇာတ်လိုက်ကြီး၏ ကြင်ယာဖက်လက်တွဲဖော်အဖြစ် စိတ်ကူး ကာ ရွေးချယ်ခဲ့တာဖြစ်သည်။ ဇာတ်လိုက်ကြီး ရင်ဘတ်ထဲမှာ ကား လောလောလတ်လတ်အနေဖြင့် နိုင်ငံရေးမှအပ ဘာမျှ မရှိ။ ကြင်ဖက်သက်လျာရှာဖို့၊ အိုးအိမ်ထူထောင်ဖို့ဆိုတာ ဝေလာဝေး။

သို့သော် သူတို့တော်လှန်ရေးခရီး၏ တစ်ဆစ်ချိုးကွေ့ တစ်ခုမှာ မပြေမပြစ် အဖုအထစ်တွေရှိသည်။ အမိကကား ငွေရေးကြေးရေးအခက်အခဲပြဿနာ အကယ်၍သာ ဇာတ်လိုက်ကြီးနှင့် မရင်အေး ငြိသွားလျှင် ဤပြဿနာအခက် အခဲတွေ အထိုက်အလျောက် ပြေလည်သွားနိုင်သည်။ သို့ဖြင့် သခင်တင်မောင်က သူ့ရဲဘော်တွေနှင့် လက်ဝါးရိုက်ကာ ဤ ရွှေဖူးစာဇာတ်ကားကြီးကို ရိုက်ကူးရန် စီစဉ်ခဲ့တာဖြစ်သည်။ မင်းသားကိုယ်တိုင်လည်း ခပ်ပါးပါး ဝိုးတဝါးမျှသာသိသည်။ တကယ်တမ်း ဇာတ်ဝင်ခန်း၏ ပထမရိုက်ညွှန်းအဖြစ် သခင် တင်မောင်က မရင်အေး၏ဓာတ်ပုံလေးကို တောင်းယူခဲ့ပြီး ပြရုံသာရှိသေး မင်းသားက ရုပ်ပါရုံရှင်ကလေးကို ငေးကြည့် လျက် သက်ပြင်းရှည်ချကာ

''ခက်တာပဲဗျာ သူကလေးကို မြင်ရတာ ကျွန်တော်လို ကောင်နဲ့တောင် မတန်ပါဘူးဗျာ။ ပြီးတော့ ကျုပ်တို့က တကယ့် မေတ္တာစစ်နဲ့ချစ်လို့ ကြံစည်ခဲ့တာလည်းမဟုတ်။ သူ့ကိုယူပြီး သူ့ပိုက်ဆံနဲ့ နိုင်ငံရေးလုပ်ဖို့ကြံကြတာ။ ဒါဟာ မတရားဘူးဗျ။ မှန်လည်းမမှန်ဘူး''ဟု ပြတ်ပြတ်သားသား ပြောလေသည်။ ဤကား မိန်းမသားတစ်ဦးအပေါ်ထားရှိသောသူ၏ အချစ် နှင့်ပတ်သက်သည့် သဘောထားအမှန်ပင်ဖြစ်သည်။ အချစ်ကို တန်ဖိုးထားရုံမျှမက ယဉ်ကျေးနူးညံ့သိမ်မွေ့သောလက္ခဏာ၊ လူသားတစ်ဦး၏ လူသားဆန်သောစရိုက်ကိုပါ လှစ်ခနဲ ပြလိုက် ခြင်းပင်ဖြစ်သည်။

မည်သို့ဆိုစေ

ဘဝတစ်ကွေ့၏ နေ့တစ်နေ့မှာတော့ သူတို့ လူချင်းဆုံတွေ့ ခဲ့ကြလေသည်။

မရင်အေးတို့ခရိုင်မှာ တို့ဗမာအစည်းအရုံးညီလာခံ ကျင်းပ သည့်နေ့မှာပါပဲ ကိုအောင်ဆန်းနှင့် သခင်တင်မောင်တို့က ဌာန ချုပ်ကိုယ်စားလှယ်အဖြစ် တက်ရောက်ကြရရာ သခင်တင် မောင်ကြောင့် ကိုအောင်ဆန်း မရင်အေးတို့အိမ်သို့ မအူမလည် ဖြင့် ရောက်သွားခဲ့သည်။ ကာယကံရှင်မိန်းကလေးကလည်း ဘာမျှမသိ။ ကိုအောင်ဆန်းကလည်း မရင်အေးကို မြင်သည် နှင့် မျက်စိမျက်နှာတွေပျက်လို့၊ သခင်တင်မောင်ကလည်း မရင် အေးဆီက ဓာတ်ပုံသာ တောင်းသွားခဲ့တာ၊ ဘယ်သူဘယ်ဝါနဲ့ ဆိုတာကို အသိပေးခဲ့တာလည်း

မဟုတ်လေတော့ အူကြောင် ကြားပေ့။

မရင်အေးကလည်း ညှော်သည်တွေကို ယဉ်ကျေးမှုအရ ထမင်းကျွေးညှော်ခံသည်။ စားသောက်ပြီးသောအခါ အိမ်ခေါင်း ရင်းခန်းမှာ ထိုင်ကြသည်။ အချိုပွဲလာချမည့် မရင်အေးကို စကားစမြည်ပြောရအောင်ဆိုကာ သခင်တင်မောင်က အနား မှာ ထိုင်ခိုင်းသည်။ ပြီးတော့ မိတ်ဆက်ပေးသည်။

မရင်အေးကား ဘာမျှမသိရှာဘဲ ဏ္ဍန္ဒြေရရ ရိုးရိုးသားသား ပင် ဇာတ်လိုက်ကို သခင်အောင်ဆန်းမှန်း သတင်းစာထဲဓာတ်ပုံ မှာ မြင်ဖူးကြောင်း ပြောပါသည်။ အဲဒီမှာ ကိုအောင်ဆန်းက လိပ်ပြာလုံဟန်မတူ။ အိုးမလုံအုံပွင့်ကာ မမျှော်လင့်သည့်စကား ကို ပြောချလိုက်လေသည်။

''ဒီမှာ မရင်အေး ခင်ဗျားအစ်ကိုကြီး သခင်တင်မောင်က ကောင်းတဲ့လူမဟုတ်ဘူးဗျ။ ခင်ဗျားဓာတ်ပုံကိုယူလာပြီး ကျွန် တော့်ကိုပြတယ်ဗျ။ ကျွန်တော်က ဘာမှသိရတာလည်းမဟုတ် ဘူး။ သူတို့တစ်တွေက အကြံစည်ကြီး ကြံစည်နေကြတယ်။ ခင်ဗျားရဲ့ပိုက်ဆံနဲ့ ကျွန်တော် နိုင်ငံရေးလုပ်နိုင်အောင်ဆိုပြီး စီစဉ်နေကြတယ်ဗျ''

တကယ်တော့ ဇာတ်လိုက်ကြီးက သူ ရိုးသားသန့်စင် ကြောင်း လိပ်ပြာသန့်ချင်သည့်သဘောဖြင့် ပြောလိုက်သော် လည်း ဖြန်းစားကြီးဆိုတော့ မရင်အေး မျက်နှာတွေထူပူပြီး ရှက်သွားပုံရသည်။ ချက်ချင်းပဲ မီးဖိုခန်းထဲ ထပြေးဝင်သွားရာ သခင်တင်မောင် အမြန်လိုက်သွားပြီး မရင်အေးကို စိတ်မဆိုးဖို့ ဖျောင်းဖျကာ သူတို့၏ စိတ်ကူးဇာတ်ထုပ်ကြီးကို အထုပ် ဖြေရလေတော့သည်။

အစဦးမှာ မရင်အေး စိတ်တွေယောက်ယက်ခတ်ပြီး တွေတွေကြီး ရပ်နေပါသေးသည်။ နည်းနည်းလေးကြာမှ သူ့ဘာသာသူ အိမ်ရှေ့ပြန်ထွက်လာကာ သခင်အောင်ဆန်းနား သွားထိုင်ပါသည်။ ရပ်ကျန်ခဲ့သည့် သခင်တင်မောင်ကိုလည်း မရင်အေး လှမ်းခေါ်ပြီး ပြောစရာရှိတာကို ဟောဟောဒိုင်းဒိုင်း ပြောလေသည်။

''ဒီမယ် အစ်ကိုကြီး အစ်ကိုကြီးတို့နှစ်ယောက်စလုံးကို အစ်ကိုအရင်းလိုပဲ ကျွန်မ

သဘောထားပါတယ်။ မောင်လေးက လည်း အစ်ကိုကြီးတို့ကို သိပ်ချစ်ပါတယ်။။ သိပ်ကြည်ညိုပါတယ်။ မေမေဆိုတာလည်း အစ်ကိုကြီးတို့တစ်တွေကို အင်မတန် လေးစားပါတယ်။ ဒီတော့ အခုလို အစ်ကိုကြီးတို့ စီစဉ်တာကို ဘာမှ အပြစ်ပြောစရာမရှိပါဘူး''ဟု စကားပလ္လင်ခံသည်။ ပြီးတော့ ရေတံခွန်လို ဝေါခနဲ သွန်ချသည်။

''ဒီကိစ္စမှာ ကျွန်မသဘောကတော့ အစ်ကိုအောင်ဆန်းနဲ့ ကျွန်မဟာ မတန်ပါဘူး။ ကျွန်မတို့ဟာ တောသူတွေပါ။တောမှာ နေပြီး တောသူပီပီပဲ နေတတ်စားတတ်ပါတယ်။ အစ်ကို အောင်ဆန်းတို့က နောက်ဆိုရင် တိုင်းပြည်ရဲ့ခေါင်းဆောင် ကြီးတွေ၊ တိုင်းပြည်အုပ်ချုပ်တဲ့ ဝန်ကြီးတွေဘာတွေဖြစ်ကြဦးမှာ။ ဒီလိုပြောတာဟာ အစ်ကိုအောင်ဆန်းကို ကျွန်မ မချစ်လို့ မခင် လို့ ပြောတာမဟုတ်ပါဘူး။ အစ်ကိုအောင်ဆန်းတို့ပါရမီကို ညီမလေးတစ်ယောက်အနေနဲ့လည်း ဖြည့်လို့ရပါတယ်။ ပိုက်ဆံ လိုချင်ရင်လည်း တောင်းကြပါ။ မေမေသိအောင်တစ်မျိုး၊ မသိအောင်တစ်မျိုး ပေးရင်လည်း ပေးလို့ရပါတယ်။ ကျွန်မ ရော မောင်လေးကရော အစ်ကိုကြီးတို့ နိုင်ငံရေးလုပ်တာကို လေးစားကြတာပဲ။ နောက်ဆုံး အစ်ကိုကြီးတို့လိုတဲ့ငွေက သိပ်များနေရင် မေမေမသိအောင် ညီမ ပေးမှာပေါ့''

အဲဒီမှာ ကျွန်တော်တို့ဇာတ်လိုက်ကြီးက မရင်အေးကို အတော်သဘောကျသွားပုံရသည်။ ချက်ချင်းပဲ စကားပြန်သည်။

''ဟုတ်တယ် ခင်ဗျားပြောတာမှန်တယ်။ မှန်တယ်ဆိုတာ က နိုင်ငံရေးပါရမီကို ဘယ်အနေနဲ့ပဲဖြစ်ဖြစ် ဖြည့်ဆည်းလို့ရတယ် ဆိုတာကိုတော့ ခင်ဗျားပြောသလို ညီမတစ်ယောက်အနေနဲ့ ဖြည့်ပါမယ်ဆိုတာကို ကြိုက်ပါတယ်။ ဒါပေမဲ့ ကျုပ်တို့က ဝန်ကြီးတွေဘာတွေဖြစ်မှာမို့ တောသူတွေနဲ့ မတန်ပါဘူးဆိုတဲ့ စကားကတော့ မဟုတ်သေးဘူး။ ဝန်ကြီးဆိုတဲ့ကောင်ကရော ဘာကောင်မို့လဲ။ မိုးကျရွှေကိုယ်လည်းမဟုတ်ပါဘူး။ တောသား ပါပဲဗျာ။ ခင်ဗျားပြောတဲ့ တောသူမို့လို့မတန်ပါဘူးဆိုတဲ့ စကားကို ပြန်ရုပ်သိမ်းလိုက်ပါဗျာ''တဲ့။

ပြုံးဖြဲဖြဲဖြင့် တဟဲဟဲ ရယ်သွမ်းသွေးရင်း အဓိပ္ပာယ် အနက်ဂယက်ရှိရှိ

ပြောလိုက်သောစကားကို ဒါရိုက်တာဖြစ်သူ သခင်တင်မောင်က ဒီလိုဆိုတော့လည်း ကိုယ့်လူက အလာသား ပါလား။ ချိတ်တိတ်တိတ်နှင့် လူပျိုစကားပြောသွားပုံက လှလိုက်တာ၊ ပညာသားပါလိုက်တာဟု ပီတိတွေတဝေဝေဖြင့် ကျိတ်ပြီး ချီးကျူးနေမိပါသေးသည်။

ပထမဇာတ်ဝင်ခန်းအနေဖြင့် ရိုက်ချက်ကတော့ သိမ်မွေ့လှပခဲ့လေပြီ။

သို့သော် လေပြည်လေညင်း၏နောက်မှာ မုန်တိုင်းက ကပ်ပါလာသည်။ အဲဒီမှာ လူထုညီလာခံမှာဟောသည့်တရား ကြောင့် နယ်ချဲ့တို့ အနာပေါ်တုတ်ကျကာ သခင်အောင်ဆန်း အား ဆုတော်ငွေငါးကျပ် ဝရမ်းထုတ်လိုက်လေရာ ရေတိမ်အနစ် မခံလိုသဖြင့် ကိုယ်ယောင်ဖျောက်ရ၊ ရှောင်တိမ်းရတော့သည်။ အဘယ်မျှအထိ ခြေလှမ်းကျယ်သွားဘိသနည်းဆိုလျှင် မြန်မာ နိုင်ငံအပြင်ဘက် ရောက်သွားသည်အထိဆိုတာ အားလုံးသိကြ ပါသည်။

သွားပြီ။ ကိန္နရီချောင်းခြားပြီပေါ့။ မယ်ကတစ်ရွာ၊ မောင် က တစ်မြို့။ အချိန်တွေကြာရွေ့ညောင်း ချောင်းခြားသည်သို့၊ ကျွန်တော်တို့ဇာတ်လိုက်ကြီးလည်း တော်လှန်ရေးမုန်တိုင်းထဲ သစ်ရွက်တစ်ရွက်လို ဝေ့ဝဲပါဝင်ကာ တရုတ်သင်္ဘောတစ်စီးဖြင့် ပြည်ပခိုးထွက်၊ ဟိုင်နန်ကျွန်းရောက်၊ စစ်ပညာသင်၊ ရဲဘော် သုံးကျိပ်ဝင်တွေနှင့် ဘီအိုင်အေဖွဲ့၊ ဗမာ့တပ်မတော်စစ်သေနာ ပတိချုပ်အဖြစ် ပြည်တော်ပြန်ဝင်လာ။ ဤသို့ဖြင့် ရာဇဝင်ကို ဖြတ်သန်းနေရရှာသည်။

ရောဝတီသူလေး မရင်အေးကတော့ အောင်သပြေညောင် ရေသွန်းကာ အလွမ်းတွေဝေဝေဆာဆာဖြင့် လာလုလုငေးနေ ရှာလိမ့်မည်။ မျှော်တလင့်လင့်ဖြင့် စောင့်ကြိုမောနေရှာလိမ့် မည်ထင်ပါသည်။ သို့သော် ဗိုလ်ချုပ်အောင်ဆန်းကတော့ မဆုံးနိုင်သော တော်လှန်ရေးခရီးရှည်အတွက် အထက်မြန်မာပြည် ဘက် ဆက်လက်စစ်ချီထွက်သွားရရှာလေသည်။ ဇာတ်လမ်းကား ဤမှာ တစ်ခန်းရပ်သွားသည်။

ကျွန်တော်တို့ မြန်မာမှုနယ်ပယ်မှာ ဖူးစာဆိုတာရှိသည်၊ ရေစက်ဆိုတာ ရှိသည်။ ရေစက်ပါမလာပါက ဘယ်လိုမျှ ကြုံဆုံနိုင်ဖွယ်မရှိပါ။ မယုံကြည်ခွင့်ရှိသော်လည်း ဘဝဆိုတာ

ပန်းခင်းလမ်းမဟုတ်တာတော့ သေချာပါသည်။ နောက်ပိုင်း ဘာတွေဆက်ဖြစ်သည်ကို မည်သူမျှမသိရ။ သူတို့ ပြန်လည်ဆုံစည်းဖြစ်ကြသလား၊ မဖြစ်ကြဘူးလားဆိုတာကိုလည်းမသိရ။ ကျွန်တော်တို့ဇာတ်လိုက်ကြီး ဂျပန်ခေတ် စစ်ဆေးရုံကြီးပေါ်မှာ ဆရာမနှင့်တွေ့ကာ ဖုတ်ပူမီးတိုက် မင်္ဂလာဆောင်လိုက်တာ သိရသည်။ ၁၉၄၇ ခုနှစ် ရှုလိုင်မိုးနှင့်အတူ သမိုင်းရေစီးက သူ့ကို လူ့လောကအပြင်ဘက်သို့ အပြီးအပိုင် ဆွဲထုတ်သွားတာ သိရသည်။

ဖြစ်နိုင်လျှင် နှင်းဆီနီတစ်ပွင့်နှင့် အိုမင်းရင့်ရော်နေမည် ဖြစ်သော အဘွားဒေါ်ရင်အေးတစ်ယောက် ဟောဒီကမ္ဘာ လောကကြီးထဲမှာ ရှိပါသေးသလား။ ဘယ်တုန်းက ဘယ်မှာ လူမသိသူမသိ မထင်မရှား ကွယ်လွင့်ဆုံးပါးသွားသလဲဆိုတာ ကျွန်တော် သိချင်နေမိပါသည်။ ကျွန်တော့်အာရုံထဲ မှုန်မှုန်ဝါးဝါး မြင်ယောင်နေမိသည်ကား ရုံပြရက်မရလိုက်သော မှန်တိုင်းထဲ က သစ်ရွက်တစ်ရွက်နှင့် နှင်းဆီရောင်အိပ်မက်ကလေးပဲ ဖြစ်ပါ သည်။

မင်းချမ်းမွန်

(ဤစာရေးဖြစ်အောင် သဲလွန်စပေးခဲ့သော ဘဝသစ်အယ်ဒီတာ ဆရာမောင်ညိုနုအား (ပန်းတော)ကို ကျေးဇူးတင်ပါသည်)

***



"ဝေါ .. . .. . . . . . . . .. . ... .. .. .. .. . . . . ..........................."

မိုးဖွဲဖွဲအောက်မှာ နင်းလက်စစက်ဘီးကို လမ်းဘေးဆွဲချပြီး ခြေဖျားထောက်ရပ်နေလိုက် သည်။ ကျွန်တော့်လိုပဲ စက်ဘီးစီးသူတွေအားလုံး ရပ်တန့်။ ကားတွေလည်းရပ်၊ လမ်းလျှောက်နေသူ တွေလည်းရပ်။ ကစားနေကြသော ကလေးတွေထဲက ကလေးကြီးတစ်ယောက် အော်ဟစ်သံကြားလိုက်ရ သည်။

"ဥသြဆွဲပြီဟ ဗိုလ်ချုပ်အောင်ဆန်းတို့ ကျဆုံး တာ။ အဲဒါ ဆက်မဆော့ရဘူး ငြိမ်ငြိမ်လေးနေ"

သူ့စကားကို အားလုံးသောကလေးများက လိုက်နာကြသည်။ ဝမ်းနည်းကြေကွဲခြင်း အထိမ်း အမှတ်ဆိုတာကို ကလေးတို့လည်း အထိုက် အလျောက်တော့ နားလည်ပုံရပါသည်။ အားလုံး ငြိမ်သက်ရပ်တန့်၊ ရုပ်ရှင်ကားတွေထဲမှာ တွေ့ရတတ် သည့် ရုပ်ငြိမ်ပြကွက်မျိုးဖြစ်သည်။ လက်ကလေးတွေ လွှဲနေတာ၊ ခြေထောက်လေးတွေ မြှောက်နေတာ၊ ခေါင်းကလေး ငုံ့နေတာ။ စကားသံတို့လည်း မရှိ။ အသံကတစ်သံတည်း။

"ဝေါ . . . . . . . . . . . . . . . . . . .. . . . . .. ....."

နာရီကြည့်စရာမလို။ ပြက္ခဒိန်လှန်စရာမလို။

၁၉ ဇူလိုင် နံနက် ၁၀နာရီ ၃၇။

"ဝေါ . . . . . . . . . . . . . . . . . . . . . . . . . . . . . .........."

စက်ရုံဆီမှ ဥသြမြည်သံက တဖြည်းဖြည်း တိမ်ဝင်သွားပြီ။ လုံးဝ ငြိမ်ဆိတ်သွားမှ ရုပ်တန့်နေသော ရုပ်ငြိမ်များက လှုပ်ရှား လို့သွားသည်။ စက်ဘီးတွေလည်း လိမ့်ပြီ။ ခြေလှမ်းတွေလည်း ရွေ့ပြီ။ ကလေးတွေလည်း အသံထွက်လာကြပြီ။ ပုံမှန်လှုပ်ရှားမှု တို့ ပြန်လည်အစပြုပြီဟု ဆိုရမည်လား။ ကလေးတို့ကတော့ ကလေးပီပီ ခံစားမှုပါးလျနေဦးမည်။ ကျွန်တော့်မှာတော့ နှလုံး အိမ်က ကျဉ်ခနဲဖြစ်လို့နေသည်။ အမျိုးသားခေါင်းဆောင်ကြီး တို့ စက်သေနတ်ကျည်သင့်ခံရသောနေ့ပဲလေ။ ခန္ဓာတစ်ခုလုံး လူးလူးခါခါဖြစ်နေပါပြီ။

မျက်ရည်စများက မိုးစက်တွေနှင့် ရော ရောထွေးထွေး။

ကိုယ့်ကြမ္မာကိုယ်ပိုင်ဆိုင်သော လွတ်လပ်သည့်နိုင်ငံ တစ်ခု၏ပုံရိပ်နှင့် အနာဂတ်မြင်ကွင်းတွေကို မှန်းဆရုံသာ ဖြစ်ခဲ့ ရပြီး မြင်တွေ့ဆောင်ရွက်ခွင့်မရလိုက်ဘဲ နုပျိုလန်းဆန်းတက် ကြွဆဲအရွယ်တွင် အာဃာတကြီးသူ၊ အာဏာရူးသူတစ်စုကြောင့် ကျဆုံးခဲ့ရရှာသော ဗိုလ်ချုပ်ကို လွမ်းဆွတ်လို့သွားသည်။

လူတစ်ယောက်ကိုလွမ်းဖို့က အတူတူနေခဲ့ရမှလား၊သက်ရှိ ထင်ရှား မြင်ဖူးမှလား၊ လက်ပွန်းတီး ဆုံစည်းရမှလား။ စာ အုပ်တွေဖတ်ပြီး လွမ်းဆွတ်လို့ မရပေဘူးလား။ ရဲရင့်ပြတ်သား၊ ဂုဏ်သိက္ခာကြီးမြင့်မှုကို နားထောင်ခံစား၊ နှလုံးသားဆီပို့ပြီး လွမ်းဆွတ်လို့ မရပေဘူးလား။ ကျွန်တော်ကတော့ ကိုယ့်ဘာသာ မေးခွန်းမေး၊ ကိုယ့်ဘာသာဖြေဖြင့် အဖြေကို ဆွဲထုတ်လိုက်တော့ ရသည်ပဲပေါ့။

ကျွန်တော်တို့ ကျွန်စစ်မင်းကြီးကို လွမ်းလို့ရသည်။ ဦးပုညကိုလည်း လွမ်းခွင့်ရှိသည်။ ရှိတ်စပီးယားကိုလည်း လွမ်းနိုင်ပါသည်။ ဗီသိုဗင်ကိုလည်း လွမ်းမည်။ မိုနေး၊ ပီကာဆို၊ ရာဘိန္ဒြာနတ်သ်တဂိုး၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၊ မဟာဂန္ဓာရုံဆရာတော်ကြီး အရှင်ဇနကာဘိဝံသ၊ အေဗရာ ဟင်လင်ကွန်း။ ဂန္ဒီ၊ ဒဂုန်တာရာ အများကြီးကို လွမ်းလို့ရ သည်။ သူတို့ကို ဘာကြောင့် လွမ်းလေသလဲ။ ချစ်စိတ်ကြောင့်၊ လေးစားစိတ်ကြောင့်၊ မြတ်နိုးစိတ်ကြောင့်၊ ရိုသေစိတ်ကြောင့်၊ အားကျစိတ်ကြောင့်၊ကြောင့် . . .ကြောင့် တွေကြောင့်။

သည်လိုဆိုတော့ ကျွန်တော်တို့ လွမ်းရသည့်ထဲမှာ ဗိုလ်ချုပ်က အမြဲတမ်းရှိမည်။ ကျွန်တော်တို့ဆိုတာ သန်း ၆၀ သော ပြည်သူတွေဖြစ်သည်။ သည်ထဲမှာမှ လူတစ်စုကိုတော့ ချန်ထားရလိမ့်မည်။ သည်လူတစ်စုက နှလုံးသားရှိတာမဟုတ်။ ကျေးဇူးတရားသိတာမဟုတ်။ မေတ္တာတရားနားလည်တာ မဟုတ်။ သူတို့သိတာ လုပ်တတ်တာက အာဏာ။ ပြည့်တံခွန် နှင့်တူသော ပညာရှင်နှင့် ရဟန်းသံဃာတို့ကို နှိမ့်ချတာ၊ ပြည့် ကျောက်မျက် ကျောင်းသားလူငယ်တို့ကို ချိုးဖျက်တာ ၊ ရေပေါ် မြေပေါ် ရေအောက် မြေအောက်သယံဇာတတွေကို ခိုးဝှက်တာ၊ ကျေးဇူးရှင်လယ်သမားကြီးများ၏ မြေတွေကို

မတရားသိမ်းယူတာ၊ ထမင်းနပ်မှန် စားခွင့်မရစေတာ၊ ပြန်ပြောလျှင်လည်း ပါးရိုက်မည်ဟု ခြိမ်းခြောက်တာ၊ ဥပဒေထက်မှာ ငုတ်တုတ်ထိုင်နေတာတို့ပဲ ဖြစ်ပါသည်။

***

လွန်ခဲ့သော နှစ်အစိတ်ကျော်က အစပြုပြီး ကျွန်တော် တို့နှလုံးသားရှိ ဗိုလ်ချုပ်ကို အစမွှဆွဲဖယ်ဖို့ ထိုလူတစ်စု ကြိုး စားခဲ့ဖူးသည်။ အိမ်တွေမှာ၊ ဆိုင်တွေမှာ၊ ရုံးတွေမှာ အမြတ်တနိုး ချိတ်ဆွဲထားသော ဓာတ်ပုံများကို ဖြုတ်ချပစ်ခဲ့သည်။ မမြင်စေရ၊ မကြားစေရ၊ မသိစေရ။ မျက်စိပိတ်၊ နားပိတ်၊ ပါးစပ်ပိတ်။ ဝမ်းနည်းခြင်းအထိမ်းအမှတ် ဥသြသံပါတိတ်။ ရရိုးလား။ နှလုံးသားကနေတော့ ဆွဲထုတ်လို့မရနိုင်။

(၂) ၁၉၄၇ ဇူလိုင် ၁၉ နေ့က အတွင်းဝန်များရုံးမှာ အစည်း အဝေးမရှိဘူးဟု မှတ်ယူကြည့်ပါမည်။ ဂဠုန်ဦးစောလည်း အာဃာတစိတ်နှင့် အာဏာငမ်းငမ်းတက်စိတ်တို့ မရှိခဲ့ဟု ယူဆကြည့်ပါစို့။

၂၀၁၅ ဖေဖော်ဝါရီ ၁၃မှာ အသက်၁၀၀ပြည့် အဘိုးကို တွေ့ရမည်။ ကတုံးဆံတောက်နှင့် တုတ်ကောက်လေးကိုင်လျက် တွေ့ရလိမ့်မည်။ ထိုအဘိုးကား လမ်းပေါ်ဆေးရိုးလှန်း နေသူတို့ကို တုတ်ကောက်နှင့် နာနာနှက်ပေလိမ့်မည်။ လေပြိုင်ပွဲမှာ ပန်းမဝင်သေးဘဲ တက်ထောင်သူတွေကို တုတ်ကောက်ဖြင့် တတိန်တိန် ခေါက်လိုက်ဦးမည်။ မြန်မာနေရှင်နယ်လိဂ်ဘောလုံးပွဲ ဝင်ကြည့်စဉ် ရှုံးနေသော အသင်းက နိုင်နေသောအသင်းကို ချေပဂိုးရရန် မကြိုးစားဘဲ ခြေလိုက်ခုတ်နေတာကို မျက်စိနောက်ပြီး ကလော်တုတ်ပေလိမ့်မည်။

ကျွန်တော့်အတွေးပဲ ဖြစ်ပါသည်။ သည်အတွေးကို နောက်ထပ်အတွေးတစ်ခုက ချေဖျက်တော့သည်။ အဘိုးရှိမှတော့ လမ်းပေါ် ဆေးရိုးလှန်းတာလည်း ရှိလိမ့် မည်မဟုတ်။ တစ်မျိုးသားလုံး ဒီမိုကရေစီကျင့်စဉ်နှင့် အသား ကျပြီး စည်းကမ်းတကျရှိနေမှာပဲ ဖြစ်သည်။

အဘိုးရှိမှတော့ လှေပြိုင်ပွဲမှာ ပန်းမဝင်သေးဘဲ တက် ထောင်ကြမှာလည်းမဟုတ်။ အောင်ပွဲကို ဆာလောင်မွတ်သိပ် မှုနှင့် ပန်းတိုင်ကိုအရောက်သွားမည့် စိတ်သတ္တိတို့ အပြည့်အဝ ရှိနေမှာပဲ ဖြစ်သည်။

အဘိုးရှိမှတော့ အရှုံးကနေ အနိုင်ရယူဖို့ နောက်ဆုံးအချိန် ထိ မဆုတ်မနစ်ကစားသော ပရော်ဖက်ရှင်နယ်စိတ်ဓာတ် ပိုင်ရှင်တွေ၊ ရွှေသားအတိပြီးသော ဂျူရီမက်ဖလားကြီးကို လက်ဝယ်ပိုင်ပိုင်ကိုင်မြှောက်မည့်သူတွေပဲ ဖြစ်ပါလိမ့်မည်။

***

တကယ်တမ်းကျတော့လည်း ပစ္စက္ခတ်အခြေအနေကို လက်ခံလိုက်ရတော့တာပါပဲ။ ကျွန်တော်၏ "ဆိုကြပါစို့" လည်း ပျောက်ပျက်သွားတော့တာပဲ ဖြစ်ပါသည်။

သည်မှာတင်ပဲ လမ်းပေါ်မှာ ဆေးရိုးတွေ။ လှေပြိုင်ပွဲမှာ လည်း တက်ထောင်သူတွေ။ ဘောလုံးပွဲမှာလည်း ရမ်းကား မှုတွေ။ လယ်သမားများလည်း ဓားမဦးချလယ်တွေ ဆုံးရှုံးမှု တွေ။ မျက်စိပိတ်ခံရတာတွေ။ နားတွေဆို့ထားခံရတာတွေ။ နှုတ်ခမ်းနှစ်လွှာလှုပ်ခွင့်မရှိတာတွေ။ ကျွန်တော်တို့ တွေ့မြင် ခံစားနေရဆဲ ဖြစ်ပါသည်။

***

## (၃)

အဘိုးအသက် ၁၀၀ပြည့်ချေပြီ။ အဘိုးချစ်သော သားမြေးမြစ်များကား အဘိုးအား တမ်းတရင်းဖြင့်သာ အစစ အရာရာ နိမ့်ကျပြိုဆင်းနေဆဲ။

တစ်ခုတော့ရှိသည်။ အဘိုးနှင့်တူသော အဘိုးမျိုးဆက် မိခင်၏ အစွမ်းအစတို့ဖြင့် ရုန်းထနိုင်ကောင်းဟု မျှော်လင့်ချက် တို့ ရှင်သန်ဆဲ။ သည်ခရီးမဝေးတော့ဟု ထင်ပါသည်။ အခုချိန်မှာအဘိုးကို လွတ်လပ်စွာ လွမ်းခွင့်ရသည်ကိုကပဲ အင်အားတစ်ရပ် ဖြစ်နေပါပြီ။

စောစောကလေးတင်ပဲ ကြေကွဲဖွယ် ဝမ်းနည်းခြင်းအထိမ်း အမှတ် ဥဩသံကို ကျွန်တော်တို့ ကြားလိုက်ရပြီ။ အာဇာနည် အဘိုးနှင့်အတူ အာဇာနည်အားလုံးကို တိတ်ဆိတ်စွာ ဂုဏ်ပြုနိုင်ခဲ့ပါသည်လေ။

ရဲသျှမ်း

***



# ဂန္ထဝင်အကျင့်ဆိုးများ

မှိုင်း(ဓား-၂)

အချိန်ကာလယန္တရား ရွေ့လျားသွားပေမဲ့ ခေတ်စနစ်တွေ ပုံသဏ္ဍာန်ဖြစ်စေ၊ အနှစ်သာရဖြစ်စေ ပြောင်းလဲသွားပေမဲ့ မရိုး နိုင်တဲ့ တည်တံ့နေတဲ့အရာတွေကို 'ဂန္ထဝင်'လို့ သုံးနှုန်းခေါ်ဆို လေ့ရှိကြတာ တွေ့ရပါတယ်။ အမြင်အကြား မသင့်လျော်တာ တွေ၊ မကောင်းဘူးလို့ သတ်မှတ်ရမယ့်ကိစ္စတွေလည်း အဲဒီလို တည်မြဲရှည်ကြာနေရင် ဂန္ထဝင်လို့ သုံးနှုန်းဖို့ ဆီလျော်မယ်မထင် ပေမဲ့ မြင်သာအောင်၊ အမှတ်ထင်ထင်ရှိအောင် သုံးလိုက်မိ ပါပြီ။

'အကျင့်ဆိုး'ဆိုတာတွေက နယ်ကျယ်လွန်းလှပါတယ်။ သာမန် တစ်ကိုယ်ရေကိစ္စကနေ ကိုယ်ရှင်သန်ရပ်တည်နေရာ ကမ္ဘာမြေကြီးရဲ့ကိစ္စအထိ မကောင်းတဲ့အကျိုးဆက် ရရှိစေတဲ့၊ မိမိရော သူတစ်ပါးကိုပါ ထိခိုက်နစ်နာစေတဲ့ အပြုအမူ

အကျင့် စရိုက်တွေကို အကျင့်ဆိုး ခေါ်ရမှာ မဟုတ်ပါလား။ အကျင့်ဆိုးမှာ မြင်သာတဲ့ ကာယကံ၊ ဝစီကံမှုတွေနဲ့ အတူ အဲ့ဒါတွေဖြစ်စေတဲ့ အတွင်းစိတ် မနောကံရဲ့ စေစားမှု၊ သတိလက်လွတ်ဖြစ်မှုနဲ့ မသိနားမလည်မှုတွေက ပူးတွဲနေတာ ထင်ရှားပါတယ်။ အဲဒီအကျင့်ဆိုးဆိုတဲ့ ဝေါဟာရကို မြင်ရ၊ ကြားရ၊ ခံစားရ တိုင်းလည်း ဗိုလ်ချုပ်အောင်ဆန်းရဲ့ နောက်ဆုံးမိန့်ခွန်းတွေထဲက "ခင်ဗျားတို့ရဲ့အကျင့်ဆိုးတွေ၊ အကျင့်ဟောင်းတွေ၊ စောက်ကျင့်တွေကို ဖျောက်ဖျက်ပစ်ဖို့လိုပြီဆိုတာ ကျွန်တော်ပြောခဲ့ မယ်" ဆိုတဲ့အသံကလည်း အခုပြောနေသလို နားထဲပဲ့တင်ထပ် နေပါတော့တယ်။ အဲဒီခေတ်အခါမျိုးတုန်းကတောင် အကျင့် ဆိုး၊ အကျင့်ဟောင်းလို့ သုံးနှုန်းခဲ့တာကြည့်ရင်၊ ခုချိန်ထိလည်း မရိုးနိုင်သေးတာကြည့်ရင် အကျင့်ဆိုးတွေသက်တမ်းက မှန်းဆဖို့တောင် ခက်လှပါရဲ့။ မျိုးရိုးစဉ်ဆက် လက်ဆင့် ကမ်းခဲ့တာလား၊ ပြုပြင်ဖို့အခြေအနေကို မရောက်ခဲ့လို့လား၊ ဒါတွေကိုပဲ မူးယစ်ဆေးလို စွဲလမ်းသာယာနေခဲ့ကြပြီလားဆို တာတော့ ခေါင်းရှုပ်ခံ မစဉ်းစားချင်တော့ပါဘူးမြင်တတ်၊ပြော တတ်ခဲ့တဲ့ ဗိုလ်ချုပ်ကိုပဲ တမ်းတတိုင်တည်လို့ ခုထိလည်း မပြင်ကြသေးပါဘူးလို့သာ ရင်ဘတ်စည်တီး ညည်းချင်တာပါပဲ။ ဗိုလ်ချုပ်အောင်ဆန်းကို ဘယ်ကာလကတည်းက၊ ဘယ် အသက်အရွယ်လောက်ကတည်းက သိရှိခဲ့တယ်ဆိုတာကို ပြန် တွေးလို့မရတော့ပေမဲ့ သိရှိပြီးကတည်းက နှလုံးသားထဲမှာ မပြတ်တမ်း လေးစားကြည်ညိုနေမိတဲ့စိတ်က မွေးရာပါအမှတ်အသားတစ်ခုလို စူးနစ်စွဲထင်နေခဲ့တာကတော့ သေချာပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်ပတ်သက်ပြီး စေ့စေ့စပ်စပ်ဂဃ နဏ အရွယ်ရောက်သိခြင်းမသိရသေးမီ နှစ်စဉ်နှစ်တိုင်း အာဇာနည်နေ့က စွဲထင်စေတာပဲ ဖြစ်ပါလိမ့်မယ်။ ကျေးလက် တောရွာမှာ ရေဒီယိုသာ ဖျော်ဖြေရေးဖြစ်နေတဲ့ကာလတွေမှာ အာဇာနည်နေ့နီးလာတာနဲ့ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ကျဆုံးလေသော အာဇာနည်များဆိုတဲ့ ဝေါဟာရ၊ အဆိုတော်ကြီး မေလှမြိုင်ရဲ့"ကမ္ဘာတည်သရွေ့ အာဇာနည်နေ့ကိုဖြင့် မမေ့ သင့်ပါပေ" ဆိုတဲ့သီချင်းနဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ နောက်ဆုံး မိန့်ခွန်းဆိုတာတွေကို နားယဉ်ခဲ့ရတာကိုး။ အဲဒီမိန့်ခွန်း နားထောင်မိတိုင်း ကြက်သီးတဖျန်းဖျန်းဖြစ်ရသလို "ခင်ဗျား တို့ရဲ့ အကျင့်ဆိုးတွေ၊ အကျင့်ဟောင်းတွေ၊ စောက်ကျင့်တွေ ကို ပြင်ကြဖို့လိုပြီဆိုတာ ကျွန်တော်ပြောခဲ့မယ်"ဆိုတဲ့

အနှစ် ချုပ် စကားပိုဒ်ကလည်း တစ်သက်တာ စွဲနေခဲ့တာပါ။ ဗိုလ်ချုပ်နဲ့ပတ်သက်ရင် (ဒီနေရာကစပြီး ဗိုလ်ချုပ်အောင် ဆန်းကို ဗိုလ်ချုပ်လို့ပဲ သုံးနှုန်းပါရစေ။ ယနေ့အထိရင်ထဲ အသည်းထဲက လှိုက်လှိုက်လှဲလှဲ ဗိုလ်ချုပ်ဆိုပြီး ကိုယ်စားပြုစွဲမှတ်ထားမိတာက ဗိုလ်ချုပ်အောင်ဆန်းတစ်ယောက်ပဲ ရှိသေး လို့ပါ) အဲဒီမိန့်ခွန်းထဲက ဗိုလ်ချုပ်ပြောခဲ့တဲ့ အကျင့်ဆိုးတွေက ကိုယ့်လူမျိုးရဲ့ ရိုးရာအမှတ်အသားလိုများ ဖြစ်နေခဲ့လေသလားဆို တာ အရွယ်ရ၊ အတွေ့အကြုံရလာတာနဲ့အမျှစဉ်းစားမိလာခဲ့ပါ တယ်။ သက္ကရာဇ်တွေ ပြောင်းလာတာနဲ့အမျှ နောက်တိုးအ ကျင့်ဆိုးတွေပါ ထပ်ကာထပ်ကာ မြင်လာရတာလည်း အထင်း သားမို့ပါ။



ဗိုလ်ချုပ်အနေနဲ့ ဒီအကျင့်ဆိုးတွေကို သမိုင်းအစဉ်အလာ တွေအရရော၊ ကိုယ်တွေ့ကြုံရတာတွေရောကြောင့် ခြုံငုံပြော သွားနိုင်တာ သေချာပါတယ်။ မိန့်ခွန်းထဲက ဥပမာပြသွားတာ တွေကို ကြည့်လိုက်ရင် တစ်ဦးတစ်ယောက်ချင်းစီရဲ့ အမူ အကျင့်တွေ၊ အသင်းအဖွဲ့တစ်ခုရဲ့ ရပ်တည်မှုတွေ၊ ပြည် ထောင်စုတစ်ခုလုံးရဲ့ သဘောထားတွေထဲက စိတ်ပျက်စရာ အကျင့်ဆိုးတွေကို မီးမောင်းထိုးပြခဲ့တာတွေ့မှာပါ။ ဗိုလ်ချုပ်ရဲ့

စကားအတိုင်းဆိုရင် ''တလွဲဆံပင်ကောင်း''နေကြတာတွေ ပေါ့။

အဲဒီထဲက ဥပမာတစ်ခုကိုကြည့်ပါ။ ရွှေရည်စိမ်လွတ်လပ် ရေးကာလမှာ လွတ်လပ်ပြီဆိုပြီး လမ်းမပေါ် ဆေးရွက်ကြီးတွေ ထုတ်လှန်းတာမျိုးက ခုထိလည်း မရိုးနိုင်သေးပါ။ လွတ်လပ် ရေးနေ့ရောက်ပြီဆို လမ်းပိတ်ပြီး အားကစားပွဲလုပ်တဲ့အစဉ်အလာကို ဘယ်သူပျိုးထောင်ခဲ့မှန်းမသိပေမဲ့ ခုထိ တွင်ကျယ်နေတုန်း။ ဒီလောက် ယာဉ်ကြောပိတ်ဆို့ ကျပ်ညပ်နေတဲ့ကာလကြီးမှာ လွှဲဖယ်စရာလမ်းသွယ်တွေကို ပိတ်ဆို့ထားတဲ့ တစ်နေ့တာ ဘယ်လောက် စိတ်ညစ်စရာ ကောင်းပါသလဲ။ ယာဉ်ကြော ပိတ်ဆို့နေတဲ့ လမ်းမကြီးရဲ့ဘေးက ပလက်ဖောင်းအပြည့် လူသွားလမ်းမကျန်အောင် ဆိုင်ခင်းထားခံရတဲ့ ပလက်ဖောင်း တွေကလည်း အကျင့်ဆိုးတွေရဲ့ ပြယုဂ်တစ်ခုပါပဲ။ စည်းမျဉ်း စည်းကမ်းနဲ့ ပတ်သက်တဲ့သူတွေမှာ တာဝန်ရှိသလို လုပ်နေ သူတွေကိုယ်တိုင်ရဲ့ တာဝန်မဲ့မှုတွေပဲ မဟုတ်ပါလား။ ဗိုလ်ချုပ်ရဲ့မိန့်ခွန်းထဲမှာ လှေပြိုင်ပွဲတစ်ခုနဲ့ ပတ်သက်ပြီး ပြောခဲ့ဖူးတဲ့ ဆုံးခန်းတိုင်မရောက်ခင် ''တက်'' ထောင်တယ် ဆိုတာမျိုးကလည်း အခုကာလ နိုင်ငံရေးနယ်မှာ အတွေ့ရများ နေသလိုပါပဲ။ တကယ့်ခေတ်စနစ် အပြောင်းအလဲကို ဖော်ဆောင်ဖို့ လမ်းစ ပီပီပြင်ပြင် မရှိသေးခင်မှာ လူပြိန်းကြိုက် လက်ခုပ်သံတွေနဲ့ လူပုဂ္ဂိုလ်အလိုက်၊ အဖွဲ့အစည်းအလိုက်နေရာယူတွင်ကျယ်ရုံမျှနဲ့ ကျေနပ်နေကြပြီး အမှန်တကယ်သွားရမယ့် ဘုံပန်းတိုင်ကို မေ့လျော့ ချော်တော ငေါ့နေကြတာတွေပေါ့။ တစ်နည်းအားဖြင့် အာဏာရှင်စနစ် ဖက်တွယ်ထားသူတွေရဲ့ ဆင်ကွက်မှာ အလိုက်သင့် မျောပြီး အကျောခံနေကြရပြန်တာပါပဲ။ အဲဒီအခါကျတော့လည်း ''စား ဖားတွေညီညွတ်တာ ကျွန်တော် မလိုချင်ဘူး''ဆိုတဲ့ ဗိုလ်ချုပ်ရဲ့အသံကို ကြားယောင်မိပြန်ပါတယ်။ နိုင်ငံရေး လူတွင်ကျယ်တွေ၊ ခရိုနီတွေရဲ့ ညီညွတ်ခြင်း ပွဲလမ်းသဘင် တွေက လူထုအတွက် အကျိုးသက်ရောက်မှုမရှိတာ တွေ့ရ လေရဲ့။

နောက်တစ်ခါ အားကစားစိတ်ဓာတ်နဲ့ပတ်သက်ပြီး ဗိုလ် ချုပ်ပြောဖူးတဲ့ ''မနိုင်ရင် လူချတာပဲ'' ဆိုတဲ့ အကျင့်ဆိုးကတော့ အခုအားကစားမျှမကတော့ဘဲ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကဏ္ဍတွေမှာသာမက စာပေ၊ အနုပညာကဏ္ဍတွေမှာပါ တွင် ကျယ်လို့နေပါပြီ။

အောင်မြင်မှုတစ်ခုခုရပြီဆိုတာနဲ့ ငယ်ကျိုး ငယ်နာဖော်ပြီး မီဒီယာကနေ အဖွဲ့နဲ့တိုက်ခိုက်တာက လုပ်ထုံး လုပ်နည်းတစ်ခုလို ဖြစ်နေတာ တွေ့ရမှာပါ။

မိုလ်ချုပ်က "ပြည်အောင်၊ လန်အောင် အလုပ်လုပ်ကြမှ နောင်အနှစ် ၂၀၊ ၃၀ တန်ရင် တော်ကာကျမယ်"ဆိုခဲ့ပေမဲ့ အုပ်ချုပ်သူလူတန်းစားရယ်၊ မနေရှင်ရယ်၊ အောက်ခြေလူတန်းစား ရယ် အလွှာအားလုံးမှာ လုပ်နေကြတာက တိုင်းပြည်အတွက် လုပ်နေသူက နည်းနည်း၊ ကိုယ်ကျိုးစီးပွားအတွက် ဂုဏ်သိက္ခာ တွေလန်အောင်၊ သူတစ်ပါးပြကွဲထိခိုက်အောင် လုပ်နေတာက များများပါ။ စွန့်လွှတ်အနစ်နာခံမှုဆိုတာ မြေလှန်ရှာရတဲ့ သယံ ဇာတလို ရှားပါးလာပြီး ဘယ်သူသေသေ ငတေမာပြီးရော စိတ်ဓာတ်တွေက တိုက်တာတွေရဲ့ နောက်ဖေးလမ်းကြားမှာ ကြံ့ညလို ပစ်ချထားတဲ့ စားကြွင်းစားကျန်နဲ့ ကြွပ်ကြွပ်အိတ် တွေလို၊ မီးပွိုင့်မှာ နောက်က အတင်းကျော်လာပြီး ရှေ့ကနေ ကိုယ့်ယာဉ်ကြောမဟုတ်ဘဲ ပိတ်ရပ်ထားတဲ့ကားတွေလို မွစာ ကြဲနေကြပါတော့တယ်။

မိုလ်ချုပ်က ဘဝတစ်ခုလုံးကို တိုင်းပြည်လွတ်လပ်ရေး၊ တိုးတက်ရေး၊ စည်းကမ်းရှိညီညွတ်ရေးတွေအတွက် မြှုပ်နှံခဲ့သူ ပါ။ မိုလ်ချုပ်က တိုင်းပြည်ကံကြမ္မာကို ကြိုဟာင်တွက်ဆမိနေ ခဲ့ပုံရလို့ အဲဒီနောက်ဆုံးမိန့်ခွန်းအနှစ်ချုပ်မှာ အကျင့်ဆိုးတွေ၊ အကျင့်ဟောင်းတွေ ပြင်ကြဖို့လိုပြီဆိုတာ အသားပေးပြော သွားခဲ့တာ မဟုတ်ပါလား။ ဒါပေမဲ့လည်း အခြေအနေတွေသာ ပြောင်းသွားခဲ့ပေမဲ့ အကျင့်ဆိုးအကျင့်ဟောင်းတွေ မပြောင်းတဲ့ အပြင် အကျင့်ဆိုး အကျင့်သစ်တွေပါ ထပ်တိုးပွားများလာနေ ဆဲပါ။

မစားလောက်လို့ အဂတိလုပ်တယ်၊ စားလောက်လာပြန် တော့ ချမ်းသာအောင် အဂတိဆက်လုပ်နေကြပြန်တာပါပဲ။ အထက်က လုပ်ချင်ရာလုပ်နေလို့ အောက်က လုပ်ချင်ရာလုပ် ကြပြန်တော့ ပြည်သူဆိုတဲ့ အခြေခံအင်အားစုကြီးမှာပါ ခံစားရ တာကို ပြေလျော့ဖို့ စာရိတ္တပျက်စီးမှုတွေ ကူးစက်ပြန့်ပွားလာ စေပြန်ပါတယ်။ အကျင့်ဆိုးတွေ မပြောင်းဘဲနဲ့ ခေတ်ဆိုတာ ကြီးကိုပြောင်းဖို့ တောင်းဆိုနေရုံနဲ့ ရမယ်မဟုတ်ဘူးဆိုတာ အသေအချာ ပြောရပါတယ်။ စနစ်တစ်ခုပြောင်းဖို့ 'အပ်ချ လောင်း ရော့ယူ'လုပ်လို့မရပါဘူး။

အကျင့်ဆိုးတွေ ပြင်ဆင် ရပါမယ်။ တစ်ဦးချင်းစီရဲ့ အမူအကျင့်လေးတွေကအစ အဖွဲ့အစည်းတစ်ခုရဲ့ ပွင့်လင်းရိုးသားမှုအလယ် တိုင်းပြည် အုပ်ချုပ်နေသူတွေရဲ့ စေတနာမှန်ကန်မှုအဆုံး အားလုံးက သဟဇာတမျှနေမှသာ လွတ်လပ်၊ မျှတ၊ ငြိမ်းချမ်းတဲ့ စနစ်တစ်ခုဆီ အသေအချာ ရောက်မှာပါ။

ပြောင်းခြင်းကို အလိုရှိရင် မြင်ခြင်းကို ရင်းနှီးမြှုပ်နှံရမှာပါ။ နှုတ်ဖျားကသာ တဖွဖွရွတ်နေကြတဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီး ဆီ အရောက်လှမ်းမယ်ဆိုရင်တော့ အာဏာရှင်ဆန့်ကျင်ရေး သက်သက်နဲ့ မရနိုင်ပါဘူး။ သမိုင်းနဲ့ချီပြီး မြင့်မြတ်လှတဲ့ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ခပ်ကြမ်းကြမ်း အမှာချွေခဲ့ရတဲ့ 'အကျင့်ဆိုးတွေ၊ အကျင့်ပုပ်တွေ၊ စောက်ကျင့်'တွေ ပြင်ဆင်ကြမှသာ ပန်းတိုင်ကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက် နိုင်မယ်ဆိုတာ ထပ်လောင်း အတည်ပြုလိုက်ပါတယ်။

မှိုင်း(ဆေး-၂)

***



ဗိုလ်ချုပ်နှစ် ၁၀၀ ပြည့်အမှတ်တရဆိုပြီး ကိုလူပအောင်က စာမူတောင်းလာပါတယ်။ ဘယ်လိုအမှတ်တရလဲလို့ ပြန်မေး မိပါတယ်။ ကျွန်မဘာကိုဆိုလိုတယ်ဆိုတာ ဆရာလူပအောင် သိပုံပါပဲ။ တစ်ခုခုပါတဲ့။ ဆရာမရင်ထဲက

ခံစားရတဲ့အတိုင်း ရေးပါဆိုတော့ ကျွန်မဟာ ဗိုလ်ချုပ်ဆိုတဲ့ဘောင်ထဲကကျော်ပြီး ရေးလို့မဖြစ်မှန်းသိပေမဲ့ မရေးပါရစေနဲ့လို့ ငြင်းနေမိတာ စိတ်ထဲမှာ အခါခါပါပဲ။ စဉ်းစားကြည့်လေ ဗိုလ်ချုပ်အသက်နဲ့ ကျွန်မအသက် ထက်ဝက်ကွာတယ်။ ကိုင်း ဒီမှာတင် အဖြေ ရှိနေပြီ။ ကျွန်မက ဗိုလ်ချုပ်အကြောင်းမသိဘဲနဲ့ ဘာတွေ များရေးနိုင်မှာမို့လဲ။ ရေးကြစတမ်းဆိုရင် .....

"ဖေဖော်ဝါရီဆယ့်သုံးမှာ ဗိုလ်ချုပ်မွေးနေ့ပါ ထောင့်ကိုးရာတစ်ဆယ့်ငါး ရှေ့နေဦးဖာသား ဇာတိနတ်မောက်မကွေးခရိုင် သိကြများခတိုင် ကြံ့ကြံ့ခိုင်တဲ့ဇာနည်ဖွား မိခင်ဒေါ်စုသား" ဆိုပြီး ခုထိကို အလွတ်ရနေတဲ့ အဲဒီကဗျာပဲ ကောက်ချရေးရင်ကောင်း မလား။ ငယ်ငယ်ကတည်းက ရင်ထဲစွဲတဲ့ ကဗျာမဟုတ်လား။ဒါမှ မဟုတ် ဗိုလ်ချုပ်အကြောင်း သူများတွေပြောသလို၊ ရေးသလို ကိုယ်နဲ့ပဲ လည်ပင်းဖက်ကြီးလာသလို "ဟော့ မောင်ထိန်လင်း" တို့၊"အို ကိုအောင်ဆန်းရဲ့" တို့ ဒီလိုမှမခေါ်ရင် ဗိုလ်တေဇ၊ ဦးအောင်ဆန်း စသည်ဖြင့် ခေါ်လို့ရသမျှ အသံနေအသံထားနဲ့ အသံကို အနိမ့်အမြင့်လိုက်ပြီး မနေ့တစ်နေ့ကပဲ ဗိုလ်ချုပ်က ကိုယ့်ကို အမှာစကားချွေသွားတဲ့အတိုင်း ..... ကျက်ထားသမျှ ကူးထားသမျှ ခုနှစ်သက္ကရာဇ်မှတ်တမ်းတွေ ကို နှစ်မျက်နှာလောက် ချရေးရင် ကောင်းမလား။ နည်းရင် ဆယ်မျက်နှာလောက်ပေါ့။ ဗိုလ်ချုပ်နဲ့ပတ်သက်ရင်တော့ ဒေါ်မေလှမြိုင်ကြီးကို သိပ်အမှတ်ရရဲ့။ ကျွန်မနားထဲမှာ ဗိုလ်ချုပ် သီချင်း၊ ဂီတ၊ အသံကို နားဆင်တတ်ကတည်းက ကျွန်မအဖေရဲ့ အချစ်ဆုံး နေရှင်နယ်ရေဒီယိုလေးထဲကနေ ထွက်ပေါ်လာတဲ့ ဒေါ်မေလှမြိုင်ရဲ့ ကြေကွဲဆို့နင့် ရင်ကွဲနာသံ

"အလွမ်းမျက်ရည် မြေခပြီမို့ ဆွေးတသသ တွေးဆမကြင် ရွှေအိမ်ဆူကဲ ကြေကွဲဝမ်းနည်းရပုံတွေ

ယနေ့တိုင်ထက်အတည် ...ဩော် မမေ့ရက်နိုင်ပါလေ (အာဇာနည်ခေါင်းဆောင်ကြီးတွေ) ကောင်းရာသုဂတိ ရောက် ရှိကြပြီလေ

တေးကဗျာတွေရေးကာ ... အလေးပြုအလေး ပြုပါတယ်လေ။"

ဒီသီချင်းကိုပဲ ဗိုလ်ချုပ်အမှတ်တရ ချရေးပြီး အခု အသက် ၈၇ နှစ်ပြည့်တော့မယ့် အမေ့ရဲ့ မရိုးနိုင်တဲ့ ပါးစပ် ရာဇဝင်နဲ့ သူဖြတ်သန်းခဲ့တဲ့ ဗိုလ်ချုပ်အကြောင်းပဲ ချရေးရမှာလား။

"ဗိုလ်ချုပ်တို့ ကျဆုံးပြီဆိုတော့ အမေတို့တစ်ရပ်ကွက် လုံး ထမင်းမစားကြတော့ဘူး။ ဂျူဗလီဟောကို ပြေးကြတာလေ။ ကုန်းကြောင်းလျှောက်တာနော်။ စက်ဆန်းကနေ မြို့ထဲကို။ အို တစ်လမ်းလုံးလည်း ဂဠုန်ဦးစောတို့ကို ဆဲလာတာပေါ့။ အားလုံးငိုကြတာ။ မြို့ကြီးက မြို့ပျက်ကြီးလိုဖြစ်သွားတယ်။ အမေတို့က တစ်ချိန်လုံး ဗိုလ်ချုပ်တို့ အလောင်းပြင်ထားတာကို သွားကြည့်ပြီး အလေးပြုကြတာ။ ဗိုလ်ချုပ်က ထိပ်ဆုံးက။

ဘေးမှာ နှစ်ယောက်စီ နှစ်ယောက်စီ။ နောက်ဆုံးမှာ ရဲဘော်ကိုထွေး။ မျက်လုံးထဲကကို မထွက်ဘူး။ ဗိုလ်ချုပ်က ဖြူဖြူလေး။ လူချောဟဲ့။ နေသူရိန်အစည်းအဝေးတုန်းက မြင်ဖူးတာ။ နောက်ဆုံးမှ စင်မြင့်ပေါ်တက်လာတာလေ။ ငါတို့ ကလည်းဟယ် တစ်နိုင်ငံလုံး ဗိုလ်ချုပ်အောင်ဆန်းဆိုရင် ဘယ်လိုချစ်မှန်းကိုမသိဘူး။ ဗိုလ်ချုပ်သာမကယ်ရင် ငါတို့လည်း ဖက်ဆစ်တွေသတ်လို့ အသက်ရှည်မှာမဟုတ်ဘူး"

အဲဒါတွေ ကျွန်မပြောတာမဟုတ်ဘူး။ ဒီကနေ့အထိ အမေပြောနေတာ။ အမေ့မှတ်ဉာဏ်တွေက ဘာတွေကို ဘယ်လိုမေ့မေ့ ဗိုလ်ချုပ်အကြောင်းသာမေး မမေ့ရေးချမမေ့ဘဲ။

"နင့်အဖေလေ ဗိုလ်ချုပ်ရဲ့သက်တော်စောင့် ဗိုလ်ထွန်းလှ (တက္ကသိုလ်နေဝင်း)ပေါ့။ သူနဲ့ခင်တယ်။ တစ်ရပ်ကွက်တည်းသားတွေ မဟုတ်လား။ အဲဒီတော့ ဗိုလ်ထွန်းလှကိုမေးသတဲ့။ နေပါဦး ဗိုလ်ချုပ်ရဲ့ကိုယ်ရံ တော်ဖြစ်ပြီး ခင်ဗျားက ဘာလို့မကာကွယ်ရတာလဲတဲ့။ ကြည့်စမ်း ဘယ်လောက်အသည်းယားနေလဲဆိုတာ။ ဗိုလ်ချုပ် လုပ်ကြံခံရတုန်းက ခင်ဗျားဘာလုပ်နေသလဲလို့ သွားမေးတာ။ ဟိုကလည်းဖြေရှာပါတယ်။ ကျွန်တော်က အဲဒီနေ့က လက်ဖက်ရည်သောက်ချင်လွန်းလို့ လက်ဖက်ရည်ဆိုင် ရောက်သွားတာပါတဲ့။ မဟုတ်ရင် ကျွန်တော်လည်း သေမှာ ပေါ့ဗျာတဲ့လေ။"

ဒါတွေပဲ ချရေးရမှာလား။ ကျွန်မအဖေက စမ်းချောင်းမှာ

မြို့နယ်လူကြီးတစ်ယောက်ဖြစ်နေ လို့ ဆရာတက္ကသိုလ်နေဝင်းနှင့် တော်တော်ကို ခင်မင်ရင်းနှီးတာ မဆန်းပါဘူး။ ထိုပုဂ္ဂိုလ်ကြီးက အဖေ့ကို အလွန်လေးစားချစ်ခင်တဲ့အတွက် အိမ်အမြဲ အဝင်အထွက် ပြုရာက ဗိုလ်ထွန်းလှ(တက္ကသိုလ်နေဝင်း)ဆီကတစ်ဆင့် ဗိုလ်ချုပ်အောင်ဆန်းအကြောင်းကို သိခွင့်ရခဲ့သည်မှာလည်း ဆန်းပြားမည်မထင်ပါ။

အဖေက သူ့အလုပ်တာဝန် ဘယ်လောက်ရှိပါစေ။ အိမ်ဦးခန်းမှာ ဘယ်ပုံမှမချိတ်ဘဲ ဗိုလ်ချုပ်အောင်ဆန်းရဲ့ စစ်သေနာပတိချုပ်ဓါတ်ပုံကြီးကို ဘုရားစင်နှင့်အပြိုင် ချိတ်ဆွဲထားပြီး မားမားဝံ့ဝံ့ရှိခဲ့တာတွေက ၁၉၈၈ အရေးအခင်း မတိုင်ခင်ထိ နှစ်ပေါင်းများစွာအထိပါပဲ။ ထိုစဉ်က ဗိုလ်ချုပ်အောင်ဆန်းဓါတ်ပုံ ချိတ်ဆွဲခြင်းသည် ရေပန်းစားစရာမဟုတ်ဘဲ ရင်ထဲ အသည်းထဲ နှလုံးသားထဲ ချစ်မြတ်နိုးလွန်းကြပြီး လွတ်လပ်ရေးရဲ့အရသာကို သေချာ ယုံကြည်ခံစားခဲ့ကြတဲ့ ကျွန်မအဖေတို့အရွယ်တန်းတွေရဲ့ ချင်ခြင်းတစ်ခုပင်ဖြစ်လေတာကို အခုအချိန်မှာ အဘယ်သို့ ရှင်းပြရမှာပါလိမ့်။ အဘိုးတို့၊ အဖေတို့လောက် ကျွန်မတို့က ဗိုလ်ချုပ်ကို သိပ်ကိုပိုချစ်တယ်ဆိုရင် ဒါအမှန်တရားမဟုတ်ဘူး ထင်တာပါပဲ။ ဒါမှမဟုတ် ယနေ့ထက်တိုင် မမေ့ရက်နိုင်လေတဲ့ အာဇာနည်နေ့အကြောင်းဆီပဲ ပြန်ပြောင်းတွေး ရေးရမလား။

''အာဇာနည်နေ့မှာ သမီးတို့သားအမိသုံးယောက် ဗိုလ်ချုပ်ပြတိုက်သွားကြတာ ကန်တော်ကြီးတာဝါလိန်းလမ်း အတိုင်းမသွားဖြစ်ဘဲ လမ်းမှားသွားတယ်။ အမေတို့ကရှေ့ကနေသွားတာ မိုးရွာတော့ သမီးက ပြေးရင်းပြေးရင်း လမ်းချိုးလေးထဲရောက်သွားတာ ဗိုလ်ချုပ်အိမ်အနောက် ပေါက်တည့်တည့် ရောက်သွားရော''

''ကလေးဆိုတော့ ခြံစည်းရိုးကျော်ပြီး အိမ်ထဲ စွတ်ခနဲ ပြေးဝင်သွားတာ ဘယ်သူမှ မသိလိုက်ဘူး။ အမေတို့နဲ့လူစုကွဲပြီး ဗိုလ်ချုပ်ပြတိုက်ထဲမှာ ယောင်လည် လည် ဖြစ်နေတုန်း လော်စပီကာကနေ သမီးပျောက်တာ ကို ကြေညာနေပြီလေ။ အဲဒီတုန်းက လူတန်းကြီးကလည်း အရှည်ကြီး။ ဗိုလ်ချုပ်အိမ်ဝလည်း ရောက်တော့မယ်။

နောက်တစ်ခါ လာကြည့်ရဖို့လည်း မသေချာတော့ဘူး။ အပြင်မှာ အမေကငို၊ မောင်လေးကငိုပြီး မိုက်နဲ့ပြန်ခေါ်ခိုင်း နေတာလည်း ကြားရဲ့သားနဲ့ သမီး အရိုက်ခံရခါမှ

ခံရရော မိုလ်ချုပ်ပြတိုက်ထဲ ဆက်ကြည့်နေတာပဲ။ မိုလ်ချုပ် ဘယ်လိုနေတယ်၊ ဘယ်လိုထိုင်တယ်၊ မိုလ်ချုပ်ရဲ့ စိတ် ဓါတ်တွေကို သိပ်အထင်ကြီး ကြည်ညိုနေတာဆိုတော့ နောင်တနဲ့ မကြည့်ရဘဲ ပြန်ထွက်လာရမှာကို ကြောက်တာနဲ့ ဆက်ကြည့်တာ။ အမေဆို ခုထိ ပြောမဆုံးဘူး။ အာဇာနည် နေ့ကို မမေ့ဘူးတဲ့လေ" သူတို့ခမျာ ငိုပြီး မိုးရေထဲမှာ တစ်နေကုန် ထိုင်စောင့်နေခဲ့ရတာ။ အဲဒီတုန်းက ကျွန်မ ၁၃ နှစ်သမီးအရွယ်၊ ခြောက်တန်းကျောင်းသူပေါ့။ ကိုယ်ဖြစ် ချင်တာကို အဓိကပဲ မှတ်တဲ့အရွယ်မှာ မိုလ်ချုပ်ပြတိုက်ထဲ ကို ဝင်ကြည့်ခဲ့ရပြီး ဒီကနေ့ထိ ပြန်ကြည့်ခွင့်မရတော့ဘဲ မိုလ်ချုပ်ပြတိုက်ကြီး ၂၅ နှစ်ကျော်လောက် ပိတ်သွားတာဟာ ကျွန်မအတွက် အံ့ဩဖွယ်ရာ အမှတ်တရပဲမဟုတ်လားဆိုပြီး ကျွန်မချစ်ခင်ရတဲ့ စာရေးဆရာမကြီးတစ်ယောက်ကို အဲဒီ အကြောင်းတွေ ပြန်ပြောပြတုန်းက ကျွန်မချစ်တဲ့ ဆရာမကြီးက ဒီလို ထောပနာပြုခဲ့ပါတယ်။

"အေးလေ အဲဒါငါ့သမီးပေါ့" တဲ့။ ကဗျာတိုရှည် များများစားစား မရေးတတ်ပေမဲ့ မိုလ်ချုပ်ကိုချစ်တဲ့အတွက် ဒါဟာလည်း ကျွန်မအတွက် ကဗျာတစ်ပုဒ်လို သိပ်အရသာ ရှိစေတဲ့ စကားပါပဲ။ ဒီထက်မက ဘာတွေများ ဆက်ရေးရင် ရဦးမလဲ။

ဩဂုတ် ဟိုတစ်နေ့က ကိုဇာဂနာရဲ့ "သိသားပဲ" သရော်စာကိုဖတ်ရတော့ ဒီစာတွေကို မိုလ်ချုပ်သာဖတ်ရရင် ဘာပြောမလဲလို့ တွေးမိပြန်ပါတယ်။

ကိုဇာဂနာ ဟောပြောပွဲတွေနဲ့ ပတ်သက်ပြီး စာရေးဆရာတွေကို ချိုးနှိမ်ထောပနာပြုထားတဲ့ ၂၀၁၄ ခုနှစ် မေလ ၁၅ ရက်ထုတ် "ပုံတင်သံ" ဂျာနယ်က စာစုထဲမှာ မိုလ်ချုပ်အကြောင်းပါ ပါလာသကောလား။ ဟောပြောတဲ့ ဆရာသမား စာရေးဆရာတွေက စင်ပေါ်က သီချင်းတွေဆို၊ ထောင်အကြောင်းတွေပြော၊ လက်သီး လက်မောင်းတွေတန်းပြီး တက်ကျမ်းတွေဟော။ ငါးသောင်း ခရီးနဲ့ နှစ်သိန်းခရီးလဲလိုလဲနဲ့ ဟောတိုင်းပြောတိုင်း ဖြစ်ချင်တိုင်းဖြစ်နေတာကို အမြင်မတော်ရှာဘူးတဲ့လေ။

ရေးချင်တာက မိုလ်ချုပ်အောင်ဆန်းဆိုတဲ့ ကြီးကျယ်မြင့်မြတ် လှပါသော ကမ္ဘာ့ခေါင်းဆောင်ကြီးရဲ့ အိမ်တွင်းရေးကို ဟောပြောနေပြီဆိုတာကတော့ နည်းနည်းတော့များနေပြီလို့ ထင်ပါတယ်ဆိုတဲ့သဘောပါ။ မိုလ်ချုပ်ကို အဲသလောက်

သိသတဲ့လား။ ချစ်တာကို လက်ခံပါရဲ့။ အချစ်လွန်တာကိုတော့ သည်းမခံပါရစေနဲ့တော့လို့ ဖြောင်ပဲ ပြောချင်လာပါတယ်။ ကိုဇာဂနာ တို့ထိသလို မထိတို့တတ်တော့ ရှင်းရှင်းပဲ ရေးချင်လာပါတယ်။

ဗိုလ်ချုပ်နဲ့ ဗိုလ်ချုပ်ရဲ့ အကြွင်းမဲ့တိုင်းပြည် ချစ်စိတ်ကို စာအုပ်တွေပုံချပြီး ဟောရင်တောင် တစ်နှစ် လောက်ဟောလို့ရပါတယ်။ ဒါ့အပြင် ဆရာနောင်ဝင်းထွန်း ရဲ့ ဗိုလ်ချုပ်ရဲ့ပင်လုံစာချုပ်အတွက် ပြည်ထောင်စုကြီးရဲ့ ကနဦး တိုင်းရင်းသားတွေကို ဦးဆောင်ပြီး တောင်တန်း၊ မြေပြန့် သွေးစည်းမှု ကြိုးပမ်းခဲ့တဲ့အကြောင်း ရေးပြထားတဲ့ ဆောင်းပါးကိုပဲ ဖတ်ညွှန်းပြရမား။ ဆရာမေမြို့ချစ်ဆွေရဲ့ ဗိုလ်ချုပ်ဆောင်းပါးစာအုပ်ကိုပဲ ဖတ်ညွှန်းပြရမလား။ဆရာ မောင်စိမ်းနီရဲ့ ဗိုလ်ချုပ်ပြတိုက်စိတ်ကူးကိုပဲ ချိုးကျူး ဂုဏ်ပြုရမလား။ ဒါပေမဲ့ ဗိုလ်ချုပ်အောင်ဆန်းက ဒေါ်ခင်ကြည် ကို ရိုက်သလေးဘာလေးလုပ်တာ ကျွန်မတစ်သက် တစ်ခါမှ မကြားဖူးပါဘူး။ အင်း အဲဒီအကြောင်းက ရေးမယ့် အစီအစဉ်ထဲ မပါဘဲ ကိုဇာဂနာရဲ့ "သိသားပဲ" ဖတ်လိုက်တော့မှ ပါလာ တာပါ။ ဖေဖော်ဝါရီ ၁၃ မှာလည်းလွမ်း၊ ဇန်နဝါရီ ၄ မှာလည်း လွမ်း၊ ဇူလိုင်လ ၁၉ ရက် နေ့မှာလည်းလွမ်း၊ မေလ ၁ ရက်နေ့မှာလည်းလွမ်း၊ မတ်လ ၂၇ ရက်နေ့မှာလည်း လွမ်း၊ အမျိုးသားနေ့၊ တန်ဆောင်မုန်းလပြည့်ကျော်၁၀ ရက်မှာလည်းလွမ်းနေမယ့်အစား ဗိုလ်ချုပ်လမ်းစဉ်ဖြစ်တဲ့၊ ဗိုလ်ချုပ်မျှော်လင့်တဲ့ "စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီ စနစ်နဲ့ လွတ်လပ်ပြီးတရားမျှတတဲ့ မြန်မာနိုင်ငံ" ကို တည်ဆောက်ဖို့ပဲ ကြိုးစားပေးကြစေချင်ပါတယ်။ ဝိုင်းဝန်း လိုက်နာစေချင်ပါတယ်။ ကျွန်မတို့ မွန်းကျပ်နေတာ၊ မတရားခံနေခဲ့ရတာ နှစ်ပေါင်း ၅၀ မကမျှ မပြီးဘဲနဲ့ အခုကျမှ စည်းကျော်ဘောင်ကျော်ပြီး ဗိုလ်ချုပ်ရဲ့လမ်းစဉ်နဲ့ သွေဖည်တဲ့ ကိုယ့်အတ္တ၊ ကိုယ့်အောင်မြင်ကျော်ကြားမှုအတွက် အမြတ်ထုတ် ကိုယ်ရည်သွေးကြမယ်ဆိုရင်ဖြင့် ကျွန်မတို့ မျှော်လင့်ချက်တွေ ရွှေပြည်တော်မျှော်တိုင်းဝေးမှာပဲ။ ဘယ်သူ့ ကြောင့်လဲလို့ မေးမနေကြပါနဲ့တော့။ သတိမှန်တစ်ချပ်စီ ကျွန်မတို့ ဆောင်ထားကြရင်ဖြင့် ဗိုလ်ချုပ်ရဲ့ အခုထိ လက်တားနေမယ့် ကြေးရုပ်တုကနေ ပြုံးပျော်နေမယ့် ဗိုလ်ချုပ်ပုံကြေးရုပ်ကို ကျွန်မတို့ ထုခွင့်ရလာမှာ သေချာပါတယ်။ ဗိုလ်ချုပ်ကို မညာကြပါနဲ့လို့ပဲ ရေးရမလား . . . .ရေးရမလား။

***



အောင်ဆန်း

၁၉၃၅ ခုနှစ်က ရန်ကုန်တက္ကသိုလ်သည် မည်မျှစိမ်းစိုနေပါသနည်း။ ရန်ကုန်တက္ကသိုလ်ပရဝုဏ်ထဲမှာ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ၏ တရားဟောပွဲများ၊ ကျောင်းဆောင်တွင်လည်း၊ တက္ကသိုလ်သမဂ္ဂတွင်လည်း တရား ဟောပွဲများ၊ စကားပြောပွဲများ ကျင်းပလေ့ရှိ၏။

တရားဟောပွဲအပြီးမှာ ပရိသတ်ထဲမှထ၍ စကားပြောခွင့်ရှိသည်ဟု သဘာပတိက ကြေညာ၏။ ထိုအခါ ချောင်လေးတစ်ချောင်၊ ထောင့်လေးတစ်ထောင့်မှ လူတစ်ယောက် ထလိုက်၏။

သူကား ကိုအောင်ဆန်း။

ခေါင်းမွေးစုတ်ဖွား၊ ပင်နီတိုက်ပုံနှင့် ကိုအောင်ဆန်း။

သူသည် ကျောင်းသူများကို လုံးဝဂရုမစိုက်။

သူက အလွန်လေးနက်သည်။

သူ့ယုံကြည်မှုက လေးနက်၏။

လူအများက သူ ထိုင်သွားအောင် လက်ခုပ်ဆက်တိုက်တီးကြ၏။

''ဟေ့ အောင်ဆန်း ဆင်းကွ''

''အောင်ဆန်း ရူးနေလား၊ ဆင်းတော့ကွ''

အောင်ဆန်း၏ အစဖြစ်သည်။

အောင်ဆန်း၏သတ္တိကို လူအများက မသိကြသေးချိန်မှာဖြစ်သည်။

လူအများက မည်သို့ပင်အော်ပါစေ အောင်ဆန်းသည် စကားကိုဆက်ပြီး ဆုံးအောင် ပြောစမြဲပင်။

သူသည် ယုံကြည်ရာကို ပြောခဲ့သူဖြစ်၏။ ပဲခူးဆောင်၏ စည်းဝေးပွဲမှာ သူစကားထထပြောလွန်းသဖြင့် သူ့ကို အရူးဟု အော်ကြသော်လည်း သူက မည်သူ့ကိုမျှ

ဂရုမစိုက်။

တောက်မည့်မီးခဲ တရဲရဲပင်။ သူသည် နှံ့နစ်မည်မဟုတ်သော ပတ္တမြားတစ်ပွင့်။

သူဖတ်ချင်သည့် စာအုပ်ကိုဖတ်သည်။

သူပြောချင်သည့် ရင်ထဲကစကားများကို ပြောသည်။ သူယုံကြည်သည့် နိုင်ငံရေးကို သူသည် စူးစူးစားစား စွဲစွဲမြဲမြဲ လုပ်သည်။

အောင်ဆန်း၏ အစပထမပိုင်းမှာ အောင်ဆန်းကို လူ အများက နားမလည်ကြ။ တကယ်တော့ သူသည် လူရူးမဟုတ်။ လူထူးဖြစ်သည်။ မည်သူမျှ လိုက်မမီနိုင်သော သူ့အရည်အသွေးက တောက်ပလွှမ်းမိုးလာ၏။

စာဖတ်သော အောင်ဆန်း၊ စကားတွေထပြောသော အောင်ဆန်း သမဂ္ဂမှ အိုးဝေမဂ္ဂဇင်းကို ထုတ်ဝေ၏။ ကိုအောင်ဆန်းသည် အိုးဝေမဂ္ဂဇင်း၏ အယ်ဒီတာ ဖြစ်လာသည်။

အိုးဝေမဂ္ဂဇင်းတွင် 'ခွေးသရမ်းကြီးလွတ်နေသည်' ဆိုသော ဆောင်းပါးတစ်စောင် ပါလာ၏။

မည်သူရေးသနည်းဟု အာဏာပိုင်များက မေးမြန်းကြ သည်။ ကိုအောင်ဆန်းက မှုန်တေတေပင်။ တာဝန်ခံအယ်ဒီတာ ကိုအောင်ဆန်းက ရေးသူကို ဖော်ထုတ်မပြောပါ။ ထို့အတွက် ကိုအောင်ဆန်းသည် ကျောင်းထုတ်ခံရ၏။

''အိုးဝေမှာ ဆောင်းပါးတွေဝင်ရေးကြ။ ချစ်ရေးကြိုက်ရေး မလိုချင်ဘူး။ ကျောင်းသားတွေ တိုးတက်ရေးကို လိုချင်တယ်။ ရေးကြဗျာ ကျုပ်တာဝန်ယူတယ်''

သူ၏ တာဝန်ယူသော စကားလုံးကို လေးစားမိ၏။ ကိုယ့် ပတ်ဝန်းကျင်ကို တိုးတက်စေချင်သော ကိုအောင်ဆန်း၊ ''ကျောင်းသားတွေတိုးတက်ရေးကို လိုချင်တယ်'' သူ့စကား။ တာဝန်ယူရဲသော ကိုအောင်ဆန်း၊ တိုင်းပြည်ကို ထမ်းပိုး လိုသော ကိုအောင်ဆန်း။

ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂကြီး၏ ပထမဆုံး ညီလာခံကို

မန္တလေးမြို့တွင် ကျင်းပသည်။ ကိုအောင်ဆန်းက မိခင်ထံမှ လမ်းစရိတ်တောင်း၏။ အမေက မပေးဘူး ပြော၏။

"ကိုယ် စထွင်တဲ့ လုပ်ငန်းမို့ မသွားရင်မဖြစ်ဘူး။ မလုပ်ဘဲ လည်း ကျွန်တော်မနေနိုင်ဘူး။ စရိတ်မပေးချင်လည်း နေပါ။ ကျွန်တော်ကတော့ မန္တလေးကို ခြေလျင်လျှောက်မယ်"

ကိုအောင်ဆန်းသည် ထိုသို့သောကိုအောင်ဆန်း။ ကို အောင်ဆန်းသည် တက္ကသိုလ်တက်စဉ်မှာ အမေ့ထံက ငွေမှာရ၏။

"အမေ ကျွန်တော် အစိုးရဝန်ထမ်းလုပ်မှာမဟုတ်ဘူး။ နိုင်ငံရေးပဲလုပ်မှာ။ တစ်ချိန်မှာ ကျွန်တော့်ဆီက ငွေရလာဖို့ မမျှော်လင့်နဲ့။ အခုတော့ ကျွန်တော်သုံးဖို့ ငွေပို့ပေးပါဦး"

စကားကို မသွယ်မဝိုက် တည့်တည့်ပြောတတ်သော ကိုအောင်ဆန်း။ တစ်ဖက်သားကို နားဝင်ချိုအောင် ပြောလေ့မရှိသူ။ သို့သော် သူ့သွေးသားထဲမှာ တိုင်းပြည်ရှိသည်၊ ပြည်ထောင်စုကြီး ရှိသည်။

မြို့အုပ် မလုပ်။

အရေးပိုင် မလုပ်။

နိုင်ငံရေး လုပ်မည်။

ကိုယ်ကောင်းစားမည့် နိုင်ငံရေးမျိုးကိုမူ အလိုမရှိ။

ကိုယ်အနစ်နာခံကာ ပေးဆပ်ရသော နိုင်ငံရေးကို သူ အလိုရှိ၏။

တက္ကသိုလ်သမဂ္ဂခန်းမကြီးသည် ကြိမ်ခုံတန်းလျားများဖြင့် ပြည့်နေ၏။ ကြမ်းပိုးများကလည်း အပြည့်။ ကြမ်းပိုးတို့ မှုန်ဆန် ပုန်ကန်ထကြွရာ ကြိမ်ခုံတန်းလျားများသည် ကိုအောင်ဆန်း အိပ်စက်ရာ သလွန်ညောင်စောင်း ဖြစ်ပေ၏။

သမဂ္ဂရှေ့မှာ လက်ဖက်ရည်ဆိုင်လေးဖွင့်သော အဒေါ်ကြီး က ကိုအောင်ဆန်း

ထိုသို့အိပ်စက်ရသည်ကို စိတ်မကောင်းရှာ ပါ။

"မောင်အောင်ဆန်းရယ် မင်းနယ် စောင်မရှိ၊ ခေါင်းအုံးမရှိ၊ ခြင်ကိုက်၊ ကြမ်းပိုးကိုက်နဲ့ ဘာပြုလို့ ဒီမှာ အဆင်းရဲခံအိပ်ရတာ လဲ"

"ကြီးကြီးရေ ကျွန်တော်နိုင်ငံရေးလုပ်ရင် ထောင်ကျမယ်ဗျ၊ ထောင်ထဲမှာ စောင်မပါ၊ ခေါင်းအုံးမပါ၊ ခြင်ထောင်မပါ အိပ်ရ မှာဗျ၊ အခုကတည်းက ကျင့်သားရအောင် လုပ်ထားတာ။ နိုင်ငံရေးလုပ်ရင် အရေထူမှ ဖြစ်တယ်။ ထောင်ဆိုတာ နိုင်ငံရေး သမားရဲ့ သွားရာလမ်း၊ အနားယူရာ ဗိမာန်ဆိုပါတော့ဗျာ"

ကိုအောင်ဆန်းက ပြော၏။ တက္ကသိုလ်ကျောင်းသား ကိုအောင်ဆန်း။ နိုင်ငံရေးသမား ကိုအောင်ဆန်း။ ထို့နောက် သခင်အောင်ဆန်း။ မြန်မာ့တပ်မတော်ကြီး ဖွဲ့စည်းသောအခါ ဗိုလ်ချုပ်အောင်ဆန်းဖြစ်သွား၏။ တပ်မတော်၏ ဖခင်ဗိုလ်ချုပ် အောင်ဆန်း။

ထိုအချိန်က ပြည်သူချစ်သော တပ်မတော်ကြီး၏ဖခင် ဗိုလ်ချုပ်အောင်ဆန်း။ မျိုးဆက်အဆက်ဆက် ချစ်ကြရမည့်၊ အလေးအနက်ထားရမည့်၊ စံပြုရမည့် ကျွန်တော်တို့၏ ကိုအောင်ဆန်း၊ ကျွန်တော်တို့၏ ဗိုလ်ချုပ်အောင်ဆန်း။

ဟေ့ မှတ်ထား

မြန်မာပြည်မှာ ဗိုလ်ချုပ်တစ်ယောက်တည်းရှိတယ်။ ဗိုလ်ချုပ်လို့ဆိုရင် အောင်ဆန်းလို့သာ မှတ်ပေတော့။

မောင်ကိုကို(အမရပူရ)

***




ကျွန်မ ငယ်စဉ်ကလေးဘဝ ပထမဦးဆုံး ဇာတိသွေး ဇာတိမာန် စိတ်ဓာတ်ကို ပုတ်နှိုးသောနေ့ရက်တစ်ရက်သည် လွတ်လပ်ရေးနေ့ဖြစ်သည်။ လွတ်လပ်ရေးအလံတင်ပွဲသည် မြို့၏ မြို့မအားကစားကွင်း၌ ကျင်းပသည် ဖြစ်ရာ နံနက်စောစော ကွင်းထဲရောက်ဖို့ ဝေလီဝေလင်းအချိန်ကပင် ထ၍ ပြင်ဆင်ရသည်။ ကျွန်မနေသောကျောင်းသည် အစိုးရကျောင်းမဟုတ်။ သူငယ် တန်းမှ အင်္ဂလိပ်စာစသင်သောကျောင်း (ဒေါ်ဖွားရှင်)ကျောင်း ဖြစ်သည်။ ကျွန်မတို့မြို့မှာ အလွတ်ပညာသင်ကျောင်း နှစ်ကျောင်းရှိရာ ၉၉ ကျောင်းက ကျောင်းဝတ်စုံသည် အဖြူနှင့်ကြက်သွေးရင့်ရောင်ဖြစ်ပြီး ဒေါ်ဖွားရှင်ကျောင်းက ကျောင်းဝတ်စုံသည် အဖြူနှင့်နက်ပြာ ဖြစ်သည်။

ယောကျ်ားလေးတွေက ရှပ်အင်္ကျီအဖြူနှင့် ဘောင်းဘီတိုရှည်နက်ပြာ၊ မိန်းကလေးတွေက ကော်လာလက်ဖောင်းအင်္ကျီအဖြူပေါ်မှာ ကွန်ဗင့်ဂါဝန်အပြာရင့် ရောင်နှင့်ဖြစ်သည်။ ယောကျ်ားလေးရော မိန်းကလေးပါ ခြေစွပ်အဖြူကင်းဘတ်စ်ဖိနပ်အဖြူ အင်္ကျီမှာ နက်ခ်တိုင်နီညိုရောင် မပါမဖြစ် ဆင်ယင်ရ၏။ အဝေးကကြည့်လိုက်လျှင် ထိုခေတ် အဖြူအစိမ်းပင် မပြည့်စုံသော အစိုးရကျောင်းတွေကြားမှာ ကျွန်မတို့ ဒေါ်ဖွားရှင်ကျောင်းဝတ်စုံသည် လွတ်လပ်ရေးနေ့လို ချီတက်ပွဲမျိုး၊ မြို့မအားကစားကွင်းထဲ ကျောင်းပေါင်းစုံ ဆုံ ကြပြီဆိုလျှင် ကျွန်မတို့ ခေါင်းမော့ရင်ကော့စွာ (ကျောင်း ဂုဏ်နှင့်) ဝင့်ထည်နေတော့သည်။ ကလေးတွေ နံနက် စောစောကြီး ကျောင်းမှာလူစုနိုင်ဖို့ မိဘတွေလည်းမနေရ။ လွတ်လပ်ရေးနေ့ ချီတက်ပွဲအတွက် ဝတ်စုံပြည့်စုံရန် မိဘ တွေမှ

အထူးဝါယမစိုက်ထုတ်ရ၏။ ခြေစွပ်မစုံတာမျိုး၊ ကင်းဘတ်စ်ဖိနပ်ဟောင်းနေတာမျိုး၊ ဝတ်စုံမီးပူခေါက်ရိုးကျမဖြစ်တာမျိုး မရှိစေရ။ ကလေးကို စောစောကြီး ပြင်ဆင်ပေး ပြီး စုရပ်ရှိရာကျောင်းသို့ ပို့ရ၏။ ကျောင်းမှ ဆရာ၊ ဆရာမများနှင့်အတူ အလံတင်ပွဲအခမ်းအနားကျင်းပရာ မြို့မအားကစားကွင်းသို့ သွားရမည်ဖြစ်သည်။ ထိုစဉ်က စုရပ်ရှိရာကျောင်းသို့ ပို့ပေးသူမှာ ဖေဖေကိုယ်တိုင်ဖြစ်သည်။ ချမ်းမြမြ ဆောင်းနံနက်ခင်း မိုးမလင်းသေးမီ လမ်းမပေါ်မှာ လူသူကင်းဆိတ်နေဆဲ သားအဖနှစ်ယောက် လက်တွဲပြီး ကျောင်းသို့ လမ်းလျှောက်သွားခဲ့ရသည်ကို ယနေ့တိုင် မမေ့နိုင်ပါ။ မြို့မအားကစားကွင်းရောက်တော့ ညီညီညာညာ တန်းစီစုရပ်ပြီး နံနက် ၄ နာရီ မိနစ် ၂၀ မှာ နိုင်ငံတော် သီချင်းနဲ့အတူ နိုင်ငံတော်အလံကို တိုင်ထိပ်ရောက်အောင် ဖြည်းဖြည်းချင်း ဆွဲတင်သော အလံတင်အခမ်းအနား အတွေ့ အကြုံခံစားချက်သည် ကလေးတစ်ယောက်၏ရင်မှာ တခမ်း တနား ဖူးပွင့်နေတော့သည်။

ဒါတို့နိုင်ငံအလံ၊ တို့နိုင်ငံတော်သီချင်း၊ တို့အလံကို မြေမခအောင် စောင့်ရှောက်ရမယ်၊ တို့လွတ်လပ်ရေးကို အသက်ပေးကာကွယ်ရမယ်ဆိုသော ဇာတိမာန်ရဲစိတ်တို့ တသိမ့်သိမ့် လှိုင်းဝေခဲ့သော ဆောင်းနံနက်ခင်းများသည် ကျွန်မတို့ နငယ်စဉ်ဘဝကတည်းက နှလုံးသည်းအိမ်မှာ သိပ်သည်းထူထဲစွာ စွဲနစ်နေစေရန် သွန်းလောင်းထုဆစ်ခဲ့ပြီ ဖြစ်သည်။

အာဇာနည်နေ့ တို့မမေ့

ဒုတိယ နှလုံးအိမ်ထဲမှာ ထိထိခိုက်ခိုက် ခိုတွယ်လာသော နေ့ရက်တစ်ရက်မှာ အာဇာနည်နေ့ ဖြစ်သည်။ မူလတန်း ကလေးဘဝ၌ အာဇာနည်နေ့ကို အမှတ်တမဲ့ ဖြစ်သန်းခဲ့ရသော်လည်း အလယ်တန်းကျောင်းသူ ဖြစ်လာသောအခါ အာဇာနည်နေ့သည် မှတ်မှတ်ထင်ထင် ရှိလာသည်။ ထိုသို့ရှိလာရသည်မှာ ထိုစဉ်က အ-ထ-က ကျောင်းများ၏ လှုပ်ရှားမှုကြောင့်ဟု ယူသော်ရပေမည်။ အာဇာနည်နေ့နီးပြီဆို ကျောင်းမှာ ဆရာ၊ ဆရာမတွေက အာဇာနည်နေ့အကြိုဟောပြောပွဲများ၊ စာစီစာကုံးပြိုင်ပွဲများ၊ နံရံကပ်စာစောင်၊ လက်ကမ်းစာစောင် ထုတ်ဝေခြင်းများ၊ ပြုလုပ်ကြသည်။ အာဇာနည်နေ့အကြိုလှုပ်ရှားမှုဟု

ပြောလျှင် ရပေမည်။ ထိုအာဇာနည်နေ့အကြိုလှုပ်ရှားမှုများကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးပုံအကြောင်းတွေ ထပ်ခါတလဲလဲ ကြားရကာ ကလေး တွေစိတ်ထဲ ရဲစိတ်ရဲမာန်တွေ နိုးကြားနေပြီဖြစ်သည်။ ကျွန်မ သတ္တမတန်းကျောင်းသူအရွယ် လက်ကမ်းစာစောင်တွင် ဖော်ပြခဲ့ရသော ကဗျာကလေးကို ယနေ့တိုင် မမေ့နိုင်သေး။

"ရှုလိုင်ဆယ့်ကိုး၊ ရက်နေ့ဆိုးကို
စိုးစဉ်းမမေ့၊ လွမ်းငွေ့ငွေ့ရှင့်
သည်နေ့သည်ခါ၊ မြန်ပြည်သာဝယ်
ရွာမိုးမျက်ရည်သွန်းတကား။
မျက်ရည်သွန်းမင့်၊ လွမ်းပန်းပွင့်လည်း
သခင့်စေရာ၊ တို့ဝန်တာကား
ဘယ်မှာကျေတုန်း၊ အားမာန်သုံး၍
အားလုံးဖခင်၊ တို့ဖခင်၏
လမ်းစဉ်အောင်ရေး၊ အသက်ပေး၍
ရာဇဝင်ကြွေးကိုဆပ်ရမည်။ "

ပထမဦးဆုံး အသိအမှတ်ပြုခံလိုက်ရသော ထိုလက် ကမ်းစာစောင်ကလေးက ကျွန်မ၏ ငုံ့လျှိုးနေသော စာရေးချင်စိတ်(ဇာတိစိတ်)ကို ပုတ်နှိုးလိုက်ခြင်းလည်းဖြစ်သည်။

ဂီတ၏ဆွဲခေါ်ရာ

မူလတန်းအရွယ်က လွတ်လပ်ရေးအလံတင်ပွဲ ဆင်နွှဲ ရသလိုပင် အလယ်တန်းကျောင်းသူအရွယ်ရောက်တော့ အာဇာနည်နေ့ရောက်လျှင် ကိုယ့်အိမ်မှာ အလံတစ်ဝက်လွှင့် ထူ၍ ကျောက်တိုင်မှာသွားကာ လွမ်းသူ့ပန်းခွေချလျက် အာဇာနည်ကြီးများကို အလေးပြုကြရသည်။

နံရံကပ်စာစောင်တွေ၊ လက်ကမ်းစာစောင်တွေဖြင့်

အာဇာနည်သွေးနွေးနေပြီဖြစ်သော ကျွန်မတို့သည် ကျောက် တိုင်သို့သွားရန် အလွန်ပင် တက်ကြွနေတတ်သည်။ ဇူလိုင် ၁၉ ရက် မွန်ပြည်နယ်မိုးကား သွန်းသွန်းဖြိုးဖြိုး ရွာမြဲဖြစ်ရာ မိုးစိုစိုရွှဲရွှဲနှင့်ပင် ချီတက်လာကြသည်။ ကျောင်းမှာ ကလေးသဘာဝ စကားများရန်ဖြစ် မငြိမ်မသက် ဘယ်လိုပင်နေကြနေကြ ချီတက်ရာလမ်းတွင် ကျွန်မတို့ စနစ်တကျဖြင့် အလွန်ပင် ဏ္ဍေြရနေတတ်သည်။ အခမ်းအနား ရောက်တော့ ပို၍ပင် ဏ္ဍေြရသွားပြန်သည်။ တကယ်တော့ ကျွန်မတို့အားလုံး ကြေကွဲခြင်းလေဟာပြင်ထဲ မျောလွင့် သွားခြင်းဖြစ်သည်။ နဂိုက ကရုဏာသံပါသော အဆိုတော်ကြီး မေလှမြိုင်၏

"နှစ်လနာရီ ခါရာသီရွေ့ပေမဲ့ အာဇာနည်နေ့ကို ဖြင့် မမေ့သင့်ပါသလေ . . . ယနေ့ဖြင့် အသိတရားများဖို့အခြေ (အများပြည်သူတွေ)၂ အာဇာနည်နေ့ကိုလေ တွေးရှုကာပဲ အလေးပြုပါမယ်လေ . . .စနစ်အခြေပြောင်းခဲ့ပေမဲ့ အဖြစ် ဟောင်းများတော့ ဖြေသော် မပြေ . . ."

တကယ်ဆိုလျှင် ကျွန်မတို့အသက်နှင့် ဗိုလ်ချုပ် တို့ကျဆုံးသော အချိန်ကာလကို မမီပါ။ ကျွန်မတို့ မမွေးခင်က ဖြစ်ပျက်သွားသော အဖြစ်အပျက်များသည် ကျောင်းက ဆရာ၊ ဆရာမများ၏ ဟောပြောလှုံ့ဆော်မှု၊ အဆိုတော်ကြီး မေလှမြိုင်၏ အဆွေးဓာတ်တွန်းပို့မှုများကြောင့် ယခုပင် ဗိုလ်ချုပ်နှင့်အပေါင်းအပါများ မျက်စိရှေ့မှောက်မှာ ကျဆုံး သွားကြသလို အာရုံထဲ ခံစားသက်ဝင်လာသည်။ ယူကျုံးမရ ဆို့နင့်ကြေကွဲခြင်းဒီရေကား မတန့်မနား တက်နေလေရာ (ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ကျဆုံးလေပြီးသော အာ ဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြု) ဟူသော ကျောင်းသားခေါင်းဆောင် အမိန့်ပေးသံကြောင့် ဦးညွှတ် လိုက်ချိန်တွင် မျက်ရည်စက်များပါ ပေါက်ခနဲ ပေါက်ခနဲ ကျဆင်းလာတော့သည်။ အချို့ အသည်းငယ်သူ၊ ထိရှခံ စားလွယ်သူ မိန်းကလေးများထံမှ ရှိုက်သံများပင် ပျံ့လွင့်လာ တတ်သည်။

ထိုသို့ ဆို့နင့်ကြေကွဲမှုများသည် အခမ်းအနားပြီးဆုံး၍ အသံချဲ့စက်မှ ထပ်မံပေါ်ထွက်လာသော အဆိုတော်ကိုမြကြီး၏ "ဗမာ့လွတ်လပ်ရေးအတွက် တပ်မတော်ဖွဲ့ဖို့ ဂျပန်ပြည်မှာ ကွယ် တကယ်ပဲအသက်နဲ့လဲလို့ ဆင်းရဲဒုက္ခခံကာ ကြံစည်တယ်

သူရဲကောင်းတဲ့ ဗိုလ်အောင်ဆန်းနဲ့ အာဇာနည်တွေရယ် ငါတို့ ဗမာပြည်ဝယ် မိခင်အပေါင်းတို့ကရယ် ဗိုလ်အောင်ဆန်းလို သူရဲကောင်းတွေ မွေးရမယ် ငါတို့ဗမာပြည်ဝယ် မိဘအပေါင်းတို့ရယ် အာဇာနည် အစစ်တွေကို တို့တစ်တွေမွေးရမယ်" ဆိုတာ သီချင်းသံကြောင့် ခေါင်းမော့ရင်ကော့လာနိုင်ကြပြန်သည်။ မိဘတိုင်းက ဗိုလ်ချုပ်အောင်ဆန်းလို သူရဲကောင်းတွေ မွေးရမယ်တဲ့။ မိခင်လောင်း မိန်းမသားထုကြီးကို တပ်လှန့်နှိုးဆော်လိုက်သော သီချင်း။ ကြည့်ပါဦး နောက်ထပ်သံပြိုင်အပိုဒ်မှာ (ရာဇဝင် အတ္ထုပ္ပတ္တိလည်းရှိရမယ် မော်ကွန်းလည်းထိုးလောက်တဲ့မြတ်မြင့်တဲ့ဗိုလ်ချုပ်အောင်ဆန်းရယ်) တိုင်းပြည်အကျိုးထွန်းခဲ့တဲ့ များဇာနည်နွယ် လွတ်လပ်ဖို့ တို့များကို ကျွန်တွင်းမှကယ် တို့ဗမာတွေစိုးမိုးဖို့ မျှော်ကြရာလို့ပေါ်လာတယ်"

ကျွန်မတို့စိတ်ဓာတ်တွေ တက်ကြွလာကြပြန်သည်။ ကျွန်မတို့ခြေလှမ်းတွေ သွက်သွက်လှမ်းကာ တို့မြေ တစ်လက်မ အထိမခံ အမျိုးသားရေးအားမာန်တို့ တလူလူလွင့်ပျံ ခဲ့ကြပြန်သည်။ အာဇာနည်နေ့သည်ကား တစ်နေ့တည်းနှင့် ခံစားမှုအမျိုးမျိုးကို ပေးသည့်နေ့ပေတည်း။

ပထမခြေလှမ်း

တစ်ခုသော အာဇာနည်နေ့တွင် မြို့နယ်က ထူးခြား သော အစီအစဉ်တစ်ရပ် ပြုလုပ်သည်။ တစ်မြို့နယ်လုံးဆိုင်ရာ စာစီစာကုံးပြိုင်ပွဲ ကျင်းပပေးခြင်းပင်။ ကျောင်းပေါင်းစုံမှ ဝင်ရောက်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်လေရာ နံရံကပ်စာစောင်နှင့် လက်ကမ်းစာစောင်တွင် လက်ရှိသော ကျွန်မကို အ-ထ-က ၂ ကိုယ်စား ယှဉ်ပြိုင်စေတော့သည်။ ခေါင်းစဉ်ပေးထားသည် မှာလည်း ရိုးရိုးကလေးပင်။ အာဇာနည်နေ့တဲ့။ ခေါင်းစဉ်အရဆိုပါမူ အာဇာနည်နေ့အကြောင်း ရေးရမည်ပင်။ များသောအားဖြင့် ဗိုလ်ချုပ်နှင့်တကွ အာဇာနည်ကြီးများ ကျဆုံးပုံမြင်ကွင်းကို ပုံဖော်ရေးသားကြမည်မှာ မြေကြီးလက်ခတ်မလွဲပါ။

ပြိုင်ပွဲမှာ မြို့နယ်လုံးဆိုင်ရာဖြစ်သဖြင့် ကလေး အတွေး၊ ကလေးအရေးနှင့်ဆိုလျှင် မဟန်။ နည်းနည်းတော့ မြင့်မှဖြစ်မည်ဟု ကျွန်မ တွေးမိ၏။ ထို့ကြောင့် အများထဲမှ ဖောက်ထွက်ကာ ဦးပုည၏စကားကို ယူသုံးလျက် (အစွယ်လို သူက

မင်းမိဖုရား၊ အသွားစေခိုင်းသူက မင်းဧကရာဇ်၊ လေးပစ်သူက ဘုရားကျွန်တော်၊ ကြံဖော်ကြံဖက် သုံးယောက် သားအနက်တွင်မှ ငမိုက်သားမှဆိုးလေ နှင့်ချည်းပင်သေ စေဟု) ဂငွန့်ဦးစောကိုပင် အပြစ်တင်ချင်နေ၍မရ၊ ဂငွန့် ဦးစောနောက်မှ နယ်ချဲ့အကြံကို မြင်အောင်ပြသော အရေး အသားမျိုးတွေ ရေးလိုက်သည်။ ထိုစာစီစာကုံးသည် ထိုသဘောတရားတွေကြောင့်ပင်ထင်၏။ မြို့နယ်လုံးဆိုင်ရာ ပထမဆုကို ရလိုက်သည်။ ကျွန်မနှင့် အာဇာနည်နေ့ အမှတ်တရများပါပေ။ စာရေးဆရာဖြစ်ဖို့ ပထမခြေလှမ်း ယူသော်ရပေသည်။

ငြိမ်သက်တစ်မိနစ်

ကျွန်မတို့ ဆယ်တန်းအောင်၍ ကျောင်းပြင်ပ ရောက်သွားသောအခါ အာဇာနည်နေ့ ချီတက်အလေးပြုပွဲများ မသွားရတော့သော်လည်း အာဇာနည်ကြီးများ ကျဆုံးချိန် နံနက် ၁၀နာရီ ၃၇ မိနစ် မီးသတ်ဥဩနမှ အထိမ်း အမှတ် ဥသြဆွဲသောအခါ လမ်းတွေမှာ သွားလာနေသည့် အမြန်ယာဉ်၊ အနှေးယာဉ်များ ရပ်နားကြ၊ လမ်းလျှောက်နေသော လူတွေလည်း ရောက်သည့်နေရာမှာ တစ်မိနစ် ရပ်တန့် ငြိမ်သက်ကြ၊ နေအိမ်မှာရှိနေသူတွေအဖို့ ရေဒီယိုမှဥသြ ဆွဲသံလွှင့်ပေးလျှင် အိမ်ရှိ ဗိုလ်ချုပ်ဓာတ်ပုံရှေ့ မှာ အလေးပြုကြ ပြုလုပ်ခဲ့သည်ကို မမေ့နိုင်သေးပါ။

ထိုသို့သော အာဇာနည်နေ့ခံစားချက် ပြင်းထန်သော ကျွန်မ ကျောင်းဆရာမဖြစ်လာသောအခါ အာဇာနည်နေ့ လှုပ်ရှားမှုများမှာ အထူးတလည် ပါဝင်လှုပ်ရှားဖြစ်တော့ သည်။ ကလေးတွေကို ဟောပြောတာမျိုး၊ စာစီစာကုံးပြိုင် ပွဲကျင်းပပေးတာမျိုး ကျွန်မတို့ဆရာတွေက ကျွန်မတို့ကို တိုင်းပြည်ချစ်စိတ်ဓာတ် မျိုးစေ့ချပေးခဲ့သလို ကျွန်မက တစ်ဖန် လက်ဆင့်ကမ်းအမွေ တာဝန်ကျေရန် ကြိုးပမ်းခဲ့၏။

သို့သော် ၈၈ အရေးအခင်းပြီးကာလ တပ်မတော် အစိုးရတက်ပြီးသည့်နောက်ပိုင်း ကျောင်းတွေမှာ အာဇာနည်နေ့ အခမ်းအနား မကျင်းပရ အမိန့်ရောက်လာသဖြင့် အနည်းဆုံး ဟောပြောပွဲပင် မလုပ်ကြရတော့ပါ။ ကလေးတွေမှာ ဗိုလ်ချုပ် အောင်ဆန်း မသိ၊ အာဇာနည်နေ့ မသိ။ ကလေးတို့ ဆယ်တန်း သာအောင်သွားသည်

အာဇာနည်ကိုးဦးကို ပြည့်အောင် မရေတွက်နိုင်ကြ၊ မိုင်းပွန်ကတစ်ယောက် စော်ဘွားကြီးက တစ်ယောက် သည်လိုရေတွက်သူတွေပင်ရှိသည်။

ယခု ပွင့်လင်းမြင်သာသောခေတ်ကာလတွင် အာဇာနည်နေ့အကြို ဟောပြောပွဲများ ကျင်းပလာသည်ကို မြင်တွေ့ကြားသိလာရသဖြင့် ခွင့်ပြုပေးသူများကို အထူးပင် ကျေးဇူးတင်လှပါ၏။

တစ်ဖန် အာဇာနည်နေ့ ဥဩဆွဲရန် လွှတ်တော်က ခွင့်မပြုသေးဟု ကြားသိရပြန်ရာ ထိုကိစ္စကို အတော်ပင် နားလည်ရခက်စွာ စိတ်မသက်မသာ ဖြစ်ရပါသည်။ ကြေကွဲ ဆွတ်ကျင်ဖွယ် ဥဩသံနှင့်အတူ ဟောသည့်အချိန်မှာ ဗိုလ်ချုပ် အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ တိုင်းပြည်အတွက် အသက်ပေးခဲ့ကြတယ်။ ကမ္ဘာမကြေဘူးဟေ့ ဆိုသော စိတ်ဓာတ်မျိုး မျိုးဆက်သစ်ကလေးများ နှလုံးအိမ်မှာ ချိတ်တွယ်ရှင်သန်စေချင်လှသည်။ ဗိုလ်ချုပ်ကိုသိမှ သမိုင်းကိုသိ မည်။ သမိုင်းကိုသိမှ ဧရာဝတီကိုသိမည်။ ဧရာဝတီကိုသိမှ မြန်မာပြည်ကြီးကိုသိမည် မဟုတ်ပါလား။

ကျွန်မတို့ ချစ်ခင်လေးစားအပ်သော စာရေးဆရာ၊ သတင်းစာဆရာကြီး လူထုစိန်ဝင်းက သူ ချစ်ခင်လေးစားသော အမေလူထု ဒေါ်အမာအား တိုင်တည်ပြောကြားခဲ့ဖူးသော စကား တစ်ခွန်းရှိသည်။ ရိုးရိုးကလေးပါ။

''ပြည်သူ့စွမ်းအား ကမ္ဘာတစ်လွှားပါ အမေရယ်'' တဲ့။

ပြည်သူ့စွမ်းအား(ပြည်သူ့အသံ)ကို ကမ္ဘာတစ်လွှား သာမက သမ္မတကြီးပါ ကြားသိစေချင်သည်က ကျွန်မ ဆန္ဒပင်ဖြစ်ပါသည်။

မိချမ်းဝေ

***




ကျွန်တော့်ထံသို့ မိတ်ဆွေတစ်ယောက်မှ စာအုပ်ငယ် ကလေးတစ်အုပ်ကို အမှတ်မထင် ယူဆောင်လာခဲ့သောနေ့က ဖြစ်ပါသည်။ ထိုစာအုပ်ငယ်ကလေးသည် စာရွက်သားများ ဝါကျင်လျက်၊ ဟိုးရှေးယခင်က အသုံးပြုသည့် ခဲစာလုံးတို့ဖြင့် စာစီလျက်၊ စာမျက်နှာကလည်း ငါးဆယ်ကျော်ခန့်မျှသာရှိမည် ထင်ပါသည်။

စာအုပ်ကလေးတွင် နောက်ကျောအဖုံးနှင့် နောက်ဆုံး စာမျက်နှာများ ပြည့်စုံစွာ မပါဝင်တော့ပါ။ သို့သော် စာအုပ် အဖုံးနှင့် စာမျက်နှာငါးဆယ်နီးပါးမျှကတော့ ပြည့်စုံစွာ ပါဝင်လျက်ရှိပါသည်။ ပါးလှပ်လှပ်စာအုပ်ကလေး၏ အလျားက ၇ လက်မ၊ အနံမှာမူ ၄ ၁/၄

လက်မမျှသာရှိ၍ စာအုပ် ငယ်ကလေးဟုပင် ဆိုနိုင်ပါ၏။

သို့သော် ထိုစာအုပ်ကလေး၏ဂုဏ်ဒြပ်နှင့် ဖြတ် သန်းပြီးခဲ့သော နှစ်ပရိစ္ဆေဒကမူ မငယ်လှပါ။ အဘယ်ကြောင့် ဆိုလျှင် ထိုစာအုပ်၏ မျက်နှာဖုံးကို နိုင်ငံကျော်ကာတွန်းဆရာကြီး ဦးဘဂျမ်းမှရေးဆွဲပြီး၊ ဆရာကြီး မဟာဆွေနှင့် ဆရာ မြဒေါင်းညိုတို့ ရေးသားထားသော စာအုပ်ဖြစ်သောကြောင့် ဖြစ်ပါသည်။

စာအုပ်ထုတ်ဝေခဲ့သော နှစ်ကာလမှာ ၁-၁၂-၄၅ဟု ကမ္ပည်းတင်ထားခဲ့သောကြောင့် လွန်ခဲ့သောနှစ်ပေါင်း ၇၀ က သမိုင်းသက်သေအဖြစ်လည်း တန်ဖိုးတစ်စုံတစ်ရာ ရှိနေပါ လိမ့်မည်။

စာအုပ်ကလေးကို သီရိဇေယျပုံနှိပ်တိုက်၊ ရန်ကုန်မှ ပုံ နှိပ်ပြီး ထုတ်ဝေသူ မလှမင်းနှင့် ရွှေထွန်းဆိုသူတို့၏ ရဲရဲတောက် ဖြန့်ချိရေးမှ ဖြန့်ချိခဲ့ပါ၏။

စာအုပ်အမည်ကား မျက်နှာဖုံးတွင် 'အောင်ဆန်းဘာလဲ' ဟူသောအမည်ကို တပ်ထားပြီး မဟာဆွေနှင့် မြဒေါင်းညိုရေးသည်ဟူသောစာကိုပါ ပူးတွဲဖော်ပြထားလေသည်။ စာအုပ်၏ ပထမစာမျက်နှာတွင်မူ မဟာဆွေရေး 'ခေါင်း ဆောင်အစစ်ဘယ်သူလဲ'နှင့် မြဒေါင်းညိုရေး'အောင်ဆန်း ဘာလဲ'ဟူသော ခေါင်းစဉ်ကို စာလုံးမည်းကြီးများဖြင့် ဖော်ပြထား၏။

ဆရာကြီးတို့၏ မြန်မာနိုင်ငံတော်ကြီး လွတ်လပ်ရေးမရမီ ရေးခဲ့သော စာပေကို ဖတ်ရသည့်အခါ ဆရာကြီး ဦးဘဂျမ်း၏ ပြောင်မြောက်သော ကာတွန်းသရုပ်ဖြင့် မျက်နှာဖုံးသရုပ်ဖော် ချက်ကို ကြည့်ရသည့်အခါ ကျွန်တော်သည် ယခုလူတို့ကို လက်ဆင့်ကမ်းမျှဝေလိုစိတ်များ ဖြစ်ပေါ်လာခဲ့ပါသည်။ ထို့ ကြောင့်ပင် ဤစာစုတို့ကို ရေးခဲ့မိခြင်းဖြစ်ပါ၏။

ဆရာကြီးမဟာဆွေက 'နိုင်ငံနှင့်လူမျိုးလွတ်လပ်မှုအတွက် ခေါင်းဆောင်ကောင်း၊ ခေါင်းဆောင်အစစ်ရှိရပါမည်'ဟုဆိုခဲ့ပါ ၏။ ခေါင်းဆောင်ကောင်း၊ ခေါင်းဆောင်အစစ်တို့၏ ကြန်အင် လက္ခဏာကိုလည်း သရုပ်ခွဲပြခဲ့ပါ၏။ ရှေးဦးစွာ ဆရာကြီးက

ခေါင်းဆောင်အစစ်မဟုတ်သူတို့ကို ခေါင်းဆောင်အစစ်ဟု ထင်မြင်ယူဆမိခဲ့ကြောင်းလည်း အောက်ပါအတိုင်း ရေးပြထားပါ သေးသည်။

"မန္တလေးနဝမကွန်ဖရင့်တွင် မြန်မာလူထု မည်မျှညီညွတ်စည်ကား၍ နိုင်ငံရေးအဆင့်အတန်း မည်မျှမြင့်တက်လာသည်ကို နိုင်ငံရေးလိုက်စားသူတိုင်း သိရှိမှတ်မိကြပါသည်။ ထိုကွန်ဖရင့်ကျင်းပဆဲတွင် ကျွန်ုပ်မှာ ဝံသာနုစိတ် ထက်သန် သော ပေါင်းတည်သား ဇာတိဆရာ၏ ဝံသာနုအထည်ဆိုင် တွင်အိပ်ကာ နေ့ညမပြတ် ကွန်ဖရင့်နှင့် အမြဲမကွာ ရှိပါသည်။ ဘွဲ့ထူးဂုဏ်ထူးနှင့် နာမည်ကြီးသူတိုင်းကို ခေါင်းဆောင် အစစ် တွေဟုထင်မှတ်ခဲ့ပါသည်။ ရွှေထီးမိုးပြီး စည်တော်ရွှမ်း အကြိုဆိုခံရသော ပုဂ္ဂိုလ်ကြီးကို ယနေ့တိုင် ထိုအချိန်က အဖြစ်အပျက်များ အမှတ်ရလျက်ရှိပါသည်။ ရေကြောင်းဖြစ်သော် ကမ်းလုံးညွတ်မျှ ကြိုဆိုကြပါသည်။ ကုန်းကြောင်းဖြစ်သော် လူထုများအားကြီး၍ လမ်းရှင်းပေးရပါသည်။ ထိုပုဂ္ဂိုလ်ကြီးကို တစ်တိုင်းပြည်လုံးက လူကြိုက်များကြပါသည်။ ကျွန်ုပ်ကိုယ်တိုင် ထိုလူကြီးသည် ခေါင်းဆောင်တကာ့ခေါင်းဆောင်ဟုထင်မှတ် ခဲ့ပါသည်။ နိုင်ငံရေးဗဟုသုတ တစ်နေ့တခြားတိုး၊ စာအုပ် တွေဖတ်နှင့် လေးငါးနှစ်ကြာခဲ့သော် ထိုပုဂ္ဂိုလ်သည် ခေါင်း ဆောင်အစစ်မဟုတ်သည်လည်းကောင်း၊ ခေါင်းဆောင်အစစ် ရှိရေး၌ လူထုသည် မည်ကဲ့သို့လူထုဖြစ်ရမည်ကို စတင်ဝေ ဖန်မိပါသည်။

ခေါင်းဆောင်ဆိုရာ၌ ရွာခေါင်းဆောင်၊ မြို့ခေါင်းဆောင်၊ မြို့နယ်ခေါင်းဆောင်စသည်တို့လည်း လိုအပ်သေးရာ ကျွန်ုပ် လိုချင်သောခေါင်းဆောင်ကား တစ်တိုင်းတစ်ပြည်လုံး လူ တစ်မျိုးလုံး၏ တစ်ဦးတည်းသော ခေါင်းဆောင်အစစ်ပင်ဖြစ်ပေသည်။ ကျွန်ုပ်တို့၏ ရာဇဝင်ကို ပြန်လှန်ကြည့်ရှုကြလျှင် ဟိုက တစ်မင်း၊ သည်ကတစ်ဘုရင်နှင့် ခေါင်းဆောင်များသောအခါ တငိုး ပြည္ဒ်ာ ကျိုးယတု ၍ မြောက်မြားစွ သော တငိ ႏသူပြည္သ ၁း တို့ အသက်ဆုံးရှုံးခဲ့ရလေသည်။ ခေါင်းဆောင်ကောင်းတစ်ဘုရင် တည်း ပေါ်ပေါက်လာသောအခါ တစ်တိုင်းပြည်လုံး စည်းလုံးညီ ညွတ်ပြီးလျှင် တိုင်းပြည်အခြေအနေ တိုးတက်ခဲ့လေသည်။ ခေါင်းဆောင်အစစ်ရရန်ကား လွယ်ကူသောအလုပ်မဟုတ်ပေ။ ကျွန်ုပ်တို့မျက်မြင်ကိုယ်တွေ့ရာဇဝင်တွင် ခေါင်းဆောင်တွေ မှိုလိုပေါက်ခဲ့သဖြင့် အချင်းချင်း

ဆဲရေးပုတ်ခတ်ကာ အချိန် ကုန်ခဲ့လေရာ ထိုအတွင်းမှာပင် တိုင်းပြည်၏ ဝမ်းဗိုက်ဖြစ်သော စီးပွားရေးအခြေအနေ တစ်နေ့တခြား ဆုတ်ယုတ်၊ လူတွေ ဆင်းရဲငတ်ပြတ် သေကျေ ပျက်စီးခဲ့ကြရလေသည်။ အကယ်၍ ကျွန်ုပ်တို့လိုလားအပ်သော ခေါင်းဆောင်အစစ် ရစေကာမူ လူထု၏စိတ်ဆန္ဒ၌ မည်သည့်ပုဂ္ဂိုလ်မျိုးသည် ခေါင်းဆောင်အစစ်ဖြစ်သည်ဟု ခွဲခြားဝေဖန်တတ်ရန် လို ပေသေးသည်။'' အထက်ပါစာစုတို့မှာ ခေါင်းဆောင်အစစ် နှင့် ပြည်သူလူထုတို့ အပြန်အလှန် နားလည်ရန်လည်း လို အပ်သည်ဟု ဆရာကြီးက ထောက်ပြခဲ့ခြင်းဖြစ်ပါ၏။ တစ်နယ် တစ်မင်း၊ တစ်ယောက်တစ်မျိုး ညီညွတ်မှုပျက်စီးပြိုကွဲနေလျှင် မည်သည့်တိုင်းပြည်မှ ငြိမ်းချမ်းမည်မဟုတ်သကဲ့သို့ မည်သည့်စီးပွားရေးမျှလည်း ဖြစ်ထွန်းအောင်မြင်နိုင်မည် မဟုတ် ချေ။ တိုင်းပြည်လူထု၏ အမြော်အမြင် ဉာဏ်ကြီးမားမှု တို့သည်လည်း လွန်စွာအရေးကြီးကြောင်း ထိုကာလကပင် ဆရာကြီး၏စာများက ထောက်ပြခဲ့လေသည်။

ထို့အပြင် လူချင်းတူညီကြသော်လည်း အသိတရားကွဲပြား ပုံကို အဘိဓမ္မာဆရာကြီး ဆွာမိဗိဗေကနန္ဒရေးသော 'ကာမ ယောဂကျမ်း'မှ ထုတ်နုတ်ပြခဲ့၏။ ထိုကျမ်းတွင် ပုထုဇဉ်လူကို သုံးမျိုးခွဲပြ၍ထား၏။

ပထမတန်းစားပုဂ္ဂိုလ်မှာ မိမိ၏စည်းစိမ်နှင့် အသက်ကို ပင် စွန့်ရဲသောပုဂ္ဂိုလ်ဖြစ်၏။ ဒုတိယတန်းစားပုဂ္ဂိုလ်မှာ အများ အကျိုးဆောင်ရွက်သော်လည်း ကိုယ်ကျိုးထိခိုက်လျှင်ဆက်လက် မဆောင်ရွက်ဝံ့သောပုဂ္ဂိုလ်၊ တတိယတန်းစားကား ကိုယ်ကောင်းစားဖို့ ကိုယ်ကျိုးသာကြည့်ပြီး အများထိခိုက်နစ်နာနေ သည်ကို လျစ်လျူရှုသည့်သူတို့ဖြစ်သည်။

ထိုသုံးမျိုးတွင် ပထမတန်းစားပုဂ္ဂိုလ်များစွာရှိသောတိုင်း ပြည်တို့ကား မည်သည့်အခါမျှ အောက်ကျနောက်ကျ ဆုတ် ယုတ်ပျက်ပြားခြင်း မဖြစ်နိုင်ကြောင်း၊ ထိုခေါင်းဆောင်မျိုး မြန်မာနိုင်ငံတော်၌ ရှိစေလိုသည်ဟု ဖော်ပြခဲ့၏။

ဆရာကြီး မဟာဆွေက ခေါင်းဆောင်ကောင်း၏ အင်္ဂါရပ် တို့ကို စိစစ်ဖော်ပြရာတွင် အချက်ငါးချက်ကို အခြေခံဖော် ပြခဲ့၏။ ပထမအချက်မှာ သတ္တိဖြစ်သည်။

ထိုသတ္တိ၏အဓိပ္ပါယ်ကို အများအကျိုးအတွက်၊ တိုင်းပြည်အကျိုးအတွက် မိမိ၏ ဉစ္စာစည်းစိမ်၊ အသက်ကိုပင် စွန့်ဝံ့သူဟု ဖော်ညွှန်းပါ၏။ နှစ် အချက်ဖြစ်သော ဗျတ္တိ၌ ပြည်တွင်းပြည်ပအခြေအနေအဝဝအပေါ် သိရှိနားလည်ကျွမ်းကျင်လိမ္မာသော၊ စာပေစကား စသော အခြားတိုင်းပြည်သုံး ဝေါဟာရကျွမ်းကျင်မှုမှစ၍ ပြည့်ဝသော နှလုံးရည်များကို ရည်ညွှန်း၏။ တတိယအချက်ကို မျိုးရိုးဟု ဆိုပါသည်။ တော်တည့်ဖြောင့်မှန်ပြီး နိုင်ငံနှင့်တိုင်းပြည်ကိုချစ် ခင်သော မိဘဘိုးဘွားမျိုးရိုးဆက်ကို ဆိုလိုခြင်းဖြစ်သည်။

စတုတ္ထအချက်ကား နောက်လိုက်လူထုတို့ဖြစ်၏။ တိုင်းသူ ပြည်သားတို့ ချစ်ခင်ကြည်ညိုလေးစားမှုကို ရရှိခြင်းကား နောက်လိုက်လူထု၏ ယုံကြည်မှုကို ရရှိခြင်းဖြစ်၏။ လေးစားခြင်း၊ ယုံကြည်ခြင်းခံရသော ခေါင်းဆောင်တစ် ယောက်ဖြစ်ရန် အမိန့်အာဏာဖြင့် ခိုင်းစေနေရုံဖြင့် ရမည် မဟုတ်ချေ။ ပဉ္စမအချက်သည် အခါအခွင့်ဟုဆိုပါသည်။ အခါ အခွင့်တို့ကား ခေါင်းဆောင်၏ လုပ်ရပ်တို့နှင့် ဆက်စပ်နေပါ၏။ ကိုယ်ကျိုးစွန့်မှု၊ အနစ်နာခံမှုတို့နှင့် ပတ်သက်နေပါ၏။

ထိုပဉ္စင်္ဂနှင့်ပြည့်စုံမှသာ ခေါင်းဆောင်ကောင်းအဖြစ် ဥပသမ္ပဒါကံမြောက်မည်ဟု ဆိုခဲ့ပါသည်။ ဆက်လက်၍ တိုင်းပြည်ထဲတွင် ဒုတိယတန်းစားလောက်ကိုပင် လူတော် ထားနေရကြောင်း၊ တတိယတန်းစားတွေသာ များနေကြောင်း ဆိုခဲ့ပါသေး၏။ ခေါင်းဆောင်လောင်းလူရွယ်များစွာ ထွက်ပေါ် လာသောနှစ်များမှာ ၁၉၃၆-၃၇-၃၈ နှစ်များဖြစ်၍ အိုးဝေဟူသော မဂ္ဂဇင်းနှင့် တက္ကသိုလ်သမဂ္ဂနယ်ထဲမှ သခင် အစည်းအရုံးသို့ ဝင်ရောက်ခဲ့သော လူငယ်တို့အား ခေါင်းဆောင် ကောင်းဖြစ်မည့် တရဲရဲသော မီးတောက်မီးခဲတို့ဟု ဆရာကြီး က ရေးသားမှတ်တမ်းတင်ခဲ့၏။

ထိုလူရွယ်သည် ဆရာကြီးမဟာဆွေထက် အသက် ၁၅ နှစ်မျှငယ်၏။ တိုင်းပြည်အတွက် ကိုယ်ကျိုးစွန့်၏။ ဒုက္ခအမျိုးမျိုး ခံ၏။ အခက်အခဲအမျိုးမျိုးကို ကျော်လွှား၏။ သူ့ကိုဖမ်းဆီးမိက ဆုငွေ ၅ ကျပ်ပေးမည်ဟု ကြော်ငြာခံရ၏။ အရှေ့ဘက်လက်နက် နိုင်ငံတစ်ခုသို့ စိတ်တူရဲဘော်တို့နှင့်သွား၏။ ထိုလက်နက်နိုင် ငံရှင်က

နယ်ချဲ့ဖက်ဆစ်သမားများဖြစ်ကြောင်း သိရသောအခါ တော်လှန်ရန် ကြိုးစားပြန်၏။

ထိုသူသည် ကိုအောင်ဆန်းဖြစ်ကြောင်းကိုတော့ ကျွန် တော် ဝင်ရောက်ရှင်းပြရန်လိုမည်မထင်ပါ။ ဆရာကြီး မဟာ ဆွေသည် ၁၉၄၅ ခုနှစ်က ဖြစ်ပေါ်လာသော ဖတပလ ဖြစ်ပေါ်လာခြင်းသည် မြန်မာနိုင်ငံတော်၏ စုစည်းညီညွတ်ပေါင်း စုခြင်းအားကြောင့်ဟုလည်းဆိုခဲ့ပါ၏။

အဓမ္မ သိမ်းသွင်းညီညွတ်ခြင်းသည် တကယ်ညီညွတ်မှုမ ဟုတ်။ အခွင့်၊အာဏာ၊ ငွေကြေး၊လက်ဆောင်ပဏ္ဏာတို့ဖြင့် စည်းရုံးသိမ်းသွင်းမှုကလည်း မှန်ကန်သောညီညွတ်မှုကို တည် ဆောက်နိုင်မည်မဟုတ်ကြောင်း၊ စိတ်နှလုံးအတွင်းမှ နှစ်သက် ယုံကြည်မှုမှသာ ညီညွတ်ခြင်းကိုဖြစ်စေမည်ဟု သုံးသပ်ခဲ့၏။ ဆရာကြီးမဟာဆွေသည် ဖက်ဆစ်တော်လှန်ရေး၌ အရေး ပါအရာရောက်အောင် ရှက်ဆောင်သည့် ကိုအောင်ဆန်းအပါ အဝင် ရဲဘော်ရဲဘက်တို့နှင့် တူလိုသားလို ခင်မင်ခဲ့သူဖြစ်၍ သူနေထိုင်ရာတိုက်ခန်းသို့ ရဲဘော်တို့ ဝင်ထွက်သွားလာမှုရှိ၏။ ထိုသို့ တော်လှန်ရေးရဲဘော်များ ဝင်ထွက်သွားလာသည်ကို ဖက်ဆစ်အထောက်တော် (ကင်ပေ)များ ခြေချင်းလိမ်အောင် လာရောက်စုံစမ်းကြသည်။ ထိုအကြောင်းအရာကို စာအုပ်၏ စာမျက်နှာ ၁၈ တွင် ဤကဲ့သို့ဖော်ပြထားသည်။

"ကျွန်ုပ်မှတ်သားထားသော လူရွယ်ခေါင်းဆောင်ကိုကား အထပ်ထပ်မေးလေသည်။ ထိုအချိန်၌ ဘယ်ဆီမှာဟု သိရှိ သော်လည်း သူ တောင်တွင်းကြီးနယ် နတ်မောက်သားပဲ၊ အဲဒီမှာနေမှာပေါ့ ဟု လီးလွှဲအဖြေပေးခဲ့ရသည်"

ဆရာကြီး၏ စာစုထဲတွင် ကိုအောင်ဆန်းဟူသော အမည် ကို ထုတ်ဖော်မရေးခဲ့ဘဲ စာဆုံးလျှင် စာဖတ်သူတို့မှ မည်သူ မည်ဝါ ဖြစ်မည်ဟူသည်ကို (ခေါင်းဆောင်ကောင်းနှင့်ပတ် သက်၍)ကိုအောင်ဆန်းဟူ၍ သိခြင်းမျိုးဖြင့် ထင်ရှားအောင် ရေးသားခဲ့သည်။ ပထမတန်းစားပုဂ္ဂိုလ်မျိုးဖြစ်ကြောင်း သက် သေတင်ခဲ့၏။

ကိုအောင်ဆန်းသည် တို့ဗမာအစည်းအရုံးဝင် သခင်အ ဖြစ်မှ

အမျိုးမျိုးအဖုံဖုံဖြစ်တည်နေကြသော အဖွဲ့တို့ကို စုစည်း ပြီး ဖတပလ အဖွဲ့ကြီးကို ဦးဆောင်နိုင်ခဲ့သူလည်းဖြစ်၏။ ဖတပလ ဆိုသည်မှာ ကိုအောင်ဆန်း(သို့)ဗိုလ်ချုပ်အောင်ဆန်း ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့သော ဖက်ဆစ်တိုက်ဖျက်ရေးပြည်သူ့လွတ်လပ်ရေးအဖွဲ့ကြီးပင်ဖြစ်၏။

ထို့အပြင် ထိုအချိန်က ညီညွတ်မှုမရခဲ့သည့် မြန်မာပြည်၏ အခြေအနေနှင့် ပတ်သက်၍လည်း "ညီညွတ်မှုမရခြင်းမှာ ကိုယ့်ပါတီ၊ ကိုယ့်လူစုမှ အဟုတ်ထင်နေကြသော အယူသီးမှု ကြောင့်ဖြစ်သည်"ဟု ဆိုခဲ့၏။

ဆရာမြဒေါင်းညိုကမူ အေအက်ဖ်ဗ်အိုခေါ် ဖက်ဆစ်တိုက် ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ဆန်း အောက်တိုဘာလ ၂၉ ရက်နေ့က အေအက်ဖ်ဗ်အို ဦးစီးအဖွဲ့အ စည်းအဝေး၌ ပြောကြားခဲ့သောမိန့်ခွန်းကို ဤသို့ဖော်ပြခဲ့၏။

"ရှေ့ကို နိုင်ငံရေးနဲ့ ဖမ်းမယ်ဆီးမယ်ဆိုတာ ကျွန်တော် တို့အသိပင်ဖြစ်တယ်။ နိုင်ငံရေးလုပ်တယ်ဆိုရင် ဒါတွေကို ကြောက်နေလို့မဖြစ်၊ ဖမ်းလေကောင်းလေဆိုတာ သိစေချင် တယ်။ ကျွန်တော်တို့တစ်တွေဟာ နိုင်ငံရေးကို အသက်နဲ့ လဲထားသူများဖြစ်တယ်။ ဒီအခြေအနေကိုရောက်နေလို့မှ မရဲ စရာဘာရှိသလဲ။ နိုင်ငံကိုရောင်းစားမယ့်သူများ မဟုတ်တာကို လူအများသိစေလိုတယ်။ ကျွန်တော်တို့ရဲ့ ညီညွတ်ရေးဟာ ရာထူးယူတဲ့ညီညွတ်ရေး မဟုတ်။ တိုင်းပြည်အကျိုးရှိရာရှိကြောင်း ဖြစ်နိုင်ရန် ညီညွတ်ကြခြင်းဖြစ်တယ်"

ဤစကားစုမိန့်ခွန်းတို့သည်ကား ယနေ့ထက်တိုင် နိုင် ငံတစ်ခု၏ ကျင့်စဉ်များအဖြစ် တန်ဖိုးရှိနေမည်ကို မည်သူမျှငြင်းနိုင်မည်မဟုတ်ချေ (၁၉၄၄ ခုနှစ် ဩဂုတ်လ၌ ကိုအောင် ဆန်းကြီးမှူးသော အေအက်ဖ်ဗ်အိုအဖွဲ့ စတင်ပေါ်ပေါက်ခဲ့၏။ ထိုအဖွဲ့သည် မြန်မာနိုင်ငံတစ်ခုတွင်း၌သာမဟုတ်၊ တရုတ်ပြည် ၏ ဂျပန်လက်အောက်ခံနယ်များ၊ ဥရောပတိုက် ဂျာမန် ကြီးစိုး သောဒေသတို့နှင့် ဖက်ဆစ်ရှိသောနေရာတိုင်း၌ ပေါ်ပေါက် ခဲ့သည်။

ဆရာမြဒေါင်းညိုက ဆက်လက်၍ စာအုပ်၏စာမျက်နှာ ၄၇-၄၈၌
''အောင်ဆန်းဆိုရင် လူမျိုးတန်းချင်တယ်။ အောင်ဆန်းဆိုရင် လူထုကြီးလာတယ်။ အောင်ဆန်းဟာ လူထု လူဖြစ်နေတယ်''

''အောင်ဆန်းစိတ်နဲ့ လူထုကြီးစိတ်ဟာ တစ်ထေရာတည်း။ အောင်ဆန်းဟာ လူထုကြီးလုပ်ချင်တာ လုပ်ပေးနေတယ်။ ကိုယ်တို့လုပ်ချင်တာကို အောင်ဆန်းလုပ်ပေးနေတယ်။ အောင်ဆန်းဟာ တို့လူပဲလို့ လူထုကြီးကယူဆတယ်။

အောင်ဆန်းဟာ လူထုလူဖြစ်နေတော့ သိပ်စဉ်းစားမနေရဘူး။ လူထုထဲက လူတစ်ယောက်ဖြစ်နေတော့ လူထုဆန္ဒကို သိ နေတယ်။ အောင်ဆန်းဆန္ဒဟာ လူထုဆန္ဒ၊ လူထုဆန္ဒဟာ အောင်ဆန်းဆန္ဒ။ ဒါနဲ့ အောင်ဆန်းလုပ်သမျှဟာ လူထုလုပ် သမျှပဲ''

စသည်ဖြင့် ကိုယ်ကျိုးမကြည့်ဘဲ တိုင်းပြည်နှင့် ပြည်သူ ပြည်သားတို့၏ ကောင်းစားရေးကိုသာကြည့်သူ၊ ပြည်သူ နှင့် တစ်သားတည်း လက်တွေ့ကျကျ နေထိုင်သူအဖြစ် ချီးမွမ်းရေးသားခဲ့ပါ၏။

ဦးအောင်ဆန်းကား မည်သည့်အခါမျှ သေဆုံးတော့မည် မဟုတ်ဟု ကျွန်တော်ထင်ပါသည်။

ခိုင်မိုး

***



နံရံတွေ။

နံရံတွေလို့ပြောရတာကိုက တင်းမာနေတယ်။ နံရံ တွေ။ နံရံတွေမှာ ခြေထောက်တွေရှိတယ်။ နံရံတွေမှာ လက်တွေရှိတယ်။ နံရံတွေမှာ နှလုံးသားမရှိဘူး။ တစ်ယောက် ယောက် "မဝင်ရ" လို့ရေးထားရင် အဲဒါနံရံပေါ့။ တစ်ယောက် ယောက် ထွက်သွားခွင့်မရှိဆိုတာလည်း နံရံပါပဲ။ မသက် ဆိုင်သူမဝင်ရတဲ့။ အဲဒါလည်း နံရံပဲ။ နောက်ပြီး ရှိသေးတယ်။ ဖိနပ်ချွတ်ပါလို့ပြောရင်လည်း နံရံ။ ဆေးလိပ်မသောက်ရလို့

ရေးထားရင်လည်း နံ့ရှံ။ ငယ်ငယ်က အမေပြောတာ သတိ ရမိတယ်။ "ငါ့သား ညဉ့်နက်တဲ့အထိ စာမဖတ်နဲ့"တဲ့။ အဲဒါ လည်း နံ့ရှံပါပဲ။ အသက်ကြီးလာတော့ ပိုဆိုးတယ်။ "ငါ့သား ကိုယ်ကြိုက်တဲ့ မိန်းမကိုပဲယူ၊ ကိုယ်မကြိုက်တဲ့မိန်းမကို ဘာအကြောင်းကြောင့်ပဲဖြစ်ဖြစ် မယူနဲ့" တဲ့။ အဲဒါလည်း နံ့ရှံပါပဲ။

အသက်ကြီးလို့ အလုပ်ခွင်ထဲရောက်တော့ ပိုဆိုးသွား တယ်။ နံနက် ၉း၃၀ မှာ ရုံးအရောက်ဆိုတဲ့ နံ့ရှံ။ ရုံးတက်နေ့ စဉ်အတွင်း ဘယ်မှမသွားရဆိုတဲ့နံ့ရှံ။ ရုံးချိန်အတွင်း အပြင် ထွက်ရင် "ပြင်ပထွက်ခွာမှတ်တမ်း" မှာလက်မှတ်ထိုးရမယ်ဆို တာနံ့ရှံ။ အဲဒီလက်မှတ်တွေကလည်း ဆိုးတယ်။ နံနက် ရုံးတက်ရင် လက်မှတ်ထိုး၊ ညနေရုံးဆင်းရင် လက်မှတ်ထိုး။ အဲဒီတစ်ရက်နှစ်ကြိမ်ထိုးနေရတဲ့ လက်မှတ်တွေဟာ နံ့ရှံ။ စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်လေးများ နားရမလားလို့၊ ဖုန်းဆက်ခေါ် ပြီး ခိုင်းလေ့ရှိတဲ့ လူကြီးလူကောင်းနံ့ရှံ။ ကိုယ့်စရိတ်နဲ့ကိုယ် ရုံးသွားပြီး ကိုယ့်ထမင်းကိုယ်စား၊ ကိုယ့်စရိတ်နဲ့ကိုယ်ပြန်ခဲ့ရတဲ့ ရုံးချိန်ပြင်ပ (အချိန်ပို) အလုပ်တွေဟာလည်း နံ့ရှံ။ အဲဒီလိုလူကြီး မျိုး ဒီလောကမှာမရှိသင့်ဘူးလို့ တွေးမိတယ်။ ဒီလိုလူကြီးတွေ ဘယ်လောက်တောင်များနေပြီလဲ။ အချိန်တန်တော့ ကိုယ့်အိတ် ကပ်ထဲပဲ ကိုယ်ထည့်သွားတဲ့လူကြီးလူကောင်းဟာ နံ့ရှံ။ သူ့ကို ဖားမှ၊ သူ့ကိုကန်တော့မှ၊ သူ့ကို အလိုလိုက်အကြိုက် ဆောင်မှ ရာထူးတိုးပေးတဲ့ လူကြီးလူကောင်းဟာ နံ့ရှံ။ မင်းတို့ ယောကျ်ားတွေ တစ်ယောက်မှ ကြည့်မရဘူးလို့ပြောတဲ့ အဘ ဆိုတဲ့ကောင်ဟာ နံ့ရှံ။ မိန်းမတွေနဲ့ ပလူးပလဲနေပြီး အကျင့်ပျက်လို့ ထုတ်ပယ်ခံလိုက်ရတဲ့ အဲဒီအဘဆိုတဲ့ကောင်ဟာ နံ့ရှံ။



နံရံတွေမှာ လူတွေ ရှိတယ်။ နံရံတွေထဲမှာ လိင်ကုန်ကူးမှုတွေရှိတယ်။ ပြီးခဲ့တာတွေလည်း ပြီးပါစေတော့လို့ သက်ပြင်းမချနဲ့။ ပြီးခဲ့တုန်းက သူတို့ဆီမှာ အပုံလိုက်ကြီး မိထားတဲ့ငါးတွေ ဆယ်သက်စား မကုန်နိုင်ဘူး။ အဲဒါ ဖွင့်ပြီးပြန်ပိတ်ထားတဲ့ နံရံ။ အဲဒီနံရံဟာ ကိုယ်ယောင်ဖျောက်ထားတယ်။ ကိုယ်ယောင်ဖျောက်ထားပေ မဲ့ မပိရိသေးဘူး၊

မသပ်ရပ်သေးဘူး။ လူတိုင်း အတိုင်းသား မြင်နေရတယ်။ ထူးခြားတဲ့ နံရံ။ ခပ်တည်တည် မျက်နှာပြောင် တိုက်နေတဲ့ နံရံ။ သွားမဆောင့်နဲ့ ခေါင်းကွဲသွားမယ်။ သွားမ ဆောင့်နဲ့ အူပွင့်သွားမယ်။ သွားမဆောင့်နဲ့ ငုတ်တုတ်မေ့သွား မယ်။ မမြင်ချင်ယောင်၊ မသိချင်ယောင်ဆောင်ထားရတာဟာ နံရံ။ မြင်နေလျက်၊ သိနေလျက်၊ တွေ့နေလျက်နဲ့ နာစေးနေတဲ့ ယုန်သူငယ်တွေဟာ နံရံ။

ဂူအောင်းနေတဲ့ ခြသေ့ံတွေရှိတယ်။ ကြောက်စရာ ကောင်းတယ်နော်။ သူတို့ အစာရှာဖို့ အပြင်ထွက်လာရင် သတိ ထား။ ကိုယ့်နံရံနဲ့ ကိုယ်နေ။ ဘာနံရံမှ ခတ်ထားစရာမရှိရင် လည်း စိတ်မပူနဲ့။ ကိုယ့်ပုဆိုးကို ခေါင်းမြီးခြုံပြီး နံရံလိုကာရံ ထား။ အဲဒါ ကိုယ့်ဘက်က ကိုယ်တတ်နိုင်တဲ့နံရံ။ အဲဒါ ရိုးသား တဲ့ နံရံ။ တစ်နည်းအားဖြင့် မရှိဆင်းရဲသားတွေရဲ့ နံရံပေါ့။ ဆယ်တန်းအောင်ပြီး အလုပ်မရှိဘူးလား။ အရင်လိုစစ်ထဲဝင်ဖို့ မစဉ်းစားနဲ့။ အဲဒါ ထောင်ခြောက်ဆင်ပြီး မင်းကိုဖမ်းချုပ်ထားတဲ့ နံရံ။ မြင့်တယ်။ ခိုင်ခံ့တယ်။ ထွက်ပြေးဖို့မလွယ်ဘူး။ ဇာတ်ကား တွေထဲကလို ဖောက်ပြေးတယ်ဆိုတာ အဲဒါဇာတ်လမ်းပဲ။ တကယ့်တကယ်မိနေရင် စဉ်းစားကြည့်။ စိတ်ဓါတ်က ကျနေ ဦးမယ်။ အသွေးအသားက တုံချည့်တုံချည့် ဖြစ်နေဦးမယ်။ ဘာကိုမှ မတွေးနိုင်လောက်အောင် ခန္ဓာကိုယ်ထဲက သွေးတွေကလည်း ခန်းခြောက်နေဦးမယ်။ ပိတ်နေတဲ့နံရံ။ တစ်ခါတစ်ရံမှာ ပေါ့၊ နံရံတွေထဲမှာ နံရံတွေ ပိတ်မိနေတယ်။ နံရံတွေထဲက နံရံ ပုဆိုးနံရံလိုမျိုး။ သူတို့တွေ ပိတ်မိနေတယ်။ နံရံတွေထဲကနံရံ တွေဟာ အစားစားရှိတယ်။ မပြောတော့မပြောတတ်ဘူး။ ဒါပေ မဲ့ ပိတ်မိနေကြတယ်။

လုပ်ကြပါဦး။ လိုင်းကားပေါ်မှာ လူတွေပိတ်မိ နေတယ်။ လိုင်းကားဟာ နံရံ။ သူပြေးနေရင် ဆင်းသွားလို့မရ ဘူး။ အကယ်၍ အပေါက်ဝမှာ ကိုယ်ရပ်နေရင်လည်း သူက တွန်းချမှာ။ အကယ်၍ ကိုယ်ကမော့ကြည့်နေရင်လည်း သူက ဆွဲတင်မှာ။ သေဖို့သာပြင်တော့။ ကားထဲရောက်ရင် ကိုယ်က ပိတ်မိနေပြီ။ သူကအော်ပြီ၊ ငေါက်ပြီ၊ တစ်ခါတစ်ရံဆဲသေးတယ်။ အဲဒါ နံရံ။ ရှေ့ကမောင်းနေတဲ့ကောင်ဟာ နံရံ။ နောက်က ပိုက်ဆံတောင်းနေတဲ့ကောင်ဟာ နံရံ။ တစ်ရက်က ကြုံဖူး တယ်။ ပြိုင်မောင်းလာတဲ့ကားပေါ်က တွန်းချလိုက်တာ။ ခရီး သည်ခမျာ မြေကြီးနဲ့နံရံနဲ့

တိုက်မိပါလေရော။ သနားစရာ။ တစ်မှတ်တိုင်လုံး ဝိုင်းဆဲကြတယ်။ သိတဲ့အတိုင်းပဲ။ ဟို မအေပေးက မောင်းပြေးတာ။ ရန်ကုန်မြို့ကြီးဟာ ပြိုင်ကားတွေဒီ လောက်များမှန်း လူတွေသတိမထားမိကြဘူး။ နေ့တိုင်း ပြိုင်ကားတွေထဲ လူတွေပိတ်မိနေတယ်။ လူတွေကလည်း ပြိုင်ကားမှ ကြိုက်ပုံရတယ်။ တစ်နေ့ကုန် ပြိုင်မောင်းနေတဲ့ ပြိုင်ကားတွေ ဘယ်နှစ်စင်းရှိလဲ။ မသိလို့။ ကြုံရင် အစိုးရကို မေးကြည့်ဦးမယ်။

မေ့သွားတယ်ဗျာ။ ဘယ်သူ့ကိုမှ အားကိုးလို့မရဘူး ဆိုတာ မေ့သွားတယ်။ သူလည်းပဲ နံရံပါပဲ။ သူကိုယ်တိုင်က နံရံ၊ သူကိုယ်တိုင်က နံရံထဲပိတ်မိနေတဲ့ နံရံ။ တစ်နည်းအားဖြင့် နံရံတစ်ခုက ငါးစာချကျွေးထားတဲ့ နံရံပေါ့။ သူ့အကြောင်းပြော ရရင် နှစ်ကာလတွေ ဆယ်ချီပြီး ပြောရမှာ။ နှစ်ကာလတွေက ရော ဘာထူးလို့လဲ။ တစ်နှစ်၊ နှစ်နှစ်၊ အနှစ်နှစ်ဆယ်၊ အနှစ် ငါးဆယ်ဆိုတာတွေလည်း နံရံတွေပဲမဟုတ်လား။ ဒီနံရံတွေက လူဘယ်နှသန်းကို ဘာလုပ်ခဲ့တာလဲ။ အဲဒီအထဲမှာ အခု အသက်ရှင်နေသူအားလုံးလည်းပါတယ်။ သေသွားတဲ့လူတွေ လည်းပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် နံရံတွေထဲရောက် နေရတာ။ သိပ်ကြောက်စရာကောင်းတဲ့ နံရံ။ သွားမထိနဲ့၊ သွား မငြိနဲ့၊ သွားမစနဲ့၊ အန္တရာယ်ရဲ့ဆေးမင်ကြောင်တွေနဲ့ ကျိန် စာမိနေတဲ့နံရံ။ သူ့မှာ နက္ခတ်တွေရှိတယ်။ သူ့မှာ လက်နက် တွေရှိတယ်။ သူ့မှာ မန္တာန်တွေရှိတယ်။ သူ့မှာ အကြံအဖန်တွေ လည်းရှိတယ်။

နံရံဆိုတဲ့အသံကြားရင် မေးမနေနဲ့၊ ကြောက်တယ် လို့သာပြောလိုက်။ နံရံဆိုတဲ့အသံကြားရင် တွေးမနေနဲ့၊ ကင်း ရှင်းတယ်လို့သာပြောလိုက်။ နံရံတွေနဲ့ထိမိရင် ကြောက်ရွံ့ ကြောက်ရွံ့လုပ်မနေနဲ့၊ "ကျုပ်ဟာရေထက်ပိုပြီး ပျော့ညံ့ တယ်" လို့သာပြောလိုက်။ နံရံတွေအကြောင်းတော့ သိတယ် မဟုတ်လား။ မာတယ်။ ကျောတယ်။ တင်းတယ်။ သူတို့က အားလည်းကောင်းတယ်။ အတွေ့အကြုံလည်းရှိတယ်။ မလွဲ သာလို့သာ ကိုယ်ယောင်ဖျောက်ထားတာ။ သူရှိတယ်နော်။ မမြင်ရပေမဲ့လည်း အထင်မသေးနဲ့။ အကုန်လုံးကိုဝှက်ပြီး တော့ကို စောင့်ကြည့်နေတာ။ သူ့လောက်ပါးနပ်တဲ့သူမရှိဘူး။ နောက်ဆုံးကုန်ကုန် ပြောလိုက်မယ်။ ကိုယ့်အောက်ကမြေကြီး ဟာ နံရံပဲ။ ကိုယ့်အပေါ်က

မိုးကောင်းကင်ဟာ နံ့ရံ့ပဲ။ ကိုယ့် ဘေးပတ်ပတ်လည်က မိုးကုပ်စက်ဝိုင်းဟာလည်း နံ့ရံ့ပဲ။
ဘယ်ပြေးမလဲ အသင်လူသား။ ဒီနံ့ရံ့တွေကို ဘယ်လိုလုပ်မလဲ အသင်လူသား။
မောင်မင်းကြီးသား ကျွန်းမာပါစေလို့ပဲ ဆုတောင်းလိုက်မှာလား။ စကြဝဠာထဲက
ဘယ်နေရာမှာမှ လွတ်လပ်မှုဆိုတာ ရှာမနေနဲ့။နံ့ရံ့တွေကတော့ သိတဲ့အတိုင်းပဲ။

နံ့ရံ့တွေဆိုတာ

တွေးကြည့်လေ နက်ရှိုင်းလေ

ပြေးကြည့်လေ ပိတ်မိလေ။

မိုးဖွဲ့တိမ်

***

# ချစ်သူများရဲ့မနေ့က

နေ့လနစ်သက္ကရာဇ်များမှာကုန်လွယ်လှသည်ဟုနလုံးသွင်းကြည့်လိုက်သောအခါ
မနေ့ကလိုပဲထင်နေမိသည်။
ဖေဖော်ဝါရီ၁၄ရက်နေ့ကိုချစ်သူများနေ့ဟုသတ်မှတ်၍ကမ္ဘာတွင်ကျယ်ပြန့်လာ သည်နှင့်အမျှ
ကျွန်တော်တို့ မြန်မာနိုင်ငံ၌ပါ တွင်ကျယ်လာခဲ့သည်မှာ ဆယ်စုနှစ်တစ်ခုခန့် ရှိခဲ့ပြီဖြစ်သည်။
တိုက်ဆိုင်မှုဟုဆိုရမည်လား ကိန်းဂဏန်းများအချင်းချင်း
စပ်ယှက်မှုရှိသည်ဆိုခြင်းကိုယုံကြည်ရမည်လားဟု
မကွဲပြားပေသည့်မြန်မာလူမျိုးအများစုယနေ့တိုင်မမေ့နိုင်ဘဲချစ်ခင်လေးစားကြသောမြန်မာ့လွတ်
အမျိုးသားခေါင်းဆောင်ကြီး
ဗိုလ်ချုပ်အောင်ဆန်း၏မွေးနေ့မှာချစ်သူများနေ့ရဲ့မနေ့ကဖြစ်သောဖေဖော်ဝါရီ၁၃ရက်
နေ့ဖြစ်ခဲ့သည်။

မြန်မာနိုင်ငံအလယ်ပိုင်း မကွေးတိုင်း၊ နတ်မောက်မြို့လေးတွင်မွေးဖွားခဲ့ပြီး
ကမ္ဘာသိခေါင်းဆောင်တစ်ဦးဖြစ်ခဲ့ သောဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခံရ၍
ကွယ်လွန်ခဲ့သည်မှာ နှစ်ပေါင်း ၆၀ကျော် ကြာခဲ့ပြီဖြစ်သည်။ သို့သော် ယနေ့ အချိန်ထိ
မြန်မာပြည်သူပြည်သားအများစုက သူ့အား ချစ်ခင်လေးစားနေကြဆဲဖြစ်သည်။
ဗိုလ်ချုပ်အောင်ဆန်းအကြောင်းရေးဖွဲ့ထားသည့် ကဗျာ၊ စာ၊
သီချင်းများကအစဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံအား ကင်းဗတ်၊
စက္ကူများပေါ်တွင်ဆေးနှင့်ရေးဆွဲကြသည်မကအရေပြားပေါ်တွင်ပါဆေးမင်ကြောင်ထိုးထားသ
ကားကြီး ရိုက်ကူးရေး လုံးပမ်းနေကြခြင်းများအဆုံး သူ့အား
ချစ်ခင်လေးစားသူများယနေ့တိုင်ဒုနှင့်ဒေးရှိနေသေး ကြောင်း သက်သေထူနေသည်။

အဘယ်ကြောင့် ဗိုလ်ချုပ်အောင်ဆန်းအား ထို ကဲ့သို့မမေ့နိုင်

ဖြစ်နေကြပါသလဲဟု စဉ်းစားမိတိုင်း ဗိုလ် ချုပ်အားချစ်ခင်သူများပြောရကြောင်း ကြားဖူးခဲ့သည့် ပြောဆိုချက်နှစ်ခုကိုအမှတ်ထင်ထင်သတိရမိလေ့ရှိသည်။ ပထမတစ်ချက်မှာကျွန်တော့်အား အင်္ဂလိပ်စာသင်ကြား ပေးခဲ့သည့်ဆရာဦးခင်မောင်လွင် ပြောကြားခဲ့သော "ဗိုလ် ချုပ်ကို လူတွေချစ်ကြတာ မုသားမပြောလို့ကွ" ဟူသော စကားဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းအကြောင်း ရေးသားထား သည့်စာအုပ်များအား လေ့လာဖတ်ရှုမိသောအခါဆရာ ဦးခင်မောင်လွင်ပြောခဲ့သောစကားအားယုံကြည်လောက် သည့်အဖြစ်အပျက်များကိုမှတ်သားခဲ့ရသည်။ ထိုသို့မှတ် သားထားခဲ့ရသည်များအနက်ဗိုလ်ချုပ်ရန်ကုန်တက္ကသိုလ် ကျောင်းသားဘဝက သူ၏အခန်းဖော်တစ်ဦးနှင့် ပြောခဲ့သော စကားအား အမှတ်ထင်ထင် ရှိနေမိသည်။

ကိုအောင်ဆန်းဒုတိယနှစ်တက္ကသိုလ်ကျောင်းသား ဘဝကသူ၏သူငယ်ချင်း ကိုကြည်စိန်က"ခင်ဗျားဟာနိုင် ငံ့ခေါင်းဆောင်တစ်ဦးဖြစ်အောင် ကြိုးစားနေတာကို ကျွန် တော်သိပါတယ်။ ခေါင်းဆောင်ကောင်းတစ်ဦးဖြစ်ဖို့ကြိုးစား နေသူတစ်ဦးဟာကိုယ်အမူအရာ၊ နှုတ်အမူအရာဘုကနဲ့ လန့်မကျသင့်ဘူး။ လူချစ်လူခင်များအောင်နေသင့်တယ်။

ကိုယ့်ထမင်းကိုယ်စားပြီး လူများမြင်ပြင်းကပ်အောင်မနေ သင့်ဘူး။ နိုင်ငံရေးမှာပုဂ္ဂိုလ်ခင်မှုတရားမင်တယ်။ လူ အများနဲ့ဆက်ဆံလုပ်ကိုင်ရတဲ့အလုပ်များမှာကိုယ်က အမှန်အကန်ကိုတင်ပြပြောဆိုနေပေမဲ့ပြောပုံဆိုပုံကလည်း လိုသေးတယ်။ လူတွေဟာသွေးထွက်အောင်မှန်တဲ့စကားမျိုး အပြောအဆိုခံရရင် အနာပေါ်တုတ်ကျဆိုသလိုဖြစ်ပြီး နာ လိုခံခက်ဖြစ်လို့ ကိုယ့်ကို အတိုက်အခံပြုလာတတ်တယ်။ အမှန်တရားကိုအဲဒီလိုနာလိုခံခက်မျိုး မဖြစ်အောင်တင်ပြ တတ်ဖို့လိုတယ် " ဟု ပြောပြခဲ့သည်။

တက္ကသိုလ်ကျောင်းသားဘဝနှင့်ပင် နိုင်ငံရေးများ စတင်လှုပ်ရှားနေခဲ့သည့်ကိုအောင်ဆန်းမှာစကားပြောလျှင် ဘွင်းဘွင်းနှင့်ပြတ်ပြတ်ပြောတတ်သောကြောင့် သူ၏အခန်း ဖော်သူငယ်ချင်းအား

''ကြည့်စိန်ရယ်မင်းသိထားဖို့လိုတာကငါဟာ ပုဂ္ဂိုလ်ခင်မှုတရားမင်တဲ့ကိစ္စမျိုး မလုပ်ချင်ဘူး။ တရားမင်လို့ ပုဂ္ဂိုလ်ကိုခင်လာတာမျိုးမှကြိုက်တယ်။ အမှန်ပြောရရင် ငါဟာ Popularity Hunter မဟုတ်ဘူး။ ငါ့ယုံကြည် ချက်ကို ရိုးရိုးသားသားတင်ပြမယ်။ လူတွေကသဘောကျကျမကျသူတို့ဟာသူတို့ဆုံးဖြတ်ဖို့ပဲရှိတယ်မဟုတ်လား။

ငါတင်ပြတာမှန်တယ်လို့ယူရင်ငါ့ကိုထောက်ခံမှာပေါ့။ မှား တယ်ဆိုရင်လည်း ကန့်ကွက်နိုင်တာပေါ့။ အဲဒါလူ့အခွင့် အရေးတစ်ခုပဲမဟုတ်လား။ ငါကတော့ ရိုးရိုးစင်းစင်းပွင့်ပွင့် လင်းလင်းပဲနေတတ်တယ်၊ ပြောတတ်တယ်။ အဲဒီလိုပဲနေ ချင်ပါတယ်ကွာ။ သဘာဝကျကျ ငါနေတတ်သလိုပဲနေချင် တယ်။ဟန်ဆောင်မှုတွေ၊ လောကွတ်တွေ၊ နှုတ်ချိုလှိုတ်ချိုတစ် ပါးဆိုတာတော့ငါမလုပ်တတ်ဘူး။ လုပ်လည်းမလုပ်ချင် ဘူးကွာ'' ဟု ပြန်လည်ပြောကြားခဲ့သည်။

ဗိုလ်ချုပ်အား ချစ်ခင်လေးစားသူများအကြောင်း ကြားခဲ့ဖူးသည့်ဒုတိယအချက်မှာပြတိုက်အဖြစ်ဖွင့်လှစ်ထား သောနတ်မောက်မြို့မှဗိုလ်ချုပ်မွေးဖွားနေထိုင်ခဲ့ရာနေ အိမ်နှင့်ဆက်စပ်နေသည်။ ထိုဗိုလ်ချုပ်နေအိမ်ပြတိုက်အား ဝင်ရောက်လေ့လာခွင့် ပိတ်ပင်ထားခဲ့သည့် အချိန်ကာ လတစ်ခုကဖြစ်သည်။ ထိုအချိန်က အခြားနယ်များမှ နတ် မောက်သို့လာရောက်၍ဗိုလ်ချုပ်နေအိမ်အတွင်း ဝင်ရောက် ခွင့်မရခဲ့ကြသောအခါ တချို့လူများက ဗိုလ်ချုပ်နေအိမ်ပြ တိုက်ခြံစည်းရိုးအတွင်း လက်လျှို၍ထိုခြံဝင်းထဲမှသဲမြေ များအား ဆုပ်ယူသွားလေ့ရှိကြသည်ဟုဒေသခံတစ်ဦးက ပြောပြခဲ့သောအချက် ဖြစ်သည်။

''အဲဒီအချိန်တုန်းကဗိုလ်ချုပ်ပြတိုက်ဝင်းထဲ သီတဂူဆရာတော်ဘုရားကြီးတောင်ဝင်ခွင့်မရခဲ့ဘူး''ဟုပြော ပြခဲ့သည်။ နတ်မောက်မြို့မှဆရာဦးငွေဝင်း၏စကားအား အကြောင်းတိုက်ဆိုင်တိုင်း ကြားယောင်မိသည်။

အမိမြေမှစွန့်ခွာရမည့်အချိန်ဖြစ်စေ၊ အမိမြေအား ကျူးကျော်သိမ်းပိုက်သူများကိုပြန်လည်တိုက်ခိုက်၍အောင်

နိုင်လျှင်ဖြစ်စေထိုမြေကြီးအားဆုပ်၍သိမ်းဆည်းလေ့ရှိ သည်ကိုဝတ္ထုများ၊ ရုပ်ရှင်၊ ဗွီဒီယိုများထဲတွင်ဖတ်ရှုမြင် တွေ့ခဲ့ရဖူးသည်။ အပြင်လက်တွေ့တွင် ဗိုလ်ချုပ်နေအိမ်အတွင်းမှသဲမြေအား လက်နှင့်ဆုပ်ယူသွားကြသည်ဟု နားနှင့်ဆတ်ဆတ်ကြားရသောအခါဗိုလ်ချုပ်အောင်ဆန်းအား ချစ်ခင်လေးစားမှုဆိုသည့်ထုထည်ပမာဏကိုမတိုင်းဆ‌ဝံ့စရာ အဖြစ် ယုံကြည်မိခဲ့သည်။

ထိုသို့မတိုင်းဆဝံ့ဆိုသည့်ပမာဏဆိုသည်အား ပိုမိုယုံကြည်မိစေခဲ့သည့် အဖြစ်တစ်ခု ၂၀၁၄ခုနှစ် ဖေဖော် ဝါရီလဆန်းပိုင်းကကြုံခဲ့ရပြန်သည်။ ထိုဖြစ်ရပ်မှာဧရာဝတီမြစ်ကြောင်းအတိုင်းရေး နံကုန်မှမန္တလေးသို့သ ဘော်ာဖြင့်လည်ပတ်သည့်ကမ္ဘာလှည့်ခရီးသွားအဖွဲ့တစ်ဖွဲ့ကမကွေးမြို့ရှိ ဗိုလ်ချုပ်ကြေးရုပ်ရှေ့တွင်လာရောက်အလေးပြုခဲ့ကြခြင်း ဖြစ်သည်။

"ဗိုလ်ချုပ်အောင်ဆန်းကသူလုပ်ကြံခံရတော့ အသက်ငယ်ငယ်လေးပဲရှိသေးတယ်။ သူလုပ်ကြံခံရတာဟာ ကမ္ဘာပေါ်ကလူတွေအများကြီးကိုပါနာကျင်စေခဲ့ပါတယ်။

မြန်မာနိုင်ငံအတွက်တော့ ကြီးမားတဲ့ဆုံးရှုံးမှုပါပဲ" ဟု ဗိုလ်ချုပ်ကြေးရုပ်ရှေ့တွင်အလေးပြုခဲ့ကြသောကမ္ဘာလှည့်ခရီး သွားများထဲမှ ဩစတြေးလျနိုင်ငံသူတစ်ဦးက မျက်ရည် စက်လက်ဖြင့် ပြောပြခဲ့သည်။

ထိုကမ္ဘာလှည့်ခရီးသွားအဖွဲ့၏ဧည့်လမ်းညွှန်ဖြစ်သူ ကလည်း" သူတို့တွေကဗိုလ်ချုပ်အောင်ဆန်းအကြောင်း စိတ်ဝင်စားကြလို့ကြေးရုပ်ရှေ့မှာ အလေးပြုမယ်ဆိုလို့ လိုက်ပို့ခဲ့တာ။ တကယ်တမ်းကျဗိုလ်ချုပ်ကတစ်ကြိမ်တည်း လုပ်ကြံခံခဲ့ရတာမဟုတ်ပါဘူး။ သူ့အသက်ကို လုပ်ကြံတာ ကတစ်ကြိမ်၊ နောက်တစ်ကြိမ်ကသူ့ရုပ်ပုံပါတဲ့ ငွေစက္ကူတွေပျောက်အောင်၊ သူ့ပုံရိပ်ကို ပျောက်ကွယ်အောင် လုပ် ကြံခဲ့ကြတာက တစ်ကြိမ်" ဟု ပြောပြခဲ့သည်။

သူ၏ပြောပြချက်ကို ကြားခဲ့ရသည့်အခါ နတ် မောက်မြို့မှ

ဆရာဦးငွေးဝင်းကပြောပြသော တစ်ချိန်က ဗို လ်ချုပ်အောင်ဆန်းမွေးနေ့ရက်အား ကလေးများနေ့အဖြစ် သတ်မှတ်၍ကျောင်းများ၌ပျော်ပွဲရွှင်ပွဲနှင့်စကားရည် လုပွဲများ ကျင်းပခဲ့ဖူးသည်ဆိုခြင်းကိုပါကြားယောင်လာမိ ခဲ့ပြန်သည်။

"ဗိုလ်ချုပ်အောင်ဆန်းကိုမွေးခဲ့တဲ့နတ်မောက် မြို့ခံတစ်ယောက်အနေနဲ့ဆိုရင်ဆရာတို့ကိုယ်တိုင်ဖြတ် သန်းခဲ့ဖူးသလို ဗိုလ်ချုပ်မွေးနေ့ဖေဖော်ဝါရီ၁၃ရက်နေ့ကို ကလေးများနေ့အဖြစ် ပြန်လည်အသက်သွင်းပေးပါ။ နတ် မောက်မှာဗိုလ်ချုပ်နဲ့မောင်နှမတစ်ဝမ်းကွဲတော်တဲ့အဘွား တစ်ဦး အသက်ထင်ရှားရှိနေတုန်း။ ဗိုလ်ချုပ်မွေးခဲ့တဲ့အိမ်၊ ဗိုလ်ချုပ်မိဘဆွေမျိုးတွေ နေထိုင်ခဲ့တဲ့အိမ်တွေရဲ့ပုံစံတူအ ငယ်လေးတွေ ထားရှိပေးပါလို့ပြောချင်တယ်"

ဆရာဦးဝင်းငွေးကယခုဗိုလ်ချုပ်ပြတိုက်အဖြစ် ဖွင့်လှစ်ထားသောခြံဝင်းမှာဗိုလ်ချုပ်မွေးဖွားနေထိုင်ခဲ့စဉ်က မင်းဝိုင်းဟုခေါ်တွင်ခဲ့ကြောင်း၊ ထိုဝိုင်းအတွင်းရှိသင့်ကြောင်း နှင့်ဆက်စပ်၍ ပြောပြခဲ့သည်။

နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်မှုနှင့်အချုပ်အခြာအာ ဏာပိုင်မှုအား လေတံခွန်တစ်ခုအဖြစ်ပုံနှိုင်းမည်ဆိုပါက ထိုလေတံခွန်အား မြင့်စေ၊ နိမ့်စေသည်မှာ အုပ်ချုပ်မှုယန္တရား ဟူသောရစ်ဘီးဖြစ်နေပါလိမ့်မည်။ ထိုရစ်ဘီးအား လည်စေ ခဲ့သည်မှာ ပြည်သူလူထု၏လက်များဖြစ်၍ ရစ်ဘီးနှင့် လေတံခွန်ကြား သွယ်တန်းထားသည်မှာအုပ်ချုပ်သည့် ခေါင်းဆောင်ဟူသော ကြိုးများဖြစ်နေပါလိမ့်မည်။

သက်ဦးဆံပိုင်ဘုရင်ခေတ်၊ကိုလိုနီခေတ်၊လွတ် လပ်ပြီးခေတ်၊ မ.ဆ.လခေတ်၊ စစ်အာဏာရှင်ခေတ်၊ယခု ပြုပြင်ပြောင်းလဲရေးခေတ်စသည်ဖြင့်မြန်မာနိုင်ငံတွင် အုပ်ချုပ်ရေးယန္တရား သမိုင်းရစ်ဘီးများနှင့်အုပ်ချုပ်သည့် ခေါင်းဆောင်များ အမျိုးမျိုးပြောင်းလဲခဲ့ကြသည်။ ထို အုပ်ချုပ်သူခေါင်းဆောင်များအနက်လွတ်လပ်မှုနှင့်အချုပ် အခြာအာဏာပိုင်မှုလေတံခွန်ကို လမ်းကြောင်းမှန်မြင့်တက် စေခဲ့သူအား ပိုးကြိုးအဖြစ်တင်စား၍လမ်းကြောင်းမှား နိမ့်ကျစေခဲ့သူအား မှန်စာကြိုးအဖြစ်ခိုင်းနှိုင်းမည်ဆိုပါလျှင် ဗိုလ်ချုပ်အောင်ဆန်းမှာပိုးကြိုးအမျိုးအစားတွင်ပါဝင်နေ

လိမ့်မည်။

ထိုသို့လွတ်လပ်မှုနှင့်အချုပ်အခြာအာဏာပိုင်မှု လေတံခွန်အား မြင့်တက်စေခဲ့သည့်ပိုးကြိုးဖြစ်ခဲ့သောကြောင့် သာယနေ့အချိန်ထိမြန်မာပြည်သူပြည်သားများသာမက အခြားနိုင်ငံခြားသားများကပါ ချစ်ခင်လေးစားနေကြခြင်း၊ ၎င်းတို့၏ချစ်ခင်လေးစားမှုအား ထုတ်ဖော်ပြသနေကြခြင်း ဖြစ်ပါလိမ့်မည်။

သို့သော်ပိုးကြိုးများဟုတင်စားထိုက်သောဗိုလ် ချုပ်အောင်ဆန်းကိုချစ်ခင်လေးစားပြနေရုံ၊ အားကျနေရုံ မျှဖြင့် လွတ်လပ်မှုနှင့်အချုပ်အခြာအာဏာပိုင်မှုလေတံခွန် က အစဉ်အမြဲ လမ်းကြောင်းမှန်မြင့်တက်နေမည်မဟုတ်ပါ။ မိမိတို့ကိုယ်တိုင်ပိုးကြိုးဟုတင်စားထိုက်သောစိတ်ဓါတ်များ ကိုယ်စီပိုင်ဆိုင်၍ကိုယ့်တိုင်းပြည်ကိုမြှင့်တင်နိုင်မှသာလွတ် လပ်မှုနှင့်အချုပ်အခြာအာဏာပိုင်မှုလေတံခွန်ကြီး လမ်း ကြောင်းမှန်ပေါ်တွင်အခွန့်ရှည်စွာမြင့်တက်နိုင်လိမ့်မည်ဟု ယုံကြည်မိပါသည်။

ချစ်သူများရဲ့မနေ့ကစချစ်သူမှအချစ်ခံရသူများ အဖြစ် တက်လှမ်းနိုင်ကြပါစေ။

၉၆

***



# နှင်းဆီဝတ်ဆံပွင့်မှ

အေဇော်နိုင်

အာဇာနည်တိုင်း

သမိုင်းမသေ။

အဲဒီသမိုင်းအရောင်တွေကို သရုပ်ခွဲ

ရဲရင့်တဲ့အရောင်က နှင်းဆီအနီ။ ။

သေချာပါတယ်။

ရဲရင့်နှင်းဆီတွေ

အာဇာနည်မြေမှာ

ဝေဆာခဲ့တဲ့သမိုင်းကြောင်း

ဇူလိုင် ၁၉ ကကောင်းကောင်းသိခဲ့တယ်။ ။

ဗိုလ်ချုပ်နဲ့အာဇာနည်တွေ တိုင်းပြည်အတွက် အသက် ပေးပြီး ကျဆုံးသွားခဲ့တာ ဒီနှစ်ဆိုရင် ၆၆ နှစ်ကျော်လာခဲ့ပြီဖြစ် ပါသည်။ အာဇာနည်တိုင်းသမိုင်းမသေ၊ အာဇာနည်မျိုး သေရိုးမရှိဆိုတဲ့ စကားလုံးဂုဏ်ဒြပ်နဲ့ စိတ်ဓါတ်ဝတ်ရုံ မိမိကိုယ် လုံခြုံဂုတ်ဆင်ဖို့ ကြိုးစားခဲ့တာလည်း ၆၆ နှစ် ကျော်လာပြီ ဖြစ်ပါတယ်။ တိုင်းပြည်အတွက် ပြည်သူလူထုအတွက် အိပ်မက်သစ်ကိုထုဆစ် အနာဂတ်ရေဆန်မြစ်စီးကြောင်း အားကောင်းမောင်းသန်နဲ့ မှုမမှန်အရိပ်ပြေး တစ်ယူသန် စိတ်အတွေးကို မောင်းထုတ် အသက်ခန္ဓာဗီဇရပ် လုပ်ကြံခံ ခဲ့ရတာလည်း ၆၆ နှစ်ကျော်ခဲ့ပြီဖြစ်ပါတယ်။ မျက်စိ နား လျှာ ကိုယ်စိတ် ပခြုပ်အိမ်အတွင်း အကျဉ်းကျ အမှောင်ညများစွာရဲ့ ဒဏ္ဍာရီတေးချင်းအဆုံး မိုးလင်းလို့ပြုံးနိုင်ခဲ့တာလည်း ၆၆ နှစ်ကျော်ခဲ့ပြီဖြစ်ပါတယ်။ သူလျှောက်ခဲ့တဲ့လမ်း သူထားခဲ့တဲ့ စခန်းမှာ ရက်စက်ခြင်း ပန်းတွေကြဲ၊ ရှိုက်သံတွေနဲ့ ပဥ္စလက်ဂီတသံတွေညံ၊ မှသာဝါဒကာရန်တွေ ရေးခြစ် လူဖြစ်ကျိုးမနပ်ခဲ့တာလည်း ၆၆ နှစ် ကျော်ခဲ့ပြီ ဖြစ်ပါတယ်။ အားလုံးကုန်းလုပ် ကျုံးလုပ်၊ ဟိုလူလာ မျက်နှာချိုသွေးရ ဒီလူလာမျက်နှာချိုသွေးရ ရေးဆွဲခဲ့တဲ့ သမိုင်းမှုဘောင် အမှားတွေယိုင် ဖာနိုင်ငံကြီးဖြစ်သွားလိမ့်မယ်ဆိုတဲ့ ဗိုလ်ချုပ် မိန့်ခွန်းတစ်စ ပြန်ကြားရတာလည်း ၆၆ နှစ်ကျော်ခဲ့ပြီ ဖြစ်တယ်။ ဝတ်စုံကနှစ်စုံ၊ ကြည် ပဲပြုတ်နဲ့နံပြားရရင် စားချင်တယ်၊ စာရေးဆရာပဲလုပ်မယ်ဆိုတဲ့ ဗိုလ်ချုပ်ရိုးသားမှုဂုဏ်ပုဒ်အဆုံး တာဝါလိန်းလမ်းအိမ်မှာ ပုန်းနေခဲ့တဲ့သူ့အရိပ် နှစ်စဉ်ပြန် ရှာရတာလည်း ၆၆ နှစ် ကျော်ခဲ့ပြီဖြစ်ပါတယ်။ ဒါဟာ တိုင်းပြည်အတွက်၊ ပြည်သူလူထုအတွက် စွန့်လွှတ်စွန့်စားတဲ့ အာဇာနည်သူရဲကောင်းတွေရဲ့ နကမ္ပတိသစ္စာ၊ ဟိတ်ဟန်မလုပ် ရိုးသားဂုဏ်ပုဒ်နဲ့ အနုတ်လက္ခဏာဆောင်တဲ့ လူ့ဘောင်လူမှုဒုက္ခ ရုပ်ဘဝအထွေထွေ ဒုက္ခတွေ ရင်ဆိုင်မယ်ဆိုတဲ့ ဗိုလ်ချုပ်ရဲ့ အနုလုံပဋိလုံစိတ်ဓါတ်၊ အတ္တရင်တွင်း ဧည့်ခန်းအတွင်း မယားချစ်ခြင်း သားချစ်ခြင်းနဲ့ငြိ အဂတိလိုက်စားခြင်းဆိုတဲ့

ဖောက်ပြန်သွေဖြေမှုနောက်ခံကားချပ်နဲ့ စိတ်ဓာတ်ချုပ်လုပ်ဝတ် ဆင်မှုမရှိတဲ့ ဗိုလ်ချုပ်ရဲ့ အန္တိမကိုယ်ကျင့်တရားကောင်းကင်။ ဟုတ်ပါတယ်။ ဒါတွေဟာ ဘယ်တော့မှ ပြင်ဆင်တည်းဖြတ် လို့မရတဲ့ ရိုးသားဖြူစင်မှု ပကတိအရှိတရားနဲ့ နှလုံးသားထဲမှာ ထာဝရစွဲထင်အတုယူရမယ့် ဗိုလ်ချုပ်ရဲ့ အတ္တတရားမဲ့ အာဇာနည်ပုံရိပ်တွေပဲဖြစ်ပါတော့တယ်။

အာဇာနည်ဆိုတဲ့ စကားလုံး စကားရပ်ကို မြန်မာအဘိဓာန်မှာ အကြောင်းဟုတ်သည် မဟုတ်သည်ကို ကောင်းစွာ သိသူ၊ သာမန်ထက် လက်ရုံးရည် နှလုံးရည် ထူးကဲသာလွန်၍ အများအတွက် သက်စွန့်ကြိုးပမ်းဆောင်ရွက်သူလို့ အဓိပ္ပါယ်ဖွင့်ဆိုထားပါတယ်။

အာဇာနည်ပုဂ္ဂိုလ်ဆိုတာ လုပ်သင့်လုပ်ထိုက်တဲ့အလုပ်နဲ့ မလုပ်သင့်မလုပ်ထိုက်တဲ့အလုပ်ကို ခွဲခြားပြီးသိသလို သူတစ်ပါး အတွက်ဆိုရင် အသက်ကိုပင် စွန့်တတ်ကြလေရဲ့။ ဗိုလ်ချုပ်ဟာ အဲဒီလိုလူစားမျိုးထဲမှာ ပါဝင်နေပါတယ်။ အာဇာနည်ပုဂ္ဂိုလ်တွေဟာ ကိုယ်ကျင့်သီလပြည့်စုံခြင်း၊ စာရိတ္တမဏ္ဍိုင် ကျောက်တိုင်ကဲ့သို့ မြဲခိုင်ခြင်း၊ တရားမျှတခြင်း၊ အဂတိတရား ကင်းရှင်းခြင်း၊ လောဘ ဒေါသ မောဟ စသော အစွန်းများ မထွက်ခြင်း၊ အနစ်နာခံခြင်း၊ ကိုယ်ကိုးစွန့်နိုင်ခြင်း၊ မိမိအတ္တကို နှိမ်နင်းနိုင်ခြင်း၊ အမျိုးအကျိုးကိုဆောင်ရွက်နိုင်ခြင်းစတဲ့ ဂုဏ်အင်္ဂါရပ်တွေနဲ့ ပြည့်စုံကြပါတယ်။ အဲဒီဂုဏ်အင်္ဂါရပ် တွေကြောင့် အာဇာနည်တိုင်း သမိုင်းမသေ၊ အာဇာနည်မျိုး သေရိုးမရှိဆိုတဲ့ စကားစုတွေ ပေါ်ထွက်လာရခြင်းပဲ ဖြစ်ပါတယ်။ အဲဒီအာဇာနည်တွေရဲ့သမိုင်းကို မေ့ဖျောက်ချင်သူတွေကတော့ လှည့်စားခြင်း၊ လိမ်ညာခြင်း၊ ကောက်ကျစ်စဉ်းလဲခြင်း၊ အတ္တကြီးခြင်းတွေကို ပြုမူလုပ်ဆောင်ကြလေရဲ့။ သစ္စာရဲ့ အမှန်တရားကို မျက်ကွယ်ပြုချင်သူတွေဟာ ပစ္စုပ္ပန်သမိုင်း ကြောင်းမကောင်းနိုင်သလို အနာဂတ်သမိုင်းမှာလည်း အရိုင်း တွေနဲ့ ကြုံတွေ့ရတတ်ပါတယ်။ အဲဒီအရိုင်းစိတ်တွေဟာ တိုင်းအရိပ် ပြည်အရိပ်ပေါ်ထိုးကျ၊ ပြည်သူတွေရဲ့ဘဝဟာလည်း ဆင်းရဲတွင်းက မတက်နိုင်ကြတော့ပါဘူး။ ဗိုလ်ချုပ်တို့လို အာဇာနည်စိတ်ဓါတ် မရှိခဲ့တာကြောင့်

မြန်မာပြည်သူလူထုဟာ အမှောင်ရိပ်မှာ နှစ်ငါးဆယ်နီးပါး ဆင်းရဲဒုက္ခနဲ့ သုမနကျောမှာ ဘဝဒဏ်ရာတွေ ပြည့်ခဲ့ရပါတယ်။ ဗမာပြည်ရဲ့အမှောင် မရှောင် နိုင်ခဲ့တဲ့ နှစ်ငါးဆယ်ပါ။

နှစ်ငါးဆယ်အမှောင်ရိပ်အတွင်း ဖောက်ပြန်ခြင်းကို လက်ယက်တွင်းလိုယက်၊ အဖျက်အမှောင့်ပယောဂ ညြချယူရမယ့် လူတစ်စုလုပ်ရပ်ဟာ ရှင်ခန်းမပြတ်ခဲ့ပါဘူး။ ရည်စူးမဲ့ စိတ်အစဉ် ပြည်သူလူထုရဲ့ နှလုံးသားသမ္ပဇဉ်မှာ တည်ရှိနေတဲ့ အာဇာနည်တွေကို ကြေညာမောင်းခတ် ရဲရင့်တဲ့စိတ်ဓါတ်နဲ့ အလေးပြုနေကြဆဲပါ။ တသဆဲပါ။ ပြည်သူချစ်လျှင် ကမ္ဘည်းတင်မည်ဆိုတဲ့စကားအတိုင်း ဘယ်သူမှ ခိုင်းစရာမလိုဘဲ ဗိုလ်ချုပ်တို့ကို အလေးပြု တသကြခြင်းပဲဖြစ်ပါတယ်။ ရည်ရွယ်ရင်းဆန္ဒအမှန် တန်ပြန်ရိုက်ခတ်လာမယ့် ဘေး အန္တရာယ်မှန်သမျှကို ရဲရဲရင်ဆိုင် ခေတ်ပြိုင်သမိုင်းတစ်လျှောက် ဗိုလ်ချုပ်ရဲ့ခြေရာတွေဟာ ပျောက်ပျက်သွားမှာမဟုတ်တော့ပါ ဘူး။ အပြော လုပ်ရပ် စိတ်ဓါတ်ခိုင်ကြည်မှုနဲ့ အမှန်တရား အတွက်ဆိုတုပ ဒါဟာ ပြည်သူတွေမျှတစေဖို့ ဗိုလ်ချုပ်ရဲ့ခိုင်မာ တဲ့တော်လှန်သောစိတ်ဓါတ်တွေပါပဲ။ လွတ်လပ်ခြင်းရဲ့ အနှစ် သာရကို အငမ်းမရ လိုချင်နေတဲ့ ပြည်သူလူထုရဲ့ ဆန္ဒအမှန်ကို အတ္တကင်းစွာနဲ့ စွန့်လွှတ်အနစ်နာခံ အရယူပေးခဲ့သူဟာ ဗိုလ်ချုပ်ပါလို့ ပြောရင်လည်း လွန်မယ်မထင်ပါဘူး။ အားကိုး မှုတွေနဲ့ တည်ကြည်လေးနက်တဲ့ ဗိုလ်ချုပ်ရဲ့ လုပ်ရပ် စိတ်ဓါတ် တွေကတော့ ကမ္ဘာတည်သရွေ့ မမေ့နိုင်တဲ့ ရင်ဧည့်ခန်း လွမ်းမျက်ဝန်းတွေနဲ့အတူ တမ်းတနေကြမှာကတော့ မြေကြီး လက်ခတ်မလွဲနိုင်အောင်ပါပဲ။ ဒါဟာ ပြည်သူတွေရဲ့ တကယ့် အရှိတရားပါ။ လိမ်ညာခြင်းကင်း ဝကန္တမြစ်တစ်စင်းထဲ ရဲရဲမကူးခတ်ကြတဲ့ ပြည်သူတွေရဲ့ သစ္စာအမိဋ္ဌာန်။ ရင်ဘတ် ပြတိုက်ထဲမှာအစဉ်ထာဝရ ထိုးစိုက်ရမှာ ရဲရင့်နှင်းဆီတစ်ပွင့်ဟာ ဖခင်ဗိုလ်ချုပ်အောင်ဆန်းဖြစ်တယ်ဆိုတာ ဆုံးဖြတ်ချက်ချရင်း လွတ်လပ်ခြင်းအနှစ်သာရကိုတွေးရှု ဗိုလ်ချုပ်ကိုအလေးပြုလိုက်မိပါတော့တယ်။

အေဖော်ခိုင်

(ဤဆောင်းပါးဖြင့် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်တိုင်းကို ရင်ထဲမှ လှိုက်လှိုက်လှဲလှဲ အလေးပြုလိုက်ပါသည်။)

***



အတွင်းဝန်ရုံးကိုတွေ့မြင်ရတိုင်း ကျွန်မသည် ဗိုလ်ချုပ် အောင်ဆန်းကို ပို၍ လွမ်းမိသွားရသည်။ ၃၉ လမ်းတွင် နေထိုင် ခဲ့စဉ်က ကျွန်မတို့အခန်းက အပေါ်ဆုံးအထပ်ဖြစ်ပြီး အနောက် ဘက်မှ ပြတင်းပေါက်ကို ဖွင့်လိုက်သည်နှင့် အတွင်းဝန်ရုံးကို လှမ်းမြင်ရသည်လေ။ အတွင်းဝန်ရုံးသည် ဒီကနေ့အထိ သမိုင်း ၏ အဖြစ်အပျက်တို့ကို သိမ်းဆည်းထားဆဲဖြစ်သည်။ အတွေးတို့ကို ဆန့်ထုတ်လိုက်တိုင်း "ဗိုလ်ချုပ်သာ သက်ရှိ ထင်ရှားရှိခဲ့လျှင် တို့နိုင်ငံ ဒီလိုဖြစ်မှာမဟုတ်ဘူး"ဟု တွေးမိကာ သက်ပြင်းချမိစမြဲ။ တကယ်တော့ ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့ ကြီးမြတ်သော အာဇာနည်တစ်ယောက်၏ ဂုဏ်ပုဒ်ကိုဖွဲ့ဖို့ကကျွန်မလို သာမန်လူတစ်ယောက်နှင့် ထိုက်တန်ပါရဲ့လား။

ငယ်စဉ်ကတည်းက လူကြီးသူမများ ပြောပြထား၍ ဗိုလ်ချုပ်တို့ လုပ်ကြံခံခဲ့ရပုံ၊ အဲဒီအချိန်တုန်းက တိုင်းသူပြည်သားတွေ ဝမ်းနည်းကြပုံတို့ကို ကြားဖူးခဲ့ရသည်။

ဟိုအရင်က ဇူလိုင် ၁၉ ရက် နံနက် ၁၀း၃၇ နာရီသို့ ရောက် လျှင် ဥသြဆွဲသံက မျက်ရည်ကျချင်လောက်အောင် ထွက်ပေါ် လာတတ်စမြဲ။ လမ်းပေါ်တွင်သွားလာနေကြသူများ ကလည်း ရောက်ရာအရပ်တွင် ငြိမ်သက်၍အလေးပြုကြမြဲ။ နောက်တော့ အာဇာနည်နေ့ရောက်တိုင်း ဥသြဆွဲသံတို့ တိတ်ဆိတ်သွားခဲ့ရတာ ဆယ်စုနှစ်ချီ ကြာမြင့်ခဲ့သည်။

၂၀၁၃ခုနှစ်၏ အာဇာနည်နေ့မှာတော့ ကိုယ့်နည်းကိုယ် ဟန်လုပ်ရှားမှုတို့ဖြင့် ဥသြဆွဲသံ ပြန်ကြားခဲ့ရသည့်အခါ ဝမ်း နည်းသည့်ကြားမှ ဝမ်းသာခဲ့ရသည်လေ။ ဘဝတစ်သက်တာ လုံးမှာ ကိုယ်ကျိုးစွန့်အနစ်နာခံ အသက်ပါပေးသွားခဲ့သည့် ဗိုလ်ချုပ်၏ဂုဏ်သိက္ခာသည် အမြဲရှင်သန်နေပါလိမ့်မည်။ ဗိုလ်ချုပ်နှင့်ပတ်သက်ပြီး ရေးသားထားသည့် စာအုပ်များကို ဖတ်ရတိုင်း ဗိုလ်ချုပ်ကို ပို၍ပို၍ လေးစားလာခဲ့ရပါသည်။ တပ်မတော်ကိုစတင်တည်ထောင်ခဲ့သော ဗိုလ်ချုပ်သည် နောက်ဆုံးတွင် နိုင်ငံရေးလုပ်ဖို့ တပ်မှထွက်ခဲ့သည်။ သူ စတင်တည်ထောင်ခဲ့သောတပ်မတော်ကို သိက္ခာရှိသောတပ်မ တော်အဖြစ် ပုံဖော်နိုင်ခဲ့သည်။ တပ်မတော်သားဖြစ်၍ အခွင့်ထူး

ခံလူတန်းစားဖြစ်ဖို့ဆိုသောအယူအဆနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ခဲ့သည်။

လုပ်ကြံခံရသည့်အချိန်အထိ ဗိုလ်ချုပ်တွင် ကိုယ်ပိုင်အိမ် မရှိခဲ့။ မြန်မာနိုင်ငံလွတ်လပ်ရေးရဖို့သည်သာ သူ၏အစွဲမရသည့် မှန်းချက်ဖြစ်သည်။ အခုကျတော့ ကျွန်မတို့နိုင်ငံမှာ တပ်မတော် က အခွင့်ထူးခံလူတန်းစားဖြစ်နေသလို ပြည်သူနှင့်တဖြည်းဖြည်းဝေးကွာလာနေသည်။ တပ်မတော်အရာရှိကြီးအချို့၏ ဆယ်သက်စားမကုန်နိုင်အောင်ယူထားသောပိုင်ဆိုင်မှုများ၊ နေအိမ်များ၊ မြေသိမ်းမှုများကို ကြားသိရသည့်အခါ ကျွန်မက ဗိုလ်ချုပ်ကို အားနာနေမိပါသည်။

ဗိုလ်ချုပ်အသက်နှင့်လဲပြီး ယူပေးခဲ့သော "လွတ်လပ်ရေး" ၏ အရသာကို ဒီကနေ့အထိ ကျွန်မတို့ ပြည့်ပြည့်ဝဝ မခံစားရ သေးပါ။ ၁၉၆၂ ခုနှစ်တွင် စစ်တပ်က အာဏာသိမ်းခဲ့သည့် အချိန်မှစ၍ အမှောင်ခေတ်ထဲတွင် ဖြတ်သန်းခဲ့ရသည်။

"ပဲပြုတ်နဲ့ နံပြား" စားချင်သော ဗိုလ်ချုပ်လိုလူများထက် "တိုင်းသူပြည်သားတို့၏ မသဒ္ဓါရေစာကို ကောင်းပေ့ညွန့်ပေ့ မှန်သမျှဇိမ်ခံစားချင်သော"လူတွေ ပိုများလာနေတာ အမှန်ပါပဲ။

"လွတ်လပ်ရေးရပြီဆိုပြီး လမ်းမပေါ်တက် ဆေးရိုးလှန်းလို့ မရဘူး"ဟု ဗိုလ်ချုပ်က ပြောခဲ့ဖူးပါသည်။ လမ်းမပေါ်တက် ဈေးရောင်းနေကြတာ၊ လမ်းမပေါ် အမှိုက်တွေချနေကြတာ၊ လမ်းမပေါ်တက် ကွမ်းသွေးထွေးနေကြတာတွေကို ဗိုလ်ချုပ်မြင် လျှင် ဘာပြောမှာပါလိမ့်ဟု ကျွန်မစဉ်းစားကြည့်ခဲ့ဖူးသည်။ " စားဖားတွေညီညွတ်တာ မလိုချင်"ဟုပြောခဲ့သည့်စကားကို အမှတ်ရမိသည့်အခါ ခရိုနီတွေညီညွတ်နေကြသည့် လက်ရှိ အချိန်ကို စိတ်ပျက်မိသွားပါသည်။

ဗိုလ်ချုပ်သာ အသက်ရှည်ရှည်နေထိုင်ခဲ့ရပါလျှင် စည်းကမ်း ရှိသော၊ ညီညွတ်သော၊ တိုင်းရင်းသားအားလုံး၊ တန်းတူရည်တူ အခွင့်အရေးရသော ဖက်ဒရယ်ပြည်ထောင်စုကို တည်ထောင် နိုင်ခဲ့ပါလိမ့်မည်။ အခုတော့ ကျွန်မတို့နိုင်ငံမှာ ဗမာလူမျိုးကြီးဝါဒ ဟု သတ်မှတ်ရမည့်ကဲ့သို့ တိုင်းရင်းသားများမှာ တန်းတူအခွင့်

အရေးမရသည့်အပြင် ပြည်တွင်းစစ်ဖြစ်နေသော ဒေသများတွင် မိန်းမများ၊ ကလေးများမှာ မြေဇာပင်ဖြစ်မြဲဖြစ်နေဆဲ။ သဘာဝ သယံဇာတများကို ရောင်းစား၍ အမြတ်ထုတ်နေကြချိန်တွင် ''ထားစရာမရှိသော လူတန်းစား''နှင့် ''စားစရာမရှိသော လူတန်းစား''နှစ်ရပ်သာ ရှိနေဆဲပါပဲ။

နိုင်ငံကာကွယ်ရေးအတွက်သာ တာဝန်ယူရမည့်တပ်မ တော်က လွှတ်တော်ထဲ နေရာယူထားသည်ကို ဗိုလ်ချုပ်သာ သက်ရှိထင်ရှားရှိလျှင် ဘာပြောလိမ့်မလဲ။ နိုင်ငံသူနိုင်ငံသား တို့၏ ပျော်ရွှင်မှုကို ဖန်တီးပေးရမည့်အစား မျက်ရည်တို့ကိုသာ ဖန်တီးနေသူတို့ကို ဗိုလ်ချုပ်သာရှိခဲ့လျှင် ဘယ်လောက်များ ဝေဖန်လိုက်လေမလဲ။ ပညာရေး၊ ကျန်းမာရေး၊ စားဝတ်နေရေး အဘက်ဘက်မှ နိမ့်ကျနေချိန်တွင် စစ်အသုံးစရိတ်တိုးမြှင့် နေခြင်းကို ဗိုလ်ချုပ်သာ သက်ရှိထင်ရှားရှိခဲ့လျှင် ဘယ်လိုမျှ သဘောကျလိမ့်မည်မထင်ပါ။

လူမျိုး ဘာသာမခွဲခြားဘဲ ဗိုလ်ချုပ်နှင့်အတူ လွတ်လပ် ရေးတိုက်ပွဲဝင်ခဲ့သည့် ဦးရာဇတ်၊ နယ်ချဲ့တော်လှန်ရေးတွင် ပါဝင်သည့် ဗမာ-မွတ်စလင်များ ရှိပါလျက်နှင့် ယခုအခါ ခွဲခြား ဆက်ဆံခံနေရသည်ကို ဗိုလ်ချုပ်သာ သက်ရှိထင်ရှားရှိခဲ့လျှင် ဘာပြောမှာပါလိမ့်။ ''ဘာသာရေး''နှင့် ''နိုင်ငံရေး''ကို ရော ထွေးဖို့ကြိုးစားနေကြသူများက ဗိုလ်ချုပ်ကို ချစ်သည်ဟု ပြော နေတာကရော သေချာပါရဲ့လား။

ဘယ်လိုပဲဖြစ်ဖြစ် ဗိုလ်ချုပ်၏ကျေးဇူးတရား၊ မြင့်မြတ်မှု၊ ရိုးသားမှုတို့က ကျွန်မတို့အတွက် အဖိုမဖြတ်နိုင်သော 'တန်ဖိုး' များဖြစ်သည်။ ရှင်သန်ရာဘဝတစ်လျှောက်လုံးသာမက နောင် နှစ်ရာပေါင်းများစွာအထိ 'ဂုဏ်သိက္ခာ'ကို တည်ဆောက်နိုင်ခဲ့ သော ဗိုလ်ချုပ်၏အမည်သည် နှစ်တစ်ရာ၊ နှစ်တစ်ထောင်မက မွှေးပျံ့နေပါလိမ့်မည်။

အတွင်းဝန်ရုံးကို လှမ်းမျှော်ကြည့်တိုင်း လွမ်းဆွတ်ရသော ကျွန်မအတွက် ဗိုလ်ချုပ်အောင်ဆန်းသည် နှလုံးသားထဲတွင် အနက်ရှိုင်းဆုံး ထွန်းလင်းတောက်ပနေသည့် ''လွတ် လပ်မြင့်မားခြင်း''၏ ရှင်သန်ခြင်းကြယ်တစ်ပွင့် ဖြစ်မြဲ ဖြစ်နေဦးမှာပါပဲလေ။

***

# ဗိုလ်ချုပ်အောင်ဆန်း

,dktcsdlleifSn

# ရှိနေရင်

သဲအောင်



မိုးကောင်းကင်ကြီးတစ်ခုလုံးက အုံ့မှိုင်းလို့နေတယ်။ ရန်ကုန်မြို့အတွင်းဝန်များရုံးဆီက စက်သေနတ်သံတွေက အဲဒီနေ့ကို မိုးရွာတဲ့နေ့အဖြစ် ပြောင်းလိုက်တယ်။ တိုင်းပြည် တစ်ပြည်ရဲ့ အနာဂတ် တစ်နည်းအားဖြင့် လုပ်စရာအလုပ်တွေ တစ်ပုံတစ်ပင်ရှိနေတဲ့ တိုင်းပြည်တစ်ပြည်ကို ထုဆစ်ပုံ ဖော်နေတဲ့ ခေါင်းဆောင်တွေကို လုပ်ကြံလိုက်ကြပြီ။

ဒီစက်သေနတ်သံတွေဟာ နိုင်ငံ့ခေါင်းဆောင်တွေ ကို သတ်တာမဟုတ်။ တိုင်းပြည်တစ်ပြည်ရဲ့ အနာဂတ်ကို သတ်တာ။ တိုင်းပြည်ကို ဖျက်တာ။ ပုဂ္ဂိုလ်ရေးအာဃာတတွေ နဲ့ ကိုယ့်တိုင်းပြည်ကို ကိုယ်ပျက်စီးအောင် ဖန်တီးပစ်လိုက် တာ။

အဲဒီကာလကို ကျွန်တော်မမီလိုက်ပါ။ သို့သော် ခန့်မှန်းတွက်ဆလို့ရပါတယ်။ ရက်စက်လှသည်ဟူသည့် စကား နဲ့ မလုံလောက်။ ယုတ်မာကောက်ကျစ်၍ အောက်တန်းကျသော စိတ်ဓါတ်ပိုင်ရှင်ဟုပင် ကင်ပွန်းတပ်ရမည်။ အမျိုးသား သစ္စာဖောက်တစ်ဦးကြောင့် တိုင်းပြည်နစ်နာရခြင်းကို သတိ ပြုမိရသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ ရုပ်ပုံလွှာသည် ဇူလိုင်လ မိုးစက်များ၏ တဖြောက်ဖြောက်အသံများအောက်တွင် တဖြည်းဖြည်း ပေါ်ထွက်လာခဲ့သည်။

ကျောင်းသားခေါင်းဆောင် ကိုအောင်ဆန်း၊ ငရဲခွေး ကြီးလွတ်နေသည်ဟူသည့်ဆောင်းပါးကို ဘယ်သူရေးသလဲဆို သည့် အာဏာရှင်တို့မေးသည့်မေးခွန်းကို မဖြေသည့် အယ်ဒီတာကိုအောင်ဆန်း၊ မွေးဖွားချိန်မှ သေဆုံးချိန်အထိ ကိုယ်ပိုင်ပစ္စည်းအနည်းငယ်မျှသာရှိသော ဗိုလ်ချုပ်အောင် ဆန်း။ ထိုကိုအောင်ဆန်း၏ စကားတစ်ခွန်းကား ဒီတစ်သက် မေ့လောက်စရာမရှိ။

"ကျွန်ုပ်ပြောရဲတယ်။ ဒီဗမာပြည်မှာ တိုင်းပြည်အ တွက် ကျုပ်တို့ထက်ပိုလုပ်တဲ့သူ၊ အနစ်နာခံတဲ့လူ မရှိဘူးဆို တာ ကျုပ်ပြောရဲတယ်။ ကျုပ်ဆိုလို့ရှိရင် ဂျပန်လက်ထက်မှာ ပဲဖြစ်ဖြစ်၊ အခုဖြစ်ဖြစ် ကျုပ်လိုချင်ရင် လိုချင်တဲ့ရာထူးရဖို့ မခဲယဉ်းပါဘူး။ ဂျပန်တွေတုန်းက မင်းတောင်ရှင်ဘုရင်ဖြစ် နိုင်သားပဲဆိုတဲ့စကားမျိုး အပြောခံရသေးတာပဲ။

ဒါပေမဲ့ ကျုပ် ဒီလိုရာထူးတွေကိုသာရည်ရွယ်ပြီး နိုင်ငံရေးလုပ်ချင်ရင် အစ ကတည်းက ဒီလောက်ခဲယဉ်းပင်ပန်းတဲ့ နိုင်ငံရေး မလုပ်ဘူး မှတ်ပါ။ အခု ဒီလောက်ခဲယဉ်းပင်ပန်းဘေးများတဲ့ အလုပ် (အခု ဟန်လို့သာ အသက်ရှင်နေတာ မဟန်ရင် ကြာလှပြီ၊ ကျုပ်သေတာ။ အဲဒီလိုဆိုရင် ခင်ဗျားတို့ ကျုပ်နာမည်တောင် ကောင်းကောင်းပြောရဲမှာမဟုတ်ဘူး) ကို လုပ်တယ်ဆိုတာ တိုင်းပြည်လွတ်လပ်ရေး လိုချင်လို့ပဲ" တဲ့။

ဘယ်လောက်ကောင်းလိုက်တဲ့ စကားလဲ။ နိုင်ငံ ခေါင်းဆောင်တစ်ယောက်ရဲ့ စကားပီသပါတယ်။

နိုင်ငံ့ခေါင်းဆောင်ဆိုတာမှာ နှစ်ပိုင်းခွဲခြားပြောလို့ ရပါတယ်။ Politician (နိုင်ငံရေးသမား) နဲ့ State man (အမျိုးသားခေါင်းဆောင်) ရယ်လို့ ဖြစ်ပါတယ်။

နိုင်ငံ့ခေါင်းဆောင်အဖြစ် နိုင်ငံတစ်နိုင်ငံကို ဦး ဆောင်တဲ့အခါ နိုင်ငံရေးသမားပီသစွာ ဦးဆောင်လို့ရသလို၊ အမျိုးသားခေါင်းဆောင်အဖြစ်လည်း ဦးဆောင်လို့ရပါတယ်။ အဲ ဘာကွာလဲဆိုတော့ နိုင်ငံခေါင်းဆောင်ဟာ အမျိုးသားခေါင်းဆောင် (State man ) ဆိုရင်တော့ ရိုးသား မှုကိုအခြေခံပြီး လူထုကိုဆက်ဆံပါလိမ့်မယ်။

နိုင်ငံရေးသမား(Politician) ဦးဆောင်ရင်တော့လူထုအကြိုက် ဟုတ်တာရော၊ မဟုတ်တာရောပြောပြီး မဲဆွယ်ကာ လက်ထဲအာဏာရဖို့အရေးသာ ဂရုစိုက်ပါလိမ့်မယ်။

ဗိုလ်ချုပ်အောင်ဆန်းကတော့ ခပ်ရိုးရိုးပဲ နိုင်ငံရေး ကိုဦးဆောင်ခဲ့တာပါ။ တကယ်လည်း အဲဒီခေတ်ကာလက နိုင်ငံ လုံးမှာ ချွန်တဲ့၊ ထက်တဲ့သူတွေကို ရာထူးနဲ့ အာဏာပေးပြီး ချုပ်ကိုင်နိုင်ဖို့ ကြိုးစားခဲ့ကြသလို အဲဒီခေတ်ကနေ ယနေ့ခေတ် အထိလည်း မပြောင်းမလဲ ဆက်ပြီး ဒီစနစ်ကို ကျင့်သုံးနေဆဲပါ ပဲ။

ဗိုလ်ချုပ်အောင်ဆန်းပြောတာ ရှင်းပါတယ်။ လူအ များကြိုက်တဲ့ စည်းစိမ်၊ အာဏာ၊ ရာထူးတွေကို မယူတဲ့သူကို ယူလိုသူတွေက မုန်းမှာပါပဲ။ လုပ်ကြံမှာပဲ။ နာမည်ဖျက်မှာပါ ပဲ။

မှတ်မှတ်ရရ ဒီနေ့ခေတ်မတိုင်ခင် ဖြတ်သန်းခဲ့ရတဲ့ စစ်အာဏာရှင်စနစ်ဆိုးအောက်မှာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ စကားအတိုင်း "ခင်ဗျားတို့ ကျုပ်နာမည်တောင် ကောင်းကောင်း ပြောရဲမှာမဟုတ်ဘူး" ဆိုတဲ့ အခြေအနေတစ်ရပ်ကို ဖြတ်သန်း ခဲ့ရတာပါ။

ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံရင်ထိုးလေး ထိုးမိလို့ ထောင် ၃ နှစ်ကျခဲ့တဲ့ အညတရသူရဲကောင်းတွေ ဒုနဲ့ဒေးပါပဲ။ အဲဒီလိုအခြေအနေဆိုက်အောင် ဖန်တီးခဲ့တဲ့ သူတွေက ဘယ်လိုလူစားတွေလဲ။ ဘယ်လိုလူစားမျိုးတွေဖြစ် မလဲဆိုတာ မေးကြည့်စရာမလိုလောက်အောင် သိပြီးသားဖြစ် ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံမွဲတယ်၊ ဆင်းရဲတယ်၊ ညစ်ပတ်တယ်။ ဒါလက်ရှိအခြေအနေပါ။ ဒီအခြေအနေကနေ ရုန်းထွက်ဖို့အတွက် ကျွန်တော် တို့မှာ အခွင့်အရေးတစ်ရပ်ရှိပါတယ်။ အဲဒါကတော့ ၂၀၁၅ ရွေးကောက်ပွဲပါပဲ။ အဲဒီရွေးကောက်ပွဲမှာ ဗိုလ်ချုပ်အောင်ဆန်း လို Stateman မျိုးလို ရွေးချယ်ပိုင်ခွင့်ရှိခဲ့မယ်ဆိုရင် ကျွန်တော်တို့ တိုင်းပြည်ဟာ ကမ္ဘာ့အလယ်မှာ မျက်နှာငယ်ရတဲ့ ဘဝက လွတ်မြောက်နိုင်ပါလိမ့်မယ်။

ဗိုလ်ချုပ်အောင်ဆန်းကတော့ သူနားလည်တဲ့နိုင်ငံ ရေးကို အခုလို ညွှန်းဆိုထားပါတယ်။

"နိုင်ငံရေးသဘောအမှန်မှာ ကျွန်ုပ်တို့လူသားတို့နှင့် မတန်တရာ မြင့်မြန်လွန်းသည်လည်းမဟုတ်၊ နိမ့်ကျလွန်းသည်လည်း လည်းမဟုတ်၊ မျက်လှည့်ဗေဒင်လည်းမဟုတ်၊ အဂ္ဂိရတ်လည်း မဟုတ်၊ ကြောက်မက်ဖွယ်ကောင်းသော ကန္တာရခရီးလည်း မဟုတ်၊ ဘယ်သူသေသေ ငတေမာပြီးရော စိတ်ဇောနှင့်လုပ်သော အရေးကိစ္စလည်းမဟုတ်။ ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်၌ ပေါ် ပေါက်ဖြစ်ပွားလျက်ရှိသော အခြေပေါ်တွင် မျှော်ခေါ်၍ ဆောင်ရွက်ရမည်ဖြစ်သော အရေးကိစ္စသာလျှင်ဖြစ်ပေ၏။ အတိုချုပ်ဆိုရလျှင် နိုင်ငံရေးဆိုသည်မှာ ကျွန်ုပ်တို့ နေ့စဉ်နှင့် အမျှ လူ့လောကတွင် တွေ့ကြုံနေကြရသော ကိစ္စပင်ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုသော် နိုင်ငံရေးဆိုသည်မှာ လူ့ကိစ္စဟု ဆိုရပေမည်။ ကျွန်ုပ်တို့ စားမှု၊ သောက်မှု၊ နေမှု၊ ထိုင်မှု၊ သွားမှု၊ လာမှု အစစသည်

နိုင်ငံရေးပင်ဖြစ်သည်။

ကျွန်ုပ်တို့သည် နိုင်ငံရေးကို ရှောင်ရှားစေကာမူ နိုင်ငံရေးသည် ကျွန်ုပ်တို့၏ အိမ်၊ ရုံး၊ အလုပ်ရုံစသည်တို့၌ပေါ်ပေါက်လျက် ရှိ၏။ ဤဌာနများ၌ ကျွန်ုပ်တို့သည် နေ့စဉ်နှင့်အမျှ လူ့လောကတွင် တွေ့ကြုံနေကြရသော ကိစ္စပင်ဖြစ်ပေသည်။ တစ်နည်းအားဖြင့်ဆိုသော် နိုင်ငံရေးဆိုသည်မှာ လူ့ကိစ္စဟုဆို ရပေမည်။ ကျွန်ုပ်တို့ စားမှု၊ သောက်မှု၊ နေမှု၊ ထိုင်မှု၊ သွားမှု၊ လာမှုအစုစုသည် နိုင်ငံရေးပင်ဖြစ်သည်။ ကျွန်ုပ်တို့သည် နိုင်ငံရေးကို မဆင်ခြင်မတွေးတောမိစေကာမူ နိုင်ငံရေးသည် ကျွန်ုပ်တို့နှင့် အမြဲတစေ ဆက်သွယ်နေ၏။ ကျွန်ုပ်တို့သည် နိုင်ငံရေးကို ရှောင်ရှားစေကာမူ နိုင်ငံရေးသည် ကျွန်ုပ်တို့၏ အိမ်၊ ရုံး၊ အလုပ်ရုံစသည်တို့၌ ပေါ်ပေါက်လျက်ရှိ၏။

ဤဌာနများ၌ ကျွန်ုပ်တို့သည် နေ့စဉ်နှင့်အမျှနိုင်ငံရေးကိုပင် လုပ်နေကြရပေသည်။ အလုပ်သမားသည် အခကြေးငွေ အတွက် အလုပ်လုပ်ရ၏။ စားရေးစာချီ အမှုထမ်းသည် လည်း လစာအတွက် အလုပ်လုပ်ရ၏။ ကုန်သည်၊ ပွဲစား စသည်တို့သည် အသီးသီး ဝင်ငွေရရန် လုပ်ကြရ၏။ အချုပ်မှာ စားသောက်နေထိုင်ရေးအတွက်ပင်ဖြစ်၏။

အလုပ်သမားသည် အခကြေးငွေကို တိုးတက်၍ရပြီးလျှင် စားသာသောက်သာသော အခြေအနေကို ရလို၏။ တောင်သူ လယ်သမားသည် မိမိ၏လယ်မြေကို တိုက်တက်ကောင်းမွန်စေ၍ သက်သာချောင်ချိလို၏။ စာရေးစာချီအမှုထမ်းတို့သည်လည်း ရုံး၌ တကုတ်ကုတ် လုပ်နေရသောဘဝထက် လွတ်လွတ်လပ် လပ် ချောင်ချောင်လည်လည်ရှိသော အခြေအနေသို့ ရောက် လိုကြ၏။ ကုန်သည်၊ ပွဲစားတို့သည်လည်း လွယ်လွယ်ကူကူ တိုးချဲ့၍ ကူးသန်းရောင်းဝယ်လိုကြ၏။ ဤကဲ့သို့ လူတိုင်း လူတိုင်း မိမိအခွင့်အရေးကို ရယူလိုခြင်းသည် နိုင်ငံရေးသာ ဖြစ်သည်'' ဟု ဖြစ်ပါတယ်။

ဗိုလ်ချုပ်ပြောတဲ့နိုင်ငံရေးဟာ အခုထိမှန်ကန်နေတဲ့ သဘောတရားပါပဲ။ အခုအချိန်အထိ ဗိုလ်ချုပ်အောင်ဆန်း ရှိခဲ့မယ်ဆိုရင် ဒီလိုဝေဖန်မလားမသိပါ။

''ငါတို့ပေးတဲ့ အခွင့်အရေးကို ရခြင်းပင်လျှင် နိုင်ငံရေးအရ ကံထူးလို့ဆိုတဲ့ ငတိတွေကို ပြတ်ပြတ်သားသား ပြောလိုက်မယ်။

ကျုပ်လိုချင်တဲ့ ကျုပ်တို့အခွင့်အရေးတွေ မရသရွေ့ ကျုပ်တို့ ဘယ်တော့မှ လက်မလျှော့ဘူး ဆိုတာပဲ''။

သဲအောင်


ဗိုလ်ချုပ် နှစ်တစ်ရာပြည့်

# မဟာဂန္ထဝင်ကဗျာတပုဒ်

အောင်ဘညို



"ကြည်ရေ
ပဲပြုတ်နဲ့ နံပြားရေနွေးစားချင်တယ်" တဲ့။
ဗိုလ်ချုပ်ရဲ့
မရှိနိုင်တဲ့ ကဗျာတစ်ပုဒ်
ကျွန်တို့ကောင်းကင်မှာ
ဝင်းလက်တောက်နေဆဲပါပဲ။

**အောင်ဘညို**

***

# ငှက်ပျောတော
# မော်ကွန်း



တရားပွဲအပြီး
ဟသံ့တအရေးပိုင်ကဖမ်းမိန့်ထုတ်တော့
မန်းဘခိုင်က
ဗိုလ်ချုပ်အောင်ဆန်းကို
ယုန်တလင်းက သူ့ငှက်ပျောတောစိမ်းစိမ်းထဲ
ရဲရဲလေးပဲခေါ်သွားတယ်။ ။

**မောင်ဓေါင်း**

***



သူ့မွေးမြေကပူတယ်

သူ့သွေးတွေက ဆူတယ်။

သူ့အတ္တကိုသူချိုး

သူ့အမျိုးထိတော့နာတယ်။

သူ့စိတ်ကမြန်တယ်

သူ့ခေတ်က ထန်တယ်။

သူ့စကားက ပြတ်တယ်

သူ့နေထိုင်မှုက မြတ်တယ်။

သူဖြတ်တဲ့သက်တမ်းကတိုတယ်

သူရေးတဲ့သမိုင်းကပိုရှည်တယ်။ ။

လေပြေသုန်

***



မေဟာဒီကကောနည်
ဗိုလ်ချုပ်ကော်ဆင်း
သော်ခင်ရှင်း

မိုးပေါ်ကကျလာတဲ့ လူတစ်ယောက်မဟုတ်ပါဘူး
လူထဲကလူတစ်ယောက်
သူငယ်ငယ်တုန်းက
တစ္ဆေ သရဲ အလွန်ကြောက်တတ်သတဲ့
ခဏ ခဏ ချူချာတယ်
ရေမကူးတတ်ဘူး
စက်ဘီးမစီးတတ်ဘူး
လေးငါးခြောက်နှစ်ထိ အိပ်ရာထဲမှာသေးပါတယ်

မိုးပေါ်ကကျလာတဲ့ လူတစ်ယောက်မဟုတ်ပါဘူး
လူထဲကလူတစ်ယောက်
သူ လိမ်မပြောဘူး ညာမပြောဘူး
ဟန်မဆောင်တတ်ဘူး
ကလေးဘဝကတည်းက
ဗမာပြည် အင်္ဂလိပ်လက်ထဲကပြန်ရဖို့သာ စိတ်ကူးနေခဲ့

မျက်နှာလိုမျက်နှာရ
အထက်လူကြီးကိုတိုင်တာတွေကိုမုန်းခဲ့
ရှင်အဂ္ဂသမာဓိရဲ့ မျိုးရိုး
ဗိုလ်မင်းရောင်ရဲ့ မြေး
ရှေ့နေဦးဖာရဲ့ သား

မိခင်ဒေါ်စုရဲ့ သား
နတ်မောက်မှာ သူမွေးခဲ့တယ်
၁၉၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်မှာပေါ့

မိုးပေါ်ကကျလာတဲ့ လူတစ်ယောက်မဟုတ်ပါဘူး
လူထဲကလူတစ်ယောက်
အသက် ၈ နှစ်မှ ကျောင်းစနေရပေမယ့်
ငယ်နာမည် ထိန်လင်းဆိုတဲ့သူဟာ
အတန်းတွေကျော်တက်နိုင်ခဲ့တယ်
အရပ် ၅ပေ ၅လက်မရှိတဲ့ သူဟာ
အသက် ၂၀မှာ ကျောင်းသားခေါင်းဆောင်ဖြစ်ခဲ့တယ်
"အိုးဝေ"ဆိုတာ သူပေးခဲ့တဲ့နာမည်ပါ
သူဟာအင်္ဂလိပ်နယ်ချဲ့ရဲ့ ရန်သူတော်နံပါတ် ၅
ရန်သူတွေက သူ့ကိုလေးစား
အနီးဆုံးရန်သူကို ရှာတိုက်ကြတဲ့
ဂျပန်တွေ ခွေးပြေးဝက်ပြေးထွက်ပြေးသွားကြရ
အင်္ဂလန်ထိသွားပြီး
တောင်တန်းပြည်မမကျန် တစ်သွေးတစ်သားတည်းပါ
ကျွန်ုပ်တို့မြန်မာတစ်နိုင်ငံလုံးကို လွတ်လပ်ရေးပေးလော့
ဖေဖော်ဝါရီ ၁၂
ပင်လုံညီလာခံကို နယ်ချဲ့တွေအရှုံးပေးခဲ့ရတာ

ကမ္ဘာကအံ့သြချီးကျူးခဲ့ကြ

မိုးပေါ်ကကျလာတဲ့ လူတစ်ယောက်မဟုတ်ပါဘူး
လူထဲကလူတစ်ယောက်
သူ့တိုင်းပြည်အတွက် သူ့ဘဝကို
"အရိုင်း"လို့ထင်ရအောင် လူတွေနဲ့ကွဲခဲ့တယ်
သူ့ရဲ့စိတ်က ဖြူစင်တယ် မြင့်မြတ်တယ်
သူက သူ့နိုင်ငံလွတ်လပ်ရေးကိုပဲအမြဲစဉ်းစားနေတာ သူ့လူငယ်ဘဝဆိုတာ
စာအုပ်တွေရယ် သူ့နိုင်ငံလွတ်လပ်ရေးရယ်
ဒါပဲ
သူက ရာထူးနေရာရနေလို့ ကားတစ်စီးနဲ့သွားလို့ရ
သူ့မိတ်ဆွေဦးချစ်မောင်ရဲ့စာကြည့်ခန်းက စာအုပ်လာယူ
အဲဒီမှာ
ဦးချစ်မောင်သားတွေက သူစီးလာတဲ့ကားကိုစီးချင်သတဲ့
ဘာလုပ်တယ်ထင်လဲ
ကလေးတွေကိုကားပေးစီးပြီး သူက စာအုပ်ထိုင်ဖတ်နေတာ
လုလိုက်တာ

သူ ကလေးတွေကိုချစ်လိုက်တာ
ဂျာနယ်ကျော်မမလေးကတောင်းပန်တော့ သူပြောတယ်
ကလေးတွေကို သူတို့ဖြစ်ချင်တာလုပ်ချင်တာတွေ တတ်နိုင်သမျှလုပ်ပေးရမှာ

မိဘလူကြီးတွေရဲ့တာဝန်တဲ့
ဒီလို ကလေးချစ်တဲ့သူ
တိုင်းပြည်လွတ်လပ်ရေးရပြီးရင် စားရေးနေမယ်
ကလေးတွေကိုဘယ်လိုပြုစုပျိုးထောင်ရမှာလဲက အစ
မြန်မာ့လူမှုဘဝတွေတိုးတက်ဖို့ စာရေးမယ်တဲ့

မိုးပေါ်ကကျလာတဲ့ လူတစ်ယောက်မဟုတ်ပါဘူး
လူထဲကလူတစ်ယောက်
သီချင်းတွေကြိုက်တယ်
ကီးမကိုက်တဲ့ သူ့အသံနဲ့သီချင်းဆိုတယ်
သူ့မှာဝတ်စုံဘယ်နှစုံကောင်းကောင်းရှိသလဲ
အင်္ဂလန်သွားတော့ အိန္ဒိယခကောဝင်
နေရှူးပေးလိုက်လို့ ခန့်ခန့်ညားညားဝတ်စုံလေးရ
သနားစရာ
ငါတို့လေးစားသူကြီးလေ
ငါတို့ချစ်ရသူကြီးလေ
ငါတို့ရဲ့ထာဝရခေါင်းဆောင်ကြီးလေ
မြန်မာတည်သ၍ ကြီးမြတ်တဲ့မဟာအာဇာနည်လေ

မိုးပေါ်ကကျလာတဲ့ လူတစ်ယောက်မဟုတ်ပါဘူး
လူထဲကလူတစ်ယောက်

တစ်မတ်တန်းက ရုပ်ရှင်ကြည့်တယ်
''ကြည့် ပဲပြုတ်နဲ့ နံပြားရရင်စားချင်တယ်'' တဲ့
တော်တော်ရယ်စရာကောင်းတဲ့သူ
သူချစ်တာ''လွတ်လပ်ရေး''
သူအမြဲလိုချင်တာ''လွတ်လပ်ရေး''
သူအသက်ရှင်နေတာ''လွတ်လပ်ရေး''
သူကျဆုံးသွားတော့ အသက်က (၃၂) ၁၉၄၇ ဇူလိုင် ၁၉ မှာ
သူဟာ မိုးပေါ်ကကျလာတဲ့လူတစ်ယောက်မဟုတ်ပေမဲ့
ငါတို့တိုင်းပြည်အတွက်ကတော့
သူလိုလူမျိုးမရှိ
သူဟာ
မြန်မာပြည်အတွက်
မဟာအာဇာနည်
ကြီးမြတ်သောသူရဲကောင်း
တုနှိုင်းမဲ့တဲ့ ကျေးဇူးရှင်။ ။

သော်ဇင်အုန်း

***



ဘယ်လိုသမိုင်းက

ကြယ်တွေကို လင်းစေခဲ့သလဲ . . .

ထိန်လင်းနဲ့ စခဲ့တဲ့ဘဝ

ပဲပြုတ်နဲ့ နံပြားကိုစား

နိုင်ငံရေးသမားစစ်စစ်

စစ်တပ်ရဲ့ဖခင်

ဒီမိုကရေစီလမ်းစဉ်ကိုတပ်မက်

ငြိမ်းချမ်းရေးလက်နက်ဟာ

တိုင်းရင်းသားအရေးပါလို့

အစဉ်တွေး

ပြည်ထောင်စုကိုမွေးဖွား

နတ်မောက်သားအောင်ဆန်း

သခင်အောင်ဆန်း

ဗိုလ်အောင်ဆန်း

မြန်မာ့လမ်းသစ်ရဲ့ပုံကိုင်ရှင်

အမြင်မတူတာတွေကို ညှိနှိုင်းလို့ ...

''အကောင်းဆုံးကိုမျှော်လင့်ထားပါတယ်

အဆိုးဆုံးဖြစ်လာရင်လည်း ရင်ဆိုင်ဖို့အသင့်ပါပဲ''

ရင်ထဲစကား

သမိုင်းတံခါးကိုတွန်းဖွင့်

နိုင်ငံကိုတင့်တယ်စေချင်တဲ့ဆန္ဒ

ဘဝတစ်ခုလုံးမြှုပ်နှံ

လုပ်ကြံခံရတာကို အမုန်းမဖက်

ပြုံးလျက်တိုက်ပွဲဝင်သူရဲကောင်း

အို . . . .အဖ ဗိုလ်အောင်ဆန်း

ဒီမှာ

အလွမ်းကဗျာ

မဖွဲ့သာပါ

မြန်မာ့ကြယ်ရောင်လင်းနေ၏။ ။

ညီမှုအိမ်

***




အီရတ်မှာ ဆက်ဒန်ဟူစိန်သေတော့

သူ့ရုပ်တုကို လူထုကလှဲဖြိုလိုက်ကြတယ်။

လစ်များမှာ ကဒါဖီသေတော့

နံရံပေါ်ကသူ့ဓါတ်ပုံတွေကို ဖြုတ်

အမှိုက်ပုံးဟောင်းတွေထဲ စုပြုံထည့်ခဲ့ကြတယ်။

အခု မြောက်ကိုးရီးယားပြည်သူလူထုဟာ

တောင်ကိုးရီးယားရုပ်သံဇာတ်လမ်းတစ်ခုကိုကြည့်မိရင်

ထောင်ဒဏ်သုံးနှစ်ထိ ကျခံစေနိုင်တယ်။

အခု တရုတ်ပြည်မှာ

နိဘယ်ဆုရှင်ကို ထောင်သွင်းအကျဉ်းချ

သူ့အကြောင်းထောက်ခံရေးသားတဲ့ မိသားစုကို

အင်တာနက်အသုံးပြုခွင့် ပိတ်ပင်လိုက်တယ်။

ဒါဆို ငါတို့ဆီမှာရော

တစ်ခါက ငါနဲ့ငါ့အဖေလေ

စက်ဘီးတစ်စီးပေါ် အတူစီးနင်းလာရင်း

လူစည်ကားတဲ့ဈေးလမ်းတစ်နေရာမှာ

အဖေဟာစက်ဘီးကို ရုတ်တရက်ရပ်

ကျွန်တော့်ကို ဆင်းခိုင်းပြီး

လမ်းပေါ်လွင့်နေတဲ့ ပိုက်ဆံအနွမ်းလေးကိုကောက်စေတယ်

ကျွန်တော့်မှာလေ ထိတ်လန့်တကြား

လူများ၊ ကားများ၊ ယာဉ်တန်းများကြားမှာ

ပိုက်ဆံကို အလျှင်စလိုကောက်

အဖေ့ကိုလည်း

အပြစ်မြင်သလိုလိုနဲ့ မေးမိတယ်

'အဖေရာ ဒီပိုက်ဆံငါးကျပ်က ဘာသုံးလို့ရမှာလဲ'

ဒီတော့ အဖေကပြောတယ်

'သားရယ် ပိုက်ဆံကသုံးလို့မရပါဘူး ဒါပေမဲ့

မိုလ်ချုပ်ပုံလေးလမ်းပေါ်လွင့်နေတာ

အဖေမမြင်ရက်လို့ပါ 'တဲ့။

ပြန်တွေးမိတော့

မောစရာ လွမ်းစရာ

နိုင်ငံတစ်နိုင်ငံ လူမျိုးတစ်မျိုးနဲ့

ပြယုဂ်တစ်ခုရဲ့ အရေးပါပုံများ

လူ့သမိုင်းတစ်ခုရဲ့ အနံ့မဲ့သော အလျားများ

အခုစဉ်းစား

စဉ်းစားရင်း နားဆင်ကြည့်လိုက်ပါမိတ်ဆွေ

ချိတ်လို့ရပြီ ဆွဲလို့ရပြီ

လွတ်လပ်စွာမြတ်နိုးခွင့်ရှိပြီတဲ့

ဂျာနယ်လက်ပွေ့သမားလေးတွေ အော်ဟစ်ရောင်းချနေသံကို

အခုစဉ်းစား

စဉ်းစားရင်း နားဆင်ကြည့်လိုက်ပါမိတ်ဆွေ

ချိတ်လို့ရပြီ ဆွဲလို့ရပြီ

လွတ်လပ်စွာမြတ်နိုးခွင့်ရှိပြီတဲ့

ဒါ တို့ရဲ့ မိုလ်ချုပ်ပုံတွေလေ

ဒါ တို့ရဲ့ အောင်ဆန်းစုကြည်ပုံတွေလေ။ ။

သားဦး

***



ထမင်းနပ်မှန်နေတဲ့ ကြယ်လေးတွေ

မိုန်တစ်လုည့် မှောင်တစ်ခါနဲ့ အဲဒီမှာ

အဲဒီမှာငါးကြင်းဆီနဲ့ ငါးကြင်းကြော်တတ်တဲ့သူဆို

ကြော်ချက်ပစ်လိုက်တာပါပဲ

အဲဒီမှာ အနီးဆုံးရန်သူကို တိုက်မယ့်သူဆို

ရှာပြီး နဖူးမှာစာထွင်းပစ်လိုက်တာပါပဲ

အဲဒီမှာ လက်မောင်းသွေးလောက်ဖောက်ရဲပြီဆို

ဆူးထွင်းသလိုလိုနဲ့ ဆောက်နဲ့ထွင်းထုတ်ပစ်လိုက်တာပါပဲ

အဲဒီမှာ ညွှန်ရာရေဖြစ်ဖို့

လက်ညှိုးလေးကိုပဲ လေ့ကျင့်ခန်းမှန်မှန်လုပ်ရတယ်

အဲဒီမှာ မဆိုဘဲအလွတ်ရနေတဲ့ သံနိဋ္ဌာန်တစ်ချက်ပဲ

သစ္စာပြုပြဋ္ဌာန်းထားတယ်

အဲဒီမှာ သင်ရိုးထဲ ဆေးရိုးတော့မလှန်းခိုင်းပါဘူး

လမ်းပေါ်ဟီရိုသြတ္တပ္ပတွေ ပစ်ချထားတတ်အောင်တော့

ညွှန်းတမ်းပြုထားတယ်

အဲဒီမှာ ပန်းအဝင်တက်ထောင်ခြင်းကို

တားမြစ်သယောင်နဲ့ လျော်ရင်းခိုတတ်တဲ့ဝီရိယတွေကိုတော့

ညွှန်းတမ်းပြုထားတယ်

အဲဒီမှာ ရှုံးရင် လူချတတ်တဲ့ညာဉ်ဆိုးကိုတော့

နိုင်အောင်ဘယ်လိုညစ်ရမလဲဆိုတဲ့ ဥပဒေသတွေနဲ့

ဖုံးအုပ်ညွှန်းတမ်းပြုထားတယ်

အဲဒီလို အဲဒီမှာ အဲဒီမှာ

အသားသေ တံဆိပ်ခပ်စက်ကြီးဟာ

တအီအီအသံတိတ်ခုတ်မောင်းလို့

ဘယ်တစ်လှည့် ညာတစ်လှမ်း

ညာတစ်လှမ်း ဘယ်တစ်လှည့်...နဲ့

ဘယ်ညာ လှမ်းလျှောက် လျှောက်လှမ်းလို့

အဲဒီမှာ အဲဒီမှာ အဲဒီမှာ

အို မိခင် ဒုတိယနတ်မောက်ရေ

အသင့်ရဲ့သန္ဓေသားဟာ

မတည်ခင်ကတည်းက ပျက်ကျနေပါပေါ့။ ။

သစ်ခက်အိမ်

***




ဘယ်တော့မှ

အလင်းကို ရုပ်သိမ်းပြီး ဝင်မသွားတဲ့

နေ . . . . ။

ဘယ်တော့မှ

ပြည်သူကို ဆင်းရဲဒုက္ခလရောင် မဖြာကျခဲ့တဲ့

လ . . . . ။

အောင်ဆန်း

အဆောင်အယောင်အခန်းခန်းနဲ့ မမြန်းခဲ့ဘူး

ရိုးသားရဲရင့်

ဒီနေ့ထိ တင့်တယ်နေဆဲ ရုပ်ပုံလွှာ

ငါတို့အားလုံးရဲ့ ကမ္ဘာ … . . .။

မောင်နိုင်လင်း(ကောလင်း)

***




သေလျက်ပင်လျှင်

ရှင်မြဲရှင်သည့်

အောင်ဆန်းဇာနည့်

ကမ္ဘာတည် .. . .သား။ ။

လူပအောင်

***




အဖမိုလ်ချုပ်ခင်ဗျာ
မိုလ်ချုပ်တို့လုပ်ကြံခံရပြီး
၁၉၄၇ ဇူလိုင် ၁၉ မှစ၍
ကျွန်တော်တို့နိုင်ငံရဲ့ပြည်တွင်းစစ်
မျိုးဆက်သစ်တွေနဲ့လက်ကမ်း

ခုချိန်ထိမငြိမ်းချမ်းသေးပါဘူး။

ဖဆပလတစ်ခေတ်မှာပဲ

ဒီမိုကရေစီအရောင်မြင်ရ

၁၉၆၂

ဦးနေဝင်းအာဏာသိမ်းပြီးကတည်းက

အမှောင်ကျသွားခဲ့တာ

ခုချိန်ထိပါပဲ။

ဦးနေဝင်းခေတ်မှာ

ကျောင်းသားသမဂ္ဂဖြိုခွင်း

အလုပ်သမားအရေးအခင်း

ဦးသန့်အရေးအခင်း

မှိုင်းရာပြည့်အရေးအခင်း

ဖုန်းမော်အရေးအခင်းနှင့်တကွ

မဆလတစ်ခေတ်လုံး

ကုန်းကောက်စရာမရှိအောင်မွဲခဲ့ရတယ်။

ရေထွက်ပစ္စည်း မှျင်ငါးပိကအစ

ကုန်းထွက်ပစ္စည်း မတ်ပဲအဆုံး

အလုံးစုံသော နိုင်ငံခြားဆေးဝါးမှန်သမျှ

အလုံးစုံသော (ထိုင်းပါတိတ်လို)အဝတ်အထည်မှန်

သမျှ

ပြည်သူတွေအရောင်းအဝယ်လုပ်ကြရင်

မှောင်ခိုမှုနဲ့ ဖမ်းဆီး
အာဏာယမ်းမီးတောက်ခဲ့ကြပါတယ်။
ပြည်သူအချင်းချင်း
''မတ်ပဲအရောင်းအဝယ်လုပ်ရင် သေဒဏ်''တဲ့
အစိုးရကဝယ်တော့
တောင်သူတွေကအဝယ်ဒိုင်မှာဆန်ခါချ
ဆန်ခါတင်ထိပ်စကိုမှ
အနိမ့်ဆုံးဈေးနဲ့ဝယ်ယူ
အဲဒီလိုလူလည်ကျခံခဲ့ရပါတယ်။

မဆလခေတ်မှာ
လယ်သမားတွေအဖြစ်က
ကိုယ့်စပါးကိုယ်ခြင်ထောင်ချ
လူမမာလို အယောင်ပြပြီး
ဝမ်းမီးတောက်ငြိမ်းသတ်ဖို့အတွက်
သူခိုးသူဝှက်လို အသက်ဆက်ခဲ့ရပါတယ်။

နောက်ဆုံးတော့
တစ်တိုင်းပြည်လုံးဆင်းရဲတွင်းနစ်
၈၈ အရေးတော်ပုံက
မဆလဝတ်ရုံကို ခွာချနိုင်ခဲ့ပါတယ်။



ဒါပေမဲ့ အဖရေ
ဝတ်ရုံသာကွာကျသွားပေမယ့်
အတွင်းသားက ဒီလူတွေပါပဲ။

၁၉၉၀ ရွေးကောက်ပွဲမှာ
အဖသမီးဦးဆောင်တဲ့

NLD အပြတ်အသတ်အနိုင်ရခဲ့ပေမဲ့
စစ်အစိုးရက လွှတ်တော်ခေါ်မပေး
အာဏာကိုတစ်ရွေးသားမျှအပွန်းအပဲ့မခံ
''နေပြည်တော်''ဆိုတဲ့ စံနန်းတော်ကြီးပဲ
ပေါ်ပေါက်လာခဲ့တယ် အဖရေ။

စစ်အစိုးရနှင့်အတူတကွ
မွေးဖွားတော်မူကြကုန်သောလူတစ်စု
''ခရိုနီ''ဆိုတဲ့အုပ်စုလည်းပေါ်ထွက်လာလေရဲ့။

သူတို့တွေကတော့
တောတွေခုတ် တောင်တွေဖြို
ခရိုနီနဲ့ စစ်နဲ့ပေါင်း
လယ်ယာမြေပေါင်းများစွာသိမ်းဆည်း
ဧရာဝတီမြစ်ကြီးလည်းအသက်ငင်
အဖတို့မြင်လှည့်ပါတော့။

သူတို့ထွက်ပေါက်အတွက်
တရုတ်ကို အရှင်သခင်မြှောက်
သစ်တွေကြိုက်သလောက်ခုတ်
တောင်တွေကြိုက်သလောက်ဖြို
တိုင်းရင်းသူလေးတွေဆိုလည်း ရောင်းစားခံရ
အဖပြောတဲ့''ဖာ'' ဘဝရောက်နေရပါပြီ။
ပြည်တွင်းမှာတော့

တစ်ခါသုံးတစ်ခါပျက် တရုတ်ပစ္စည်းတွေစုပုံ
ဧရာဝတီမြစ်ဆုံကြီးကလည်းမပြတ်သား
တရုတ်နဲ့အိန္ဒိယနိုင်ငံကြီးနှစ်နိုင်ငံကြား
အဖရဲ့သားမြေးတွေရဲ့ဘဝ
လုံခြုံမှုမရသေးတာတော့ အမှန်ပါ။

သူတို့လက်ထက်မှာ
ရွှေဝါရောင်တော်လှန်ရေး
ဘုန်းဘုန်းတို့ရဲ့သွေးနဲ့ခင်းကျင်း
ပြည်တွင်းကသံဃာသတ်ပွဲ
တစ်ခဲနက်ကျင်းပခဲ့ကြသေးတယ်။

လက်ပံတောင်းတောင်အရေးအခင်းမှာလည်း
သံဃာတော်တွေကို မီးလောင်ဗုံးနဲ့ဖြိုခွင်း
အဝီစိတွင်းကိုအနက်ကြီးတူးခဲ့ကြသေးတယ်။

ဒါတင်ဘယ်ကမလဲ
"ဒီပဲယင်း"လုပ်ကြံပွဲ
အဲဒီပွဲမှာ
အဖသမီး"ဒေါ်အောင်ဆန်းစုကြည်"ကို ပစ်မှတ်ထား
တုတ်၊ ဓါး လက်နက်တွေနဲ့ တိုက်ပွဲဆင်
လက်မတင်ကလေး လွတ်မြောက်ခဲ့တာ
အဖသာရှိနေခဲ့ရင်
ဒီကောင်တွေကို အမှုန့်ချေချင်မှာပဲ။

ခုတော့အဖရေ

ဘောင်းဘီချွတ် ပုဆိုးဝတ်တဲ့

လွှတ်တော်ကြီးလည်းပေါ်ပေါက်လာပါပြီ

စည်းကမ်းပြည့်ဝတဲ့ဒီမိုကရေစီဆိုတဲ့

စကားလုံးအသစ်နဲ့

ဒီမိုကရေစီကန့်လန့်ကာကြီးလည်းဖွင့်လိုက်ပါပြီ။

ထွက်လာတဲ့ဝန်ကြီးတွေကတော့

တရုတ်ကိုကြောက်နေရပါတယ်ဆိုတဲ့ ဝန်ကြီး

ထမင်းတစ်နပ်လျှော့စားဆိုတဲ့ ဝန်ကြီး

လျှပ်စစ်တွေကိုပိုလို့ ပြည်ပရောင်းနေရပါတယ်

ဆိုတဲ့ ဝန်ကြီး

ပါးရိုက်ပစ်မယ်ဆိုတဲ့ ဝန်ကြီး

ဗိုက်လှန်ပြတဲ့ ဝန်ကြီး အသီးသီး အရည်အချင်းတွေထုတ်ပြလိုက်ကြတာ ရယ်လည်းရယ်စရာ

ရင်လည်းနာစရာ

ကမ္ဘာ့အလယ်မှာလည်းရှက်စရာ

တိုင်းပြည်ကတော့

နာပြီးရင်းနာရင်း အဖရေ။

အဲ တစ်ခုတော့ရှိရဲ့

အလကားနီးပါးလောက်ရတဲ့ ဖုန်းတွေကို

ကျွန်တော်တို့ရဲ့ အမှောင်ခေတ်မှာ

တစ်လုံးကိုသိန်း ၅၀ ဝန်းကျင်လောက်နဲ့ရောင်းစား

ထားစရာမရှိအောင်ချမ်းသာပြီးမှ

သမ္မတကြီးဦးသိန်းစိန်လက်ထက်

၁၅၀၀ ကျပ်ထက်မကျော်ဘဲ

မဲစနစ်နဲ့ရောင်းပေးတာ

ကျေးရူးပဲတင်ရမလိုလို

(ဟိုတုန်းကပြည်သူတွေအပေါ်

ခေါင်းပုံဖြတ်ရလေခြင်း)ဆိုပြီး



ငိုချင်းပဲချရမလိုလို

ဘယ်လိုခံစားရမှန်းမသိ
ကသိကအောက်တော့အနိုင်သား။

အဖမိုလ်ချုပ်ခင်ဗျာ

လောလောဆယ်မှာတော့

သူတို့တစ်ဖက်သတ်ရေးဆွဲထားတဲ့

၂၀၀၈ ဖွဲ့စည်းပုံထဲက

အများပြည်သူသဘောမတူတဲ့

ပုဒ်မ ၄၃၆

ဒီမိုကရေစီစံနှုန်းနဲ့မညီတဲ့

ပုဒ်မ ၄၃၆

အခြေခံဥပဒေကို လွှတ်တော်ထဲမှာပြင်မရအောင်လုပ်ထားတဲ့

ပုဒ်မ ၄၃၆ ကို ပြပြင်ဖို့အရေး

လူထုနည်းနဲ့တွန်းအားပေးနေပါတယ်။

အဖတို့အာဇာနည်တွေနေထိုင်ရာအရပ်

တာဝတိံသာနတ်ပြည်ကနေ

ကျွန်တော်တို့ပြည်သူတွေအောင်နိုင်ဖို့အရေး

ဆုတောင်းပေးကြပါဦးလို့

တမလွန်အထိလိုက်ပြီး အကူအညီတောင်း

ပြည်သူအပေါင်းက အားကိုး

ရိုကျိုးစွာဦးညွတ်လိုက်ပါတယ်

မြန်မာပြည်ကြီး

ငြိမ်းချမ်းဖွံ့ဖြိုးတိုးတက်သာယာပါစေ။ ။

***



နတ်မောက်ကခုံဖိနပ်စီးတက်လာသူ

ဟုတ်တာကိုပြောင်ပြောတတ်သူ

မှန်တာကိုတဇွတ်ထိုးလုပ်တတ်သူ

ဟန်ဆောင်တာကိုရှုံ့မုန်းတတ်သူ

အပိုတွေလုပ်တာကို မကြိုက်နှစ်သက်တဲ့သူ

အရက်၊ အကြောက် ဂုဏ်သိက္ခာကိုစောင့်ထိန်းတဲ့သူ

ပဲပြုတ်နဲ့ နံပြားကိုအကောင်းစားလိုလုပ်စားသူ

ရပ်ရှင်ကိုတမတ်တန်းကနေအများလိုထိုင်ကြည့်သူ

အကြော်ကို ပလာတာကို လမ်းဘေးမှာပေါ့ပေါ့ပါးပါးထိုင်စားတတ်သူ

အဝတ်အစား လေး၊ ငါးခြောက်ထည်သာလှည့်ပတ်ဝတ်သူ

လူမှုရေးကို လွတ်လပ်ရေးလောက်ဂရုမစိုက်သူ

လူကြီး လူကောင်း လူတော်တွေကို ဂါရဝတရားထားဆက်ဆံသူ

နောက်ဖေးပေါက်ကခိုးဝင်ကျော်တက်ပြီး အခွင့်အရေးတောင်းတဲ့သူတွေကို

မောင်းထုတ်ဖို့ ဇနီးသည်ကိုမှာထားတဲ့သူ

စည်းစိမ်ဉစ္စာကို မမက်မောတဲ့သူ

ရာထူးအာဏာကို မသာယာတဲ့သူ

လက်အောက်ငယ်သားတွေကို ညှာတာထောက်ထားတဲ့သူ

သူ့အသက်ကိုမနှမြောပဲ ပေးဆပ်ဝကွက်ထားသူ

ဂျပန်နယ်ချဲ့နဲ့ အင်္ဂလိပ်နယ်ချဲ့ကို ပြန်ပြီးရန်တိုက်ပေးသူ

ပါးစပ်နဲ့လွတ်လပ်ရေးတောင်းယူမရရင် လက်နက်နဲ့တိုက်ပြီး

တောင်းယူရမယ်လို့ မိန့်ခွန်းခြွေခဲ့သူ

အနီးဆုံးရန်သူကိုခြေမှုန်းဖို့ သွယ်ဝိုက်ပြီးတပ်လှန့်ဆော်သြခဲ့သူ

အရိုင်းလို့ပြောဆိုသမုတ်ပေမဲ့ နှလုံးသားကခွန်အားကြီးမြတ်တဲ့သူ

သူ့အတွက်သက်တော်စောင့်ထားဖို့ လုံးဝငြင်းဆန်ခဲ့သူ

မိမိကံကြမ္မာကို မိမိသာလျှင်ဖန်တီးနိုင်သူ

သူဟာ ဇူလိုင် ၁၉ ရက်နေ့မှာ လုပ်ကြံသတ်ဖြတ်ခံခဲ့ရ

သူဟာတိုင်းပြည်ရဲ့ အကြီးမားဆုံးကြယ်ကြီးတစ်ပွင့်ဖြစ်ခဲ့ရ

ဘယ်ကဲ့သို့သောအရာများစွာနဲ့ ထပ်တူပြည့်သုံးသပ်ပြီး

နှိုင်းယှဉ်သွယ်ဝိုက်အကဲဖြတ်ကြမှာလဲ

ရှားပါးတဲ့ရတနာသိုက်ထဲမှာ ကိန်းဂဏန်းစစ်ဆိုလို့

အနည်းငယ်မျှပမာဏသာ ထူးဆန်းခြားနားစွာပါဝင်နေလို့ပါ

အားကျအတုယူစရာတွေအများကြီးထဲက နာမဝိသေသနများကို

သီးသန့်ရွေးချယ်စစ်ထုတ်လိုက်ရင် 'သူ' ဟာဦးဦးဖျားဖျား

လက်တစ်ဆုပ်စာထဲမှာ ဆန်ခါတင်ပြီးပါဝင်နေတယ်

ခေတ်တွေ စနစ်တွေ လက်ဆင့်ကမ်းစီးဆင်းနေတဲ့ပုံရိပ်များစွာရဲ့

ရေအလျဉ်ထဲမှာ ရေအရှင်ထဲမှာ ကန့်သတ်မှုဘောင်တွေဖျက်ပြီး

သူ၏ရာဇဝင်ဟာခမ်းနားနေတယ်

သူ၏ရာဇဝင်ဟာကြီးမြတ်နေတယ်

သူ၏ရာဇဝင်ဟာအဖိုးဖြတ်လို့မရအောင်ဖြစ်တည်နေတယ်

ထို့ကြောင့် တိုင်းပြည်ရဲ့ကံကြမ္မာကို အဆိပ်သိုက်မြုံကာလွှတ်မြောက်ဖို့

သူ့ရဲ့အဘိဓမ္မာကို ဖုံးဖိထားလို့မရဘူး

သူ့ရဲ့အတ္တုပ္ပတ္တိကို ဘေးချိတ်ထားလို့မရဘူး

သူ့ရဲ့အရေးပါအရာမြောက်မှုကို ချောင်ထိုးထားလို့မရဘူး

သူမရှိပေမဲ့ သူ့ရဲ့ဖွားဖက်တော် ဂုဏ်ရည်ဂုဏ်သွေးအလင်းရောင်ဟာ

မြန်မာ့တိုင်းပြည်ရဲ့ ကောင်းကင်ယံထက်မှာ ထွန်းလင်းတောက်ပြောင်နေဆဲပါ။

။

အိမ့်ဒီဝဏ်



***




မြန်မာမှာ ဘယ်တော့မှ မပျောက်မပျက်တော့တဲ့

ကမ္ဘာ့ကျောက်စာ မဟာကဗျာ

ကိုယ့်မဂ္ဂဇင်းမှာဖော်ပြတဲ့ ဆောင်းပါးတစ်ပုဒ်အတွက်

ကျောင်းထုတ်ခံရတဲ့အထိ တာဝန်ယူရဲတဲ့ စံပြအယ်ဒီတာ

မြန်မာပြည်မှာ (နာမည်မပါရင်)

တစ်ယောက်ပဲရှိတယ်ဆိုတဲ့ ဗိုလ်ချုပ်

'ကြည်

ပဲပြုတ်နှင့် နံပြားရရင်စားချင်တယ်'

ဝါကျတစ်ကြောင်းနဲ့တင် စာရေးဆရာဖြစ်ထိုက်သူ

နှစ်ယောက်မရှိ

တစ်ယောက်တည်းသာရှိတဲ့ လူထုခေါင်းဆောင်

အတူမရှိ

အတုမရှိတဲ့ လွတ်လပ်ရေးဗိသုကာ

အနုပညာဆန်တဲ့

နိုင်ငံရေးသုခမိန်

တပ်မတော်ရဲ့ဖခင်

တိုင်းပြည်ရဲ့ အဖိုးမဖြတ်နိုင်တဲ့ ရတနာတစ်ပါး

လူငယ်တွေအတွက်

အမှန်တရားနဲ့ ရဲရင့်မှုအတွက် စံထားရာ

မြန်မာ့လူ့အဖွဲ့အစည်းရဲ့ မျိုးဆက်တိုင်း

အစဉ် ဦးညွှတ်နေရမယ့် သူရဲကောင်း

ဘယ်တော့မှ မကြွေသောကြယ်

ဘယ်တော့မှ မဝင်သောနေ။ ။

ဆေးခါး

***




လောကမှာ

သတ်လို့မသေတဲ့ အသက်နဲ့လူ

အခါခါအသတ်ခံရသလောက်

အကြိမ်ကြိမ် ရှင်ပြန်ထမြောက်

ဟောကြည့်

အခုဆို သူ့အသက်တစ်ရာတောင်ရောက်ပေါ့။

အသက်တစ်ရာအတွင်းမှာ

အကြိမ်တစ်ရာမက လုပ်ကြံခံခဲ့ရ

သတ်ကွင်းတွေက

စာအုပ်တွေထဲမှာ

ပိုက်ဆံတွေထဲမှာ

သီချင်းတွေထဲမှာ ။

သူ့ကို မမြင်နိုင်အောင်

မှောင်မိုက်ပစ်ကြ။

သူ့ကိုမကြားနိုင်အောင်

ဆွံ့အပစ်ကြ

ခင်ဗျားတို့ ရက်စက်ခဲ့ကြတယ်။

ဗိုလ်ချုပ်ကိုသတ်တော့

အောင်ဆန်းက ခေါင်းထောင်

အောင်ဆန်းကို သတ်ပြန်တော့

တေဇက မော်ကြည့်၊

ခင်ဗျားတို့ လုံးဝမသိတဲ့အချက်က

''ဗိုလ်ချုပ်အောင်ဆန်း''ဆိုတာ

ဘယ်လိုသတ်သတ် မသေတဲ့

''ပြည်သူတွေရင်ထဲက အသက်'' ။

လင်းအောင်ပြည့်

***




လူ့ဘဝ နေထိုင်ခွင့် ၃၃ နှစ်

အနစ်နာခံ ရင်းနှီးမြှုပ်နှံမှုများများ

ဇနီး ၁

သား ၂

သမီး ၁

စာရေးဆရာဖြစ်ရန် ရည်ရွယ်သူ

၂၁ ရာစုမြန်မာ့နိုင်ငံရေးခေတ်ပြောင်းကာလထဲ

သူနဲ့ပတ်သက်သမျှ ဈေးကွက်ဝင်ခဲ့ရပေါ့

ဓါတ်ပုံ

စာအုပ်

သော့ချိတ်

လည်ဆွဲ

ရုပ်တု

သမ္မတအိမ်တော်၌ လျှပ်တစ်ပြက်ချိတ်ဆွဲထားသော

ဓါတ်ပုံ

မိဘပြည်သူများခင်ဗျာ ခေတ်ကြီးထဲ

အိုက်ခမန်းရဲ့ငရဲခန်းဆိုတာ

ပန်းမွှေ့ရာနဲ့ ရွှေကော်ဇောနဲ့

လွှတ်တော်မှာ

ချွတ်ဖော်တွေများလာတဲ့ခေတ်

ပြည်သူချစ်တဲ့ တစ်ဦးတည်းသောမိုလ်ချုပ်ကို

ရောင်းကုန်လုပ်လိုက်ကြတယ်။

ခေတ်ကျပ်ထဲမှာ

ချစ်တတ်ရင် လူရာဝင်သတဲ့။

ဟုတ်ကဲ့

ခုတော့ ကျွန်တော်တို့ဗိုလ်ချုပ်ခမျာ

ခေတ် အသမာတက်ချိန်မှာ

ဈေးကွက်ထဲဝင်ခဲ့ရပါပြီ။

တိုင်းပြည်ဖခင်တဲ့

ရင်နာလိုက်တာ

သူ့ခများ

ပဲပြုတ်နဲ့ နံပြားစားလိုကြောင်း

တောင့်တမှုတစ်ခုကိုသာ

သမိုင်းစာမျက်နှာမှာ ထားရစ်နိုင်ခဲ့ရှာတယ်။ ။

သုလင်းဝေ

***



ခင်ဗျားနှလုံးသားက ဘာနဲ့လုပ်ထားတာလဲဗျ

ဘာဖြစ်လို့ လူပီသတဲ့စိတ်ကို ငယ်ငယ်ကတည်းကရှိလာရတာလဲ

ဘာဖြစ်လို့ ခေါင်းဆောင်တစ်ယောက်ရဲ့စိတ်ဓါတ်ကို ပီပီပြင်ပြင်ပြခဲ့ရတာလဲ

ဘာဖြစ်လို့ ရဲဘော်သုံးကျိပ်လောက်နဲ့ သူများသားရဲတွင်းမှာ စစ်ပညာသင်ဝံ့ခဲ့တာလဲ

ဘာဖြစ်လို့ သူများလူမျိုးကိုခေါ်ပြီး နယ်ချဲ့ကိုမောင်းထုတ်ဖို့တွေးခဲ့တာလဲ

ဘာဖြစ်လို့ မိန့်ခွန်းတွေကို ခပ်ကြမ်းကြမ်းစကားလုံးတွေနဲ့ပြောခဲ့တာလဲ

ဘာဖြစ်လို့ ဗိုလ်ချုပ်တစ်ယောက်ဖြစ်ပြီး ထည်ထည်ကြီးမနေခဲ့တာလဲ

ဘာဖြစ်လို့ အစ်ကိုဖြစ်သူကို မိန်းမတောင်းခိုင်းခဲ့တာလဲ

ဘာဖြစ်လို့ သမီးလေးအတွက်နားကပ်ဖိုးကို အမေအိုဆီမှာ သွားတောင်းခဲ့ရတာလဲ

ဘာဖြစ်လို့ ကိုယ့်မိသားစုကို ရွှေငွေအဆောင်အယောင်တွေနဲ့ မထားခဲ့တာလဲ

ဘာဖြစ်လို့ ဆင်းရဲတဲ့ပြည်သူတွေကို ခင်ဗျားအနွေးထည်ချွတ်ပေးခဲ့တာလဲ

ဘာဖြစ်လို့ ရုပ်ရှင်ကိုငါးမူးတန်းက သွားကြည့်ခဲ့တာလဲ

ဘာဖြစ်လို့ အကောင်းစားကားတွေမစီးဘဲ ရုံးကိုခြေလျင်သွားခဲ့ရတာလဲ

ဘာဖြစ်လို့ ပဲပြုတ်နဲ့ နံပြားစားချင်ခဲ့ရတာလဲ

ဘာဖြစ်လို့ အမိန့်တွေ အာဏာတွေ မသုံးခဲ့တာလဲ

ဘာဖြစ်လို့ လုပ်ကြံမယ်ဆိုတဲ့သတင်းကို ဂရုမစိုက်ခဲ့တာလဲ

ဘာဖြစ်လို့ သက်တော်စောင့်တွေကို ပြန်ခိုင်းခဲ့တာလဲ

ဘာဖြစ်လို့ ခင်ဗျားအသက်က အဲဒီလောက်တိုခဲ့ရတာလဲ

ခင်ဗျားနှလုံးသားက ဘာနဲ့လုပ်ထားတာမို့လို့လဲ

နောက်လူတွေလိုက်မမီတာ အဲဒီနှလုံးသားကြောင့်လား

နောက်လူတွေ ခင်ဗျားကို သူပုန်လိုသဘောထားခဲ့ကြတာ အဲဒီနှလုံးသားကြောင့်လား

သူများတကာလုပ်ကြံပြီး အသေသတ်တာတောင် အခုထိမသေခဲ့တာ

အဲဒီနှလုံးသားကြောင့်လား

အဲဒီနှလုံးသားကြောင့်လား ကျုပ်တို့နှလုံးသားထဲမှာ အမြဲတမ်း

ရှင်သန်နေတာ။ ။

ညီခိုင်ဘုဏ်း

***



အမုန်းဆို သေတဲ့လူရှေ့ထားပြီး

အသက်ရှင်ကျန်ရစ်သူကို ဝင့်ကြွတ်တယ်ပြောရတာ

နည်းနည်းတော့ ရက်စက်ရာကျနေမလား

ဒီလိုကိစ္စဖြစ်လာရင် အလေ့ကျအပေါစား စကားလုံးတွေနဲ့

လိုအပ်ရင် ရင်ဘတ်စည်တီးမြည်ဟည်းပြီး

ဆွဲမနိုင် ရုန်းမရ ငိုပွဲကျင်းပတဲ့သူတွေထဲ

ကျွန်တော်မပါချင်ဘူး ကိုအောင်ဆန်း

ဘာထူးမှာလဲကွာ ငါ့ရဲ့အပြန်ခရီးက

ဆိုင်းမဆင့်ဗုံမဆင့် တကယ့်ကိုငြိမ့်ငြိမ့်ကလေးဖြစ်ခဲ့ရင်

ငါ့ရဲ့ရင်ဘတ်ပေါ် မင်းရဲ့ကဗျာတစ်ပုဒ်သိပ်

တိတ်တိတ်ကလေး ငါထွက်သွားချင်ခဲ့တာ

ကဗျာ တကယ်ပါပဲကွာ

သေခြင်းတရားဆိုတာ ငါ့ရဲ့လက်တစ်ကမ်းမှာမဟုတ်လေတော့

လုပ်ကြံညစ်ပတ်မှုက သွားလေရာကပ်ပါလာစမြဲပဲ

ကဗျာ ငါ့ရဲ့အိမ်ပြန်ခရီးမှာ

မင်းရဲ့နာကျင်ကြေကွဲစေမယ့် အသံလှိုင်းကွဲအက်ခြောက်သွေ့တဲ့ငိုကြွေးသံ

အဲဒီလိုအရာမှန်သမျှရုပ်သိမ်း

ငါ့ရဲ့နောက်ဆုံးမြေနေရာလေးမှာ

နွားကျောင်းသား ဆိတ်ကျောင်းသားလေးတွေရဲ့

အညာတေးသွားမှာ ပူးကပ်

ထူးခြတ်မထားတဲ့ သံသရာခရီးကိုကျင်လည်ခွင့်ရရင်

ဒီမယ် ကဗျာ

အောင်ဆန်းဆိုတဲ့ငါ ကျေနပ်တယ်။ ။

မိုးနှင်းသစ်(အောင်လံ)

***




လူကိုသတ်လို့ရပေမဲ့

နာမည်ကိုသတ်လို့မရဘူး

သမိုင်းကိုသတ်လို့မရဘူး။

လူကိုမီးရှို့လို့ပြာကျပေမဲ့

နာမည်ကိုမီးရှို့လို့ပြာမကျဘူး

သမိုင်းကိုမီးရှို့လို့ပြာမကျဘူး။

လူသေသွားပေမဲ့

နာမည်မသေဘူး

သမိုင်းမသေဘူး။ ။

မိုးဟိန်းထက်

၁၂၂ မိုလ်ချုပ်ရာပြည့်အထိမ်းအမှတ်

အာရှအလင်း

***



အမြုတေဆိုတာ

ကိုယ်တိုင်မသေသလို

သူ့ကိုဆောင်သူတွေပါ

မသေအောင်ကူပသလိုမျိုး

အောင်ဆန်းဟာ အမြဲတဖြစ်ခဲ့။

ဗုဒ္ဓဘာသာတို့အတွက်

သိဒ္ဓတ္ထဟာ မသေသလိုမျိုး

မြန်မာတို့အတွက်

အောင်ဆန်းဟာမသေဘူး။

ဗုဒ္ဓဘာသာတို့အတွက်

သိဒ္ဓတ္ထဟာ ချိုးကျိုးမကုန်သလိုမျိုး

မြန်မာတို့အတွက်

အောင်ဆန်းဟာ ချိုးကျိုးမကုန်ဘူး။

'လုပ်ရဲမှ သတ္တိမဟုတ်ဘူး

ခံရဲတာလည်း သတ္တိ' တဲ့

နိုင်ငံရေးလုပ်မယ်ဆိုတော့

'သွေးပူတဲ့အချိန်

သေရတာ လွယ်ပေမဲ့

သွေးအေးအေးနဲ့သေရတာ

မလွယ်ဘူး' တဲ့

'သွေးအေးအေးနဲ့သေရဲဖို့

သုံးနှစ်ကျင့်ခဲ့ရတယ်' တဲ့

အဲဒီအကြောင်းဖတ်ရတော့

ကျောက်တုံးကျောက်ခဲကြီး ငါ့မှာ

မျက်ရည်ဝဲရတယ်

တရားသောစစ်ကို

အောင်ဆန်းရွေးခဲ့တယ်

အာဇာနည်တို့ရဲ့ အနစ်နာခံမှုမျိုးနဲ့

'ရဲသော်မသေ သေသော်ငရဲမလား' ဆိုတာ

အောင်ဆန်းအတွက်

ဘယ်လိုမှ သတ်လို့မသေတဲ့

လက်ရုံးရည် နှလုံးရည်နဲ့ ဂုဏ်ကျေးဇူးတွေ

အာဇာနည်ပြဋ္ဌာန်းစာအုပ်ဖြစ်ခဲ့

လူသားပြဋ္ဌာန်းစာအုပ်ဖြစ်ခဲ့

အမြဲတေဖြစ်ခဲ့ပေါ့။ ။

ဆောင်းခူးလက်

***



လွတ်လပ်ခြင်းက

နွေဦးကို သင်္ခါရတရားနဲ့ အလဲအထပ်ယူတယ်။

နီစွေးနေတဲ့စာမျက်နှာဟောင်းထဲ

ဆို့နစ်ကြေကွဲဖွယ်အကျပ်အတည်းက မေ့ဆေးပေးဖို့မလိုဘူး။

၁၃ ဂဏန်းက ဗီးနစ်ငှက်ရဲ့ရှင်သန်ခြင်းမျိုးနဲ့

သွေးပြန်ကြောထဲအစဉ်နိုးတယ်။

ဒါ

ကြယ်ရောင်စုံတွေဝန်းရံထားရင်း သမိုင်းအဆက်ဆက်ဆိုနေရတဲ့ သီချင်း

လေလှိုင်းထဲမှာ တုန်ခါရိပ်တွေ လွှမ်းနေပြီ။

ကိုယ်တိုင်ပျိုးခဲ့တဲ့ပင်စည်ဟာ

နတ်ဆိုးများရဲ့ရယ်သံတွေထဲ မြေပုံကိုငါးပါးမှောက်ခဲ့။

အထင်အရှားသမိုင်းဝင်အမှတ်အသားကိုအသက်နတ်လို့

သမိုင်းဟာသွေးဖြစ်သွားတဲ့အခါ ထွေးထုတ်ရတဲ့အရသာငန်ကျိကျိ။

စင်းနေတဲ့ရနံ့တွေ သွေးကြောထဲလွတ်လပ်စွာစီးမျောလို့

ငါတို့ရဲ့နှလုံးသားကိုထုတ်ချင်းခတ်သွားတဲ့ မိုးစက်မြားတံတွေ

ခြေချခံသဇင်နွယ်များ ရင့်ကျက်ခြင်းမှာ နာကျင်တတ်ပြီ။

နွေဟာ လေရိုင်းတွေနဲ့လွန်ကဲနေ

မိုးတိမ်တွေခကောင်းပြီး မုန်တိုင်းဆင်လို့ရွာတယ်

ပြိုဆင်းလာတဲ့မျက်ရည်ထဲမှာ စနစ်ဆိုးတွေရေမျောကမ်းတင်

ကမ်းပျက်လို့ ပြိုဝင်နေတဲ့ မှတ်တမ်းများနဲ့

အသားစားကျူးသူတွေပိုးမွေးနေရတဲ့အစွယ်

အရှုးအနမ်းကြယ်အိပ်မက်

ရှမ္မက်ကိုကျောပိုးထားတဲ့ သံသရာလည်တစ္ဆေဆိုး

တုပထားတဲ့နာမည်ခေါ်သံအမြောက်အမြား

ဒါနတ်သုဒ္ဓါယောင်ဆောင်ထားတဲ့ မစင်တွင်း။

အခု အလင်းအိမ်တွေ အမှောင်မိုးထဲသည်းလာပြီ

ပုံဖျက်ထားတဲ့ ဆေးမည်းသမိုင်းတွေကွာကျလို့

စိန်ပွင့်သားလို အရောင်မပါတဲ့အပြုံးထဲ

နိုင်လိုမင်းထက်တွေ ဖေဖော်ဝါရီကို ရှုံးပြီ။ ။

ကေဇော်မိုး

***



၁၉၁၅ ကိုဆွဲအဖွင့်

ဖေဖော်ဝါရီ ၁၃မှာ

အံ့စာတုံးကလေးတစ်တုံး ထွက်ကျလာတယ်

အဲဒီအံ့စာတုံးကလေးမှာ

တစ်ဖက်က ရိုးသားခြင်းကိုထုဆစ်ထားတယ်

တစ်ဖက်က ဖြူစင်ခြင်းကို ဖွင့်ဆိုထားတယ်

တစ်ဖက်က ရဲရင့်ခြင်းကို ရိုက်နှိပ်ထားတယ်

တစ်ဖက်က ညှာတာခြင်းကို သွန်းလောင်းထားတယ်

တစ်ဖက်က ကိုယ်ကျိုးစွန့်ခြင်းကို ထွင်းထည့်ထားတယ်

တစ်ဖက်က အနစ်နာခံခြင်းကို ရေးထိုးထားတယ်

အဲဒီအံစာတုံးကလေးရဲ့လည်ပတ်မှုတိုင်းမှာ

သူ့ကျွန်မခံတဲ့ စိတ်ဓါတ်တွေပါတယ်

အနိုင်မခံအရှုံးမပေးတဲ့သတ္တိတွေပါတယ်

လွတ်လပ်မှုကို ချစ်မြတ်နိုးတဲ့ တန်ဖိုးတွေပါတယ်

အမှန်တရားကို ဆုပ်ကိုင်ထားတဲ့ ယုံကြည်ချက်တွေပါတယ်

ကိုယ့်မြေကိုယ့်ရေကို ကာကွယ်တဲ့ သစ္စာတရားတွေပါတယ်

ကိုယ့်သွေးကိုယ့်သားကို

စောင့်ရှောက်တဲ့ မေတ္တာတရားတွေပါတယ်

အဲဒီအံစာတုံးကလေးရဲ့ သက်ရောက်မှုတိုင်းမှာ

ပျော့ညံ့တယ်ဆိုတာ ဘယ်တော့မှမရှိဘူး

ကြောက်ရွံ့တယ်ဆိုတာ ဘယ်တော့မှမရှိဘူး

နောက်ဆုတ်တယ်ဆိုတာ ဘယ်တော့မှမရှိဘူး

သွေးကြောင်တယ်ဆိုတာ ဘယ်တော့မှမရှိဘူး

ဒူးထောက်တယ်ဆိုတာ ဘယ်တော့မှမရှိဘူး

အညံ့ခံတယ်ဆိုတာ ဘယ်တော့မှမရှိဘူး

အဲဒီအံစာတုံးကလေးဟာ

လွတ်လပ်ခြင်းရဲ့သင်္ကေတလည်းဖြစ်တယ်

တရားမျှတမှုရဲ့ ရှေ့ဆောင်လမ်းပြလည်းဖြစ်တယ်

သူရဲကောင်းရဲ့ အရည်အသွေးလည်းဖြစ်တယ်

ခေါင်းဆောင်မှုရဲ့ ပြယုဂ်လည်းဖြစ်တယ်

ဇွဲ လုံ့လ ဝီရိယရဲ့ အဓိပ္ပာယ်လည်းဖြစ်တယ်

စွန့်လွှတ်စွန့်စားခြင်းရဲ့ အမှတ်အသားလည်းဖြစ်တယ်

အဲဒီအံစာတုံးကလေးကို

မျက်နှာဖြူတွေလည်း ခေါက်ကြည့်ခဲ့တယ်

ဖက်ဆစ်တွေလည်း ခေါက်ကြည့်ခဲ့တယ်

လက်ပါးစေတွေလည်း ခေါက်ကြည့်ခဲ့တယ်

ဘယ်အချိန်ခေါက်ခေါက်

ဘယ်နေရာခေါက်ခေါက်

အဲဒီအံစာတုံးကလေးက

အသံတစ်သံတည်းထွက်တယ်

"ငါ့နိုင်ငံကိုလာမထိနဲ့" တဲ့ ။ ။

အောင်ကိုကိုလတ် (တမူး)

***




တစ်ယောက်တစ်ခေတ်ရှိပေမဲ့

တစ်ခေတ်မှာတစ်ယောက်တည်းပဲ

သံမဏိစိတ်ဓါတ်ကိုမွေး

အသက်ကိုပေး

ပြီးတော့ အသက်တွေသွင်းပေးခဲ့တယ်။

မြတ်လို့ နိုင်ငံရေးလုပ်တာမဟုတ်

ငတ်ငတ်ပြတ်ပြတ် နိုင်ငံရေးလုပ်ခဲ့ရတဲ့ ဗိုလ်ချုပ်

အိုးမရှိခဲ့ အိမ်မရှိခဲ့။

ခေါင်းဆောင်လုပ်ခဲ့တယ်

ခေါင်းမရှောင်ခဲ့၊ ခေါင်းထောင်ခဲ့

ဗိုလ်လုပ်ခဲ့တယ်၊ ဗိုလ်မကျခဲ့

မှန်တာလုပ်ပြီး ဟုတ်တာပြောတဲ့ဗိုလ်ချုပ်

ဘယ်လိုပဲဘုကျဘုကျ

သူ့ဗီဇက တစ်မျိုးချစ်စရာကောင်းခဲ့တယ်။

ချွေးနဲ့ရင်းပြီး သွေးနဲ့ရေးတဲ့မော်ကွန်းထဲ

ကမ္ဘာမှာ မြန်မာဟာ လွတ်လွတ်လပ်လပ်

အလံလွှင့်ထူနိုင်ခဲ့တယ်။

သေသောသူ ကြာရင်မေ့တဲ့

ဒါပေမဲ့

ငါတို့ရင်မှာ ဘယ်တော့မှမသေဆုံးဘူး

လူ့ပြည်မှာ ၃၂နှစ်တဲ့

သူ့သမိုင်းဟာ လှပပျိုမြစ်ခဲ့တယ်။

သူ့တစ်ကိုယ်လုံး ငါတို့အသွေးအသားထဲထိ

ဖုံးအုပ်ထားကြမယ်

ကဲ မိတ်ဆွေတို့

အရေးကြီးရင် သွေးနီးကြတာပေါ့ဗျာ။ ။

နေဝန်းသစ်

***




အောင်ဆန်းဗိုလ်ချုပ် အလုပ်လုပ်ခဲ့

တိုက်ထုတ်ကျူးကျော် ပြည်ပနော်လေ

တိုင်းမော်ပြည်ချစ် ပြည်သူ့နှစ်။

ဦးဖာ ဒေါ်စု သန္ဓေပြုခဲ့

တိုင်းထုပြည်သား သူ့ချစ်အားတွေ

မြန်သားပြည်သူ လွတ်လပ်မှု။

တကြ ရန်ကုန် စုန်ဆန်သူမျော

စီးမျောစာပေ သူရှာဖွေခဲ့

တွေ့လေအုပ်ချုပ် မင်းသရုပ်ကို

အပုပ်စိတ်ဓာတ် မယောင်အပ်ပါ

သပ်ခပ်စနစ် သူတွက်လှစ်သား

ကျစ်လစ်ဖွဲ့သည် သုံးကျိပ်မည်။

လွတ်လပ်မြန်မာ ပြည်သာယာဖို့

သူ့မှာသွေးချွေး ပေး မနေးခဲ့

သူ့သွေးစက်များ နှလုံးသားကို

အများပြည်သူ ပေးဆက်ထူသည်

မြန်မှုစိတ်ဓာတ် ပန္နက်အပ်။

တို့ရဲ့ဗိုလ်ချုပ် အလုပ်လုပ်သည်

စည်းအုပ်ကမ်းညီ မြန်တိုင်းပြည်တွက်

ပ မည်လွတ်လပ် ဒု တ မှတ်ကာ

ချန်လှပ်ကိုယ်ရေး ပယ်မနေးဘဲ

ခွင့်ရေးဆိုတာ မရှိပါလေ

များရှာပြည်သူ တိုင်းထုလူသား

ငြိမ်းချမ်းအားကို သူကားရှေးရှု

သည်းအူထုထည် ပေးဆပ်ကွယ်သည့်

မပယ်သမိုင်း စဥ်တံတိုင်း။ ။

ဝေယံမိုးခိုင်(မန်း)

***



ငါတို့ကောင်းကင်က နေတစ်စင်း

ဖေဖော်ဝါရီ ၁၃မှာ စ လင်းတယ်

မော့ကြည့်လိုက်တိုင်း

အနွေးဓါတ်နဲ့ အလင်းဓါတ်ပေး

လွတ်လပ်ခြင်းကိုလည်း

စတင်မွေးဖွားပေးခဲ့တယ်။

ခန္ဓာကိုယ်ထဲမှာ တပူပူ တနွေးနွေးငါ့ခန္ဓာရဲ့

အသက်သွေးကြောတိုင်းမှာ

အမြဲတမ်းစီးဆင်းနေမယ်

မေ့ဖျောက်ခိုင်းလိုက်ရင်

ငါတို့သေဆုံးသွားမှရမယ်

အဲဒါ .. . . သခင်အောင်ဆန်း . . .

ဗိုလ်ချုပ်အောင်ဆန်း .. . .

မြန်မာပြည်ပြယုဒ်

အမိန့်အာဏာအောက်မှာ

အသေသတ်ခံထားခဲ့ရတဲ့ပုံရိပ်

ငါတို့နှလုံးသားမှာ

တစ်ပင်လုံးမွှေးအောင် ပွင့်ခဲ့တယ်

စစ်အာဏာရှင်သန္ဓေဆိုးက

ပြည်သူ့အသွေးအသားထဲ

လောက်တစ်ကောင်လို အော့ချင်စရာဝင်ရောက်

ပင်မသွေးကြောထဲက တို့ဗိုလ်ချုပ်ကိုဖောက်ထုတ်ဖို့ကြံခဲ့ကြ

၁၉၆၂ မှာ အရိပ်မည်းမည်းတွေစတင်လို့

နေမင်းကို လ ငပုတ်ကွယ်

ဗိုလ်ချုပ်အောင်ဆန်းကို ဇာတ်မြှုပ်ဖို့ဖန်ခဲ့ကြ

ပြည်သူတွေက

ဦးနှောက်ဖောက်ထုတ်ခံထားရတဲ့

သားကောင်တွေဖြစ်ခဲ့ရင်တောင်

နှလုံးသားတွေက ဖေဖော်ဝါရီ ၁၃ ရောက်တိုင်း

ဇူလိုင် ၁၉ ရောက်တိုင်း

အလိုလိုဦးညွှတ်လာတယ်

အလိုလိုရိုကျိုးလာတယ်

မချိတင်ကဲ တမ်းတကြတယ်။

ငါတို့သခင်

ငါတို့ခေါင်းဆောင်

ငါတို့ဗိုလ်ချုပ်ဆိုတာ

မြန်မာပြည်တည်ရှိနေသရွေ့

မိုးတိမ်အုပ်လည်းအမြဲထွန်းလင်း

ကမ္ဘာပျက်တောင်ရှိနေမယ့်

နေတစ်စင်း။ ။

ရွှေပိုးအိမ် (ပဲခူး)